ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**သီလရှိသူ၊ တရားရှိသူ**

ပညာရှိမည်သည် မိမိအကြောင်းကြောင့်ဖြစ်စေ၊ သူတစ်ပါး အကြောင်းကြောင့်ဖြစ်စေ မကောင်းမှုကိုမပြု။ မကောင်းမှုဖြင့် သားသမီး၊ ဥစ္စာ၊ တိုင်းပြည် အလိုမရှိရာ။ မတရားမှုဖြင့် မိမိ၏ ပြည့်စုံမှုကို အလိုမရှိရာ။ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်မျိုးသည် သီလရှိသူ၊ ပညာရှိသူ၊ တရားရှိသူ ဖြစ်၏။ ပညာရှိသူတော်ကောင်းတို့သည် မည်သည့်အကြောင်းကြောင့်ဖြစ်စေ မကောင်းမှုကို ဘယ်အခါမှ မပြုလုပ်ချေ။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၄)

၁၃၇၈ ခုနှစ် ဝါခေါင်လဆန်း ၄ ရက်၊ တနင်္ဂနွေနေ့။ 7, Sunday August 2016 (၈၆၄၆)

# လမ်း၊ တံတားများ ရေရှည်တည်တံ့ခိုင်မြဲရေး အသုံးပြုသူများအနေဖြင့် သတ်မှတ်ခံနိုင်ဝန်အတိုင်း အသုံးပြုရန်လို ဝန်ကြီးဌာနကလည်း လမ်း၊ တံတားများကို သက်တမ်းပြည့်အသုံးပြုနိုင်ရန် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဩဂုတ် ၆**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် အဓိကကျပါကြောင်း၊ ပြည်သူများသွားလာရေး လွယ်ကူအဆင်ပြေစေရေး ကုန်စည်စီးဆင်းမှုသွက်လက်မြန်ဆန်ရေးတို့အတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် နိုင်ငံတော်အစိုးရမှ ဘဏ္ဍာငွေအမြောက်အမြားအကုန်အကျခံလျက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူပြီး လမ်း၊ တံတားများကို တည်ဆောက်ပေးလျက်ရှိရာ အဆိုပါ လမ်း၊ တံတားများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လမ်း၊ တံတား အသုံးပြုသူများအနေဖြင့် သတ်မှတ်ထားသည့် ခံနိုင်ဝန်အတိုင်း အသုံးပြုရန် လိုအပ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြစ်ကူးတံတားကြီး ကိုးစင်းတွင် ဖြတ်သန်းသွားလာနေသော တန်ပိုယာဉ်ကြီးများနှင့်ပတ်သက်၍ ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ Prime Hill Business Square အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အဓိကကျသည့် တံတားကြီး ကိုးစင်းအား ရေရှည်အသုံးပြုနိုင်အောင် စနစ်တကျထိန်းသိမ်းသွားကြရန်အတွက် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❋**



ဘိုကလေးမြို့အဝင်ရှိ နတ်ချောင်းတံတားတည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

# နတ်ချောင်းတံတားသစ်တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုချောမွေ့စေမည်

**ဘိုကလေး ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် အတွင်းရှိ နတ်ချောင်းတံတားသစ်ကို ဆောက်လုပ်ရေး ဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၆)မှ တာဝန်ယူတည်ဆောက်လျက်ရှိရာ လက်ရှိအခြေအနေတွင် ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါတံတား တည်ဆောက်ရေးလုပ်ငန်းခွင်မှ အင်ဂျင်နီယာ ဦးသိန်းထိုက် (ဦးစီးအရာရှိ-မြို့ပြ)က ပြောသည်။ နတ်ချောင်းတံတားကို ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် မတ် ၅ ရက်တွင် စတင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ရာနှုန်းပြည့်ပြီးစီး နေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ တာဝန်ယူတည်ဆောက်ရတဲ့အပိုင်းဖြစ်တဲ့ တံတားတည်ဆောက်မှုကတော့ ရာနှုန်းပြည့်ပြီးစီးသွားပါပြီ။ လမ်းဦးစီးဌာနက ဆောင်ရွက်နေတဲ့တံတားနဲ့ ချိတ်ဆက်မယ့် ချဉ်းကပ်လမ်းလုပ်ငန်းဆောင်ရွက်မှုပြီးသွားရင် ဖွင့်ပွဲကျင်းပပြီး အသုံးပြုလို့ရပါပြီ။ ဒီဒေသက ဒီရေအတက်အကျရှိတဲ့ ဒေသလည်းဖြစ်၊ မိုးရာသီလည်းဖြစ်တော့ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ ခက်ခဲပင်ပန်းမှုရှိပေမယ့် အများသူငါ သွားလာကြမယ့်တံတားဖြစ်တဲ့အတွက် တာဝန်အပေါ်မှာ စေတနာပါစိုက်ထည့်ပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့တာပါ"ဟု တံတားအထူးအဖွဲ့(၁၆)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်သစ်သစ်အောင်က ပြောသည်။

အဆိုပါတံတားအား ရေလမ်းကင်းလွတ်အမြင့် ၄ ဒသမ ၅ မီတာ၊ ရေလမ်းကင်းလွတ်အကျယ် ၆၁ မီတာ၊ တံတားခံနိုင်ဝန် ယာဉ်တစ်စီးချင်း တန် ၆၀ တွက်ချက်ထားရှိကာ ပြည်ထောင်စုရန်ပုံငွေမှ တံတားတစ်ခုတည်း စီမံကိန်းတန်ဖိုး ခွင့်ပြုငွေကျပ်သန်း ၁၈၁၀ အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနတ်ချောင်းတံတားက ကျွန်တော်တို့ ဘိုကလေးမြို့နယ်တစ်ခုတည်းတင် အကျိုးပြုပေးနေတာမဟုတ်ပါဘူး။ ရန်ကုန်၊ မအူပင်၊ ကျိုက်လတ်၊ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ဖျာပုံ စတဲ့ ဒေသများစွာကနေ ဘိုကလေး၊ ပေချောင်း၊ သာပေါင်း၊ ကြိမ်ချောင်းကြီး၊ ကဒုံကနီ၊ မော်ကျွန်း စတဲ့ ဒေသများစွာအတွက်ပါခရီးသွားလာရေး ကုန်စည်စီးဆင်းမှုနဲ့ ဒေသဖွံ့ဖြိုးရေးအတွက်ပါ များစွာအကျိုးပြုနေတာဖြစ်ပါတယ်။ အခုလိုတံတားသစ်ကြီး တည်ဆောက်ပြီးသွားတော့ ယခင်ကထက်ပိုပြီး လမ်းပန်းဆက်သွယ်ရေး **စာမျက်နှာ ၃ ကော်လံ ၄ သို့ ❋**



# ကြေးမုံ

## မြန်မာ့ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးဟူသည်. . .

မြန်မာလူမျိုးတို့ မိမိတို့ကိုယ်ကို အထူးတလည်ဂုဏ်ယူလေ့ရှိသော အချက်တစ်ချက်မှာ ယဉ်ကျေးမှုဖြစ်သည်။

မြန်မာတို့၏ ယဉ်ကျေးမှုက အထူးကြွယ်ဝ၏။ အထူးပြည့်ဝသည်ဟူ၍ ယူဆကြ၊ ယုံကြည်ကြ၏။

ယဉ်ကျေးမှုဆိုရာ၌ ဆုပ်ကိုင်၍ရသော အကောင်အထည်နှင့် ဖော်ပြပြောဆို၍ရသော ယဉ်ကျေးမှုများ မြန်မာနိုင်ငံတွင်းမှာ ပေါများသကဲ့သို့ ဆုပ်ကိုင်၍ မဖော်ပြနိုင်သော ယဉ်ကျေးမှုများလည်း အထူးပြည့်စုံသည်ဟု မြန်မာတို့ ယုံကြည်ကြ၏။

ဆုပ်ကိုင်၍ရသော ဆိုသည်မှာ (tangible) ဘုရားစေတီ ပုထိုးများ၊ သာသနိက အဆောက်အအုံများ၊ ဝတ်စားဆင်ယင်မှုပုံစံ စသည်တို့ဖြစ်ပြီး ဆုပ်ဆုပ်ကိုင်ကိုင် မဖော်ပြနိုင်သည့် (intangible) ဓလေ့ထုံးတမ်း အနေအထိုင် အပြောအဆို စသည့်ယဉ်ကျေးဖွယ်ရာမှုတွင်လည်း မြန်မာတို့က အလွန်ယဉ်ကျေးကြသူများအဖြစ် မိမိကိုယ်ကို ဂုဏ်ယူလေ့ရှိကြ၏။

မြန်မာတို့သည် ယဉ်ကျေးသည်။ ဖော်ရွေသည်။ စိတ်ထား ကောင်းမွန်သည်။ သူတစ်ပါးအပေါ် ကူညီလိုစိတ်ရှိသည်။ မိမိကိုယ်ကျိုးကိုပင် ပဓာနမထားဘဲ အခြားသူ၏အကျိုးကို လိုလားတတ်ကြသည်။ အားနာတတ်သည်စသည်ဖြင့် မိမိတို့လူမျိုး၏ ယဉ်ကျေးဖွယ်ရာမှုတို့ကို ဖော်ထုတ်ကြလေ့ရှိ၏။

သည်လို ယဉ်ကျေးမှုနှင့် ပတ်သက်၍ ဂုဏ်ယူနေကြသည့် မြန်မာလူမျိုးတို့သည် ခေတ်ဆိုးကာလရှည်တစ်ခုကို ဖြတ်သန်းခဲ့ကြပြီးသည့်အခါတွင် ယဉ်ကျေးမှုစံနှုန်းတို့ လျော့ပါးလာခဲ့ကြပြီဟု မြင်မိပါ၏။

အခွင့်အရေးရသူနှင့် မရသူတို့ကြားမှာရှိသည့် အလွန်အမင်းကွာဟသည့် တန်းတူမညီမျှမှုများ၊ အင်အားကြီးသူက အင်အားနည်းသူတို့ကို နိုင့်ထက်စီးနင်း ဖိနှိပ်ချုပ်ခြယ်မှုများ၊ ငွေများတရားနိုင် အာဏာရှိသူ တရားနိုင်စသည်ဖြင့် တရားဥပဒေကို အားမကိုးရမှုများ အပါအဝင် ဥပဒေမစိုးမိုးမှုများ၊ နေရာတကာတွင် လာဘ်ပေးလာဘ်ယူမှုများ၊ အဂတိလိုက်စားမှုများက အမြစ်တွယ်လွှမ်းခြုံထားမှုများစသည့် အခြေအနေများအောက်တွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြရသည့်အတွက် ကျင့်ဝတ်သိက္ခာကို အလေးဂရုမပြုဖြစ်လာသည့် အလေ့အထတို့ကြားတွင် မိမိတို့ကိုယ်ကို ယဉ်ကျေးကြပါရဲ့လားဟူ၍ မေးခွန်းထုတ်ကြည့်ရမည့်အချိန်ရောက်ပြီဟု ထင်မိပါသည်။

အထူးသဖြင့်မူ မြို့ပြလူမှုပြဿနာများ၏ ဖိစီးမှုများအောက်တွင် ခါးစည်းနေကြရသော ပြည်သူတို့ကြားမှာ ယဉ်ကျေးဖွယ်ရာမှုဆိုသည်ကို မေ့လျော့ထားနေရသလို ဖြစ်နေသည်။

မိမိတို့ ဂုဏ်ယူနေကြသော ယဉ်ကျေးမှုအတွက် မိမိတို့ဘာသာပြန်လည်စိစစ်ကြည့်သင့်ကြပြီဟု ယူဆပါ၏။ ဥပမာအနည်းငယ်ကို ထုတ်နုတ်ကြည့်ခြင်းဖြင့် ဆန်းစစ်ကြည့်နိုင်ပါမည်။

ကျပ်တည်းလှသော ဘတ်စ်ကားများပေါ်မှာ မိမိနေရာ တစ်နေရာရဖို့အတွက် အားနည်းသူသော၊ ကိုယ်ဝန်ဆောင်သော၊ သံဃာတော်သော မချန်နိုင် တွန်းထိုးတိုးတိုက်နေကြသည့် ဘတ်စ်ကားစီးယဉ်ကျေးမှု။

မိမိခံတွင်းမှထွက်လာသည့် အညစ်အကြေး သလိပ်၊ တံတွေးတို့ကို အလွယ်တကူ အများပြည်သူသွား စင်္ကြံလမ်းများပေါ် ထွေးချနေခြင်းမှာ ဘာမှမထူးခြားတော့သလိုဖြစ်နေသည့် တံတွေးနှင့် ကွမ်းတံတွေးယဉ်ကျေးမှု။

မနေ့တစ်နေ့က မိမိနိုင်ငံအသင်း နိုင်လိုစိတ်ဖြင့် အားပေးကြရာမှ အကြမ်းဖက်ကြ၊ ခုံများ ရိုက်ချိုးကြ၊ အော်ဟစ် ဆဲဆိုမာန်မဲကြ၊ ရန်လိုကြစသည့် ဘောလုံးပွဲအားပေးသည့် ယဉ်ကျေးမှု စသည်။

အနည်းငယ်မျှသော ထိုဥပမာတို့ကို ကြည့်လျှင်ပင် မိမိတို့ကိုယ်မိမိ ပြန်လည်ဆန်းစစ်သင့်ကြပြီဟု မြင်မိပါ၏။ ယဉ်ကျေးမှု၏ အခြေခံသဘောထားမှာ မိမိကြောင့် အခြားသူများကို ကိုယ်စိတ်နှစ်ပါး အနှောင့်အယှက်မဖြစ်ရေး၊ မိမိအတွက်ကြောင့် သူတစ်ပါး၏ ကိုယ်စိတ်နှစ်ပါး ထိခိုက်နစ်နာမသွားရေးတို့က အခြေခံဖြစ်သည် မဟုတ်ပါလား။

ခေတ်ပြောင်းခေတ်လွဲတစ်ခုကို ရှေးရှုဖြတ်သန်းနေကြချိန်တွင် မိမိတို့၏ မူလအခြေခံကောင်းခဲ့သော မြန်မာ့ယဉ်ကျေးမှုစံနှုန်းများကို ပြန်လည်ဆန်းစစ်ကာ ဂရုစိုက်ပြုပြင်တည်ဆောက်ခြင်းဖြင့် စစ်မှန်ငြိမ်းချမ်းသည့်ဘဝများကို ရရှိရေးအတွက် တစ်အားဖြစ်လိမ့်မည်ဟု ယူဆပါကြောင်း။ ။

## စုံညီခုံရုံးက ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုအမှတ် (၆)အား အပြီးသတ်အမိန့်ချမှတ်

**နေပြည်တော် ဩဂုတ် ၆**

ရှမ်းပြည်နယ် ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ "ဝ" ဒီမိုကရက်တစ်ပါတီမှ ဦးရန်ကျော်အပေါ် "ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဆမ်ဆောင်းကား၏ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုကို မေ ၃၁ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့(၁)က ချမှတ်ခဲ့သည့် စီရင်ချက်(အမိန့်)အပေါ် ဦးဆမ်ဆောင်းကားက ကျေနပ်မှုမရှိသဖြင့် အယူခံမှုတင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ် (၆/၂၀၁၆) ဖြင့် လက်ခံခဲ့သည်။



အယူခံမှု တင်သွင်းခြင်းကိစ္စနှင့် စပ်လျဉ်း၍ ဩဂုတ် ၃ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌ၊ ခုံအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ ပါဝင်သည့် စုံညီခုံရုံးက ရှမ်းပြည်နယ် ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဦးရန်ကျော်အား ရွေးကောက်တင်မြှောက်ခြင်းသည် ပျက်ပြယ်ခြင်းမရှိ တရားဝင်အတည်ဖြစ်သည်ဟု မူလရွေးကောက်ပွဲခုံအဖွဲ့(၁)၏ ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်းနှင့် အယူခံလျှောက်ထားမှုအား စရိတ်နှင့်တကွပယ်သည့် အပြီးသတ်အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၆ ခုနှစ် ဩဂုတ် ၃ ရက်အထိ ရွေးကောက်ပွဲကန့်ကွက်လွှာအမှု ၁၃ မှုအား အပြီးသတ် အမိန့်ချမှတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ နှစ်လအတွင်း နိုင်ငံခြားသား ၆၆၅၆၃ ဦး ရောက်ရှိဖူးမြော်ကြည်ညို

**ရန်ကုန် ဩဂုတ် ၆**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ပြီးခဲ့သည့် ဇွန်လနှင့် ဇူလိုင်လ နှစ်လအတွင်း နိုင်ငံခြားသားဧည့်သည် ၆၆၅၆၃ ဦး ရောက်ရှိဖူးမြော်ကြည်ညိုခဲ့ကြောင်းနှင့် အဆိုပါဧည့်သည်များထံမှ ဧည့်ဝင်ကြေးအဖြစ် အမေရိကန် ဒေါ်လာ ၁၁၂ ဒေါ်လာနှင့် မြန်မာကျပ်ငွေ ၅၃၂၄ သိန်းခန့်ကို ဧည့်ဝင်ကြေးအဖြစ် အလှူခံရရှိခဲ့ကြောင်း သိရသည်။

ရောက်ရှိသည့် နိုင်ငံခြားသားဧည့်သည်များမှာ ဇွန်လတွင် ထိုင်း ၇၉၇၄ ဦး၊ ကိုရီးယား ၂၇၁၇ ဦး၊ တရုတ် ၁၇၀၃ဦး၊ ဂျပန် ၁၇၀၁ ဦး၊ အမေရိကန် ၁၄၅၁ ဦး အပါအဝင် ပြည်ပနိုင်ငံပေါင်း ၄၂ နိုင်ငံမှ ၂၉၄၉၁ ဦး ရောက်ရှိခဲ့သည်။ ဇူလိုင်လတွင် ထိုင်း ၁၀၆၀၉ ဦး၊ ကိုရီးယား ၂၂၉၃ ဦး၊ ဂျပန် ၂၂၈၃ ဦး၊ တရုတ် ၂၂၇၆ ဦး၊ ဂျာမနီ ၁၈၄၂ ဦး အပါအဝင် ပြည်ပနိုင်ငံပေါင်း ၃၅ နိုင်ငံမှ ၃၇၀၇၂ ဦး ရောက်ရှိခဲ့သည်။ စုစုပေါင်း နှစ်လအတွင်း နိုင်ငံခြားသားပေါင်း ၆၆၅၆၃ ဦး ရောက်ရှိဖူးမြော်ကြည်ညိုခဲ့ကြသည်။

"ဇွန်၊ ဇူလိုင်လတွေက မြန်မာနိုင်ငံရဲ့ မိုးရာသီဖြစ်တာကြောင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံးအပြင် ရွှေတိဂုံစေတီတော်ကို နိုင်ငံခြားသားရောက်ရှိတာနည်းသွားခြင်းဖြစ်ပါတယ်။ မိုးကုန်ပြီး ပွင့်လင်းရာသီရောက်ရင် ပိုပြီးလာရောက်ဖို့ရှိပါတယ်။ ခရီးသွားကုမ္ပဏီတွေကိုလည်း နိုင်ငံခြားသားတွေ ပွင့်လင်းရာသီမှာ မြန်မာနိုင်ငံကို အလည်လာဖို့ ကမ်းလှမ်းထားတာတွေရှိပါတယ်။

"နိုင်ငံခြားသားတွေက ရွှေတိဂုံစေတီတော်ပေါ် ရောက်ရင် ကမ္ဘာ့အံ့ဖွယ်တစ်ပါးဖြစ်တဲ့ ရွှေတိဂုံစေတီတော်ကြီးအပြင် စေတီတော်ရင်ပြင်ပတ်လည်မှာရှိတဲ့ မြန်မာမှုဆိုင်ရာ သာသနိကအဆောက်အအုံတွေကို မှတ်တမ်းတင်ဓာတ်ပုံရိုက်တာတွေကို အချိန်ယူပြီး ပြုလုပ်လေ့ရှိကြတယ်။ တစ်ခေါက်ရောက်ပြီးရင် နောက်ထပ်တစ်ခေါက်ထပ်လာဖို့ စီစဉ်သွားမှာပါလို့ အမြဲပြောလေ့ပြောထရှိကြပါတယ်"ဟု ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

**(ကိုချစ်)**

## အာမခံလုပ်ငန်း အသိပညာပြန့်ပွားရေးဟောပြော

**တောင်ကြီး ဩဂုတ် ၆**

မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသည့် အာမခံလုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာပြန့်ပွားရေး ဟောပြောပွဲကို ဩဂုတ် ၅ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွှေညောင်မြို့ အမှတ် (၄)ရဲလေ့ကျင့်ရေးသင်တန်းကျောင်း (တောင်လေးလုံး)၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာ့အာမခံလုပ်ငန်း ရှမ်းပြည်နယ်ရုံး(တောင်ကြီး)မှ ပြည်နယ်တာဝန်ခံဒေါ်ရီရီမြက မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော ပြည်သူ့ဝန်ထမ်းအသက်အာမခံ၊ သူတစ်ပါးထိခိုက်မှုအာမခံနှင့် ခရီးသွားအာမခံလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းဟောပြောပွဲသို့ မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူများ၊ အမှတ် (၄)ရဲလေ့ကျင့်ရေးသင်တန်းကျောင်းမှ သင်တန်းမှူးနှင့် တာဝန်ရှိသူများ၊ သင်တန်းသား ၁၉၅ ဦးတို့ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများ၏ သိလိုသည့်အချက်အလက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
ပ်နေကျာ ၀၁-၈၆၁၀၀၆၅ ဝီ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၅၅

# လူမှုအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရပ်ရွာလူထုအရေး ထိရောက်စွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်

**နေပြည်တော် ဩဂုတ် ၆**

ပြည်သူအားလုံး လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိရာတွင် အစိုးရအဖွဲ့တစ်ဖွဲ့တည်းက ဆောင်ရွက်နေခြင်းထက် လူမှုရေးအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများကပါ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ တိုက်ရိုက်အကျိုးခံစားမှု ပိုမိုရရှိမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ Hotel Mandalay ၌ ကျင်းပသည့် အထက်မြန်မာပြည်ရှိ လူမှုရေးအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားသည်။**(ယာပုံ)**




ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း၊ ကလေးနှင့်လူငယ်လူရွယ်စောင့်ရှောက်ရေးလုပ်ငန်း၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများစသည့် မွေးကင်းစမှ သက်ကြီးရွယ်အိုထိ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူ့အတွက် ထိရောက်သောကူညီမှုဖြစ်စေဖို့ ပြောင်းလဲဆောင်ရွက်နေပြီဖြစ်၍ အစိုးရ၊ ပြည်သူနှင့် လူမှုအဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်နှင့် လူမှုအဖွဲ့အစည်းများအနေဖြင့်လည်း လုပ်ငန်းများထပ်နေမှု၊ ကျန်ရှိမှု မရှိစေရေး၊ သတင်းအချက်အလက်အမှန်ရယူ၍ ကူညီဆောင်ရွက်ပေးရန်လိုကြောင်း လတ်တလောတိုင်းဒေသကြီး ငါးခုတွင် ဖြစ်ပွားလျက်ရှိသော ရေကြီးရေလျှံမှုနှင့်စပ်လျဉ်း၍ ကူညီထောက်ပံ့ရေးလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးများရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူးများနှင့် ဆက်သွယ်ဆောင်ရွက်သွားပါရန်နှင့် မိမိတို့အနေဖြင့်လည်း ယခင်က ဆန်ရိက္ခာ သုံးရက်စာ ထောက်ပံ့ပေးလျက်ရှိရာမှ ရေတက်ရေကျမှုအပေါ် မူတည်၍ လိုအပ်သလို ဆက်လက်တိုးမြှင့်ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပြီး ဖြစ်ပါကြောင်း၊ သဘာဝဘေးဆိုင်ရာအချက်အလက်များကို လက်ကိုင်ဖုန်းများမှ တစ်ဆင့် ပေးပို့နိုင်ရေး KOBO Application ကိုလည်း အသုံးပြုပေးရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဝန်ကြီးဌာနအနေဖြင့် လူမှုအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်သူများနှင့်လူမှုအခက်အခဲများကို ကျော်လွှားနိုင်အောင် စနစ်တကျစီမံခန့်ခွဲပေးမည်ကို ကြားသိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ လူမှုရေးအဖွဲ့အစည်းများအနေဖြင့်လည်း ပြည်သူအတွက် ထိရောက်သည့်ကူညီမှုဖြစ်စေရေး ပူးပေါင်းဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါကြောင်း၊ ယနေ့ဆွေးနွေးပွဲသို့ ပြည်သူ့အကျိုးအတွက် အစိုးရနှင့်ပူးပေါင်းဆောင်ရွက်မည် ဟူသည့် သန္နိဋ္ဌာန်ဖြင့် လာရောက်သည်ဟု ယုံကြည်ပါကြောင်း၊ ဆွေးနွေးလိုသည်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် လူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီးကိုယ်ပိုင်ကျောင်းများအသင်းမှ လှူဒါန်းသော အလှူငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**✱ ရွှေဖုံးမှ**

ဝိုင်းဝန်းဆွေးနွေးအကြံပေးစေလိုကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ထိန်းသိမ်းခဲ့သော လမ်း/တံတားများသည် အာဆီယံဒေသတွင်းနိုင်ငံများ၏ အဆင့်နိမ့်ပါးရှိသော်လည်း အသုံးပြုသောနေရာ၊ စည်းကမ်းထိန်းသိမ်းသောနေရာများတွင် အားနည်းမှုများရှိခဲ့ပါကြောင်း၊ နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံတွင် သတ်မှတ်ခွင့်ပြုသော ယာဉ်အမျိုးအစား၊ တန်ချိန်မှအစ လေးစားလိုက်နာပြီး စနစ်တကျအသုံးပြုကြသဖြင့် သက်တမ်းပြည့်အသုံးပြုနိုင်ကြပါကြောင်း၊ လမ်း/တံတားများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝန်ကြီးဌာနသာမက ဒေသဆိုင်ရာအစိုးရအဖွဲ့အစည်း၊ ဆက်စပ်ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များက ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ပူးပေါင်းထိန်းသိမ်းပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ငွေကြေးမြောက်မြားစွာ ရင်းနှီးတည်ဆောက်ခဲ့ကြသော လမ်း/တံတားများ ရေရှည်အသုံးပြုနိုင်မည်ဖြစ်ပြီး Design Life သက်တမ်းပြည့်သုံးစွဲနိုင်ကြမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိသလို ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းစဉ်များနှင့် လိုက်လျောညီစွာ ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ လမ်း/တံတားများကိုလည်း သက်တမ်းပြည့် အကျိုးရှိစွာအသုံးပြုနိုင်ရန် ပြုပြင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရန် လမ်း/တံတားဥပဒေ၊ နည်းဥပဒေများအတိုင်း ပြည်သူကိုဗဟိုပြု၍ ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း စသည်ဖြင့် အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း/တံတားများကိစ္စ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တံတားကြီး ကိုးစင်း၏ အကြောင်းအရာများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တံတားကြီး ကိုးစင်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကုန်တင်ယာဉ်ကြီးများ တန်ပိုတင်ဆောင်ခွင့်မပြုရေးနှင့်ပတ်သက်၍ ကဏ္ဍအလိုက် အသီးသီးဆွေးနွေးတင်ပြကြပြီး ဝန်ကြီးချုပ်၏ ဖြည့်စွက်ဆွေးနွေးမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**❋ နတ်ချောင်းတံတားမှ**

ပိုမိုချောမွေ့လာစေမှာဖြစ်ပါတယ်။ အခုလိုမြို့ရဲ့မျက်နှာစာမှာ မြို့ဝင်တံတားတစ်စင်း ခိုင်ခိုင်မာမာခံ့ခံ့ထည်ထည်ရှိလာတဲ့အတွက်လည်း မြို့အတွက် လိုအပ်တဲ့ဖြည့်ဆည်းမှုတစ်ခုဖြည့်ဆည်းပေးရာရောက်သလို ကျက်သရေတစ်ခုတိုးလာတယ်လို့ပြောလို့ရပါတယ်”ဟု ဘိုကလေးမြို့နယ်မှ ဒေသခံသတင်းထောက် ဦးအောင်မင်း(အောင်မင်း-ဘိုကလေး)က ပြောသည်။

အဆိုပါနတ်ချောင်းတံတားသစ်သည် ဖျာပုံ-ဘိုကလေးလမ်း(၃၀ ဒသမ ၆ ကီလိုမီတာ)ဘိုကလေးမြို့နယ်ကားလမ်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ပြီး တံတားအရှည် ၁၀၄ မီတာ၊ တံတားအကျယ် ယာဉ်သွားလမ်း ၇ ဒသမ ၅ မီတာ၊ လူသွားလမ်း ၁ မီတာအကျယ် နှစ်ခု၊ တံတားခန်းဖွင့်ဖွဲ့စည်းပုံ ၁၅ မီတာ+၇၄ မီတာ+၁၅ မီတာ၊ တံတားအမျိုးအစား အောက်ခံအုတ်မြစ် ၁ ဒသမ ၂ မီတာအချင်းရှိ ဘိုးပိုင်၊ တံတားကိုယ်ထည် အာရ်စီကွန်ကရစ်၊ တံတားအပေါ်ထည် သံပေါင်နှင့် ကွန်ကရစ်အမျိုးအစားဖြစ်ကြောင်း သိရသည်။

**(သတင်းနှင့်ဓာတ်ပုံ-သပြေထွန်း)**

❑

**○မကွေးအသင်းမှ**

ရရှိခဲ့သည့်အနိုင်ဂိုးကို ထိန်းကစားသွားခဲ့ပြီး အသင်းခေါင်းဆောင် ဒီဂျမ်ဦးဆောင်သည့် ခံစစ်ပိုင်းက အမှားအယွင်းမရှိခဲ့ဘဲ ရတနာပုံတိုက်စစ်မှူးများကို ထိန်းချုပ်နိုင်ခဲ့သည်။ ရတနာပုံအသင်းသည် ယခုရာသီတွင် ဒုတိယမြောက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

အောင်ဆန်းကွင်း၌ကျင်းပသောပွဲတွင် ရခိုင်နှင့် ချင်းယူနိုက်တက်အသင်း တစ်ဂိုးစီသရေကျခဲ့သည်။ ချင်းအတွက် ဦးဆောင်ဂိုးကို ၂၄ မိနစ်တွင် ဆောင်လမန်က သွင်းယူခဲ့ပြီး ရခိုင်အတွက် ချေပဂိုးကို ၅၆ မိနစ်တွင် အန်ဒရေက သွင်းယူခဲ့သည်။ ရခိုင်အသင်းသရေပွဲကြောင့် Horizon အသင်း တန်းဆင်းခဲ့ရပြီး ချင်းယူနိုက်တက်မှာလည်း တန်းဆင်းဇုန်မှ လွတ်သွားခဲ့သည်။

**ယနေ့ပွဲ**

(YUSC ကွင်း)

ရန်ကုန်-ဇေယျာရွှေမြေ

(အောင်ဆန်းကွင်း)

Horizon - ရှမ်းယူနိုက်တက်

(တောင်ငူကွင်း)

ဟံသာဝတီ-ဇွဲကပင်

## ငါးသိုင်းချောင်းမြို့သို့ ရိက္ခာပစ္စည်းများ လှူဒါန်း

**ငါးသိုင်းချောင်း ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ရှိ ကယ်ဆယ်ရေးစခန်းသုံးခုသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသော အိမ်ထောင်စု ၃၆ စု၊ လူဦးရေ ၁၂၀ အတွက် လူတစ်ဦးလျှင် ဆန်နို့ဆီဘူး ခြောက်ဘူးနှင့် အိမ်ထောင်စု တစ်စုလျှင် ငါးသေတ္တာ လေးဘူးစီ သုံးရက်စာ လတ်တလောပြောင်းရွှေ့ချိန်အတွက် တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုးဦးဆောင်၍ မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများက ပေးအပ်လှူဒါန်းခဲ့သည်။

ငဝန်မြစ်ရေသည် ဆက်လက်တိုးလျက်ရှိရာ ငဝန်မြစ်ကမ်းဘေးမြေနိမ့်ပိုင်းရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၄ အုပ်စု၌ အိမ်ခြေပေါင်း ၉၇၈၀ နှင့် လူဦးရေစုစုပေါင်း ၃၉၁၃၇ ဦး ရေဝင်နစ်မြုပ်လျက်ရှိပြီး အဆိုပါကျေးရွာများ၌ ဆက်လက်နေထိုင်လျက်ရှိသည်။ မြစ်ရေဆက်လက်မြင့်တက်လာပါက ကယ်ဆယ်ရေးစခန်းများသို့ အချိန်မီပြောင်းရွှေ့ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားပြီး ယင်းဒေသများရှိ အခြေခံပညာကျောင်း ၂၆ ကျောင်း ယာယီပိတ်ပေးထားရကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## ဗျဲလ်ကျင်းယာယီတံတား အမြန်ပြီးစီးရေးဆောင်ရွက်

**တွန်းဇန် ဩဂုတ် ၆**

ချင်းပြည်နယ် တီးတိန်-တွန်းဇန်-ကျီခါးလမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၁၉/၁-၂)ကြား ဗျဲလ်ကျင်းယာယီသံပေါင် ဘေလီတံတား (၃၀×၁၂)ပေသည် ဩဂုတ် ၁ ရက် နံနက်ပိုင်းက တောင်ကျချောင်းရေကြီးပြီး ချဉ်းကပ်ခုံရေတိုက်စားမှုကြောင့် ကျွံကျမှုဖြစ်ပွားခဲ့သည်။

ဗျဲလ်ကျင်းယာယီတံတား ကျွံကျမှုကြောင့် တီးတိန်-တွန်းဇန်သွား မော်တော်ယာဉ်များ သွားလာရေးယာယီပြတ်တောက်ခဲ့သော်လည်း မော်တော်ဆိုင်ကယ်များဖြင့် သွားလာနေသော ခရီးသွားပြည်သူများအတွက် ပြတ်တောက်မှုမရှိခဲ့ပေ။ မော်တော်ယာဉ်များ အမြန်သွားလာနိုင်စေရေးအတွက် တွန်းဇန်မြို့ လမ်းဦးစီးဌာနက စက်ကြီးများဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်ခြင်းနှင့် တွန်းဇန်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူး၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများက ရေကာတာများ ရိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

တောင်ကျချောင်းရေသည် ရေသာမက သဲကျောက်များဖြင့် စီးဆင်းနေသောကြောင့် အချိန်တိုအတွင်းပြီးစီးနိုင်ရေး ခက်ခဲလျက်ရှိသည်။ ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးသွားသော ပေ ၅၀ နေရာအတွက် သံပေါင်များ အချိန်တိုအတွင်းရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**(မြို့နယ်ပြန်/ဆက်)**

ကြေးမုံ



## နျူကလီးယားဗုံးဒဏ်ထိ ဟီရိုရှီးမားမြို့ (၇၁)နှစ်မြောက် အောက်မေ့ဖွယ်အခမ်းအနားကျင်းပ

**ဟီရိုရှီးမား ဩဂုတ် ၆**

ဒုတိယကမ္ဘာစစ်ပွဲအတွင်း အမေရိကန်တို့ နျူကလီးယား ဗုံးကြဲချသည့်ဖြစ်စဉ် (၇၁)နှစ်မြောက် အောက်မေ့ဖွယ် အခမ်းအနားကို ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့နေပြည်သူများ က ဟီရိုရှီးမားမြို့ရှိ ငြိမ်းချမ်းရေးပန်းခြံအတွင်း ယနေ့ ကျင်းပခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် နိုင်ငံပေါင်း ၉၁ နိုင်ငံမှ ကိုယ်စားလှယ်များအပါအဝင် ပြည်သူငါးသောင်းခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက ဗုံးဒဏ်ကြောင့် သေဆုံးသွားခဲ့သည့် ပြည်သူ ၃၀၃၁၉၅ ဦး၏ နာမည်စာရင်းကို ငြိမ်းချမ်းရေးပန်းခြံအတွင်းရှိ အထိမ်းအမှတ်ကျောက်တိုင်တွင် နေရာချထားခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်းက အမေရိကန်တပ်ဖွဲ့သည် ၁၉၄၅ ခုနှစ် ဩဂုတ် ၆ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ဟီရိုရှီးမားမြို့သို့ ဗုံးကြဲချခဲ့သည်။ ယနေ့တက်ရောက်လာသူများက ယင်းအချိန်နှင့်ကိုက်ပြီး ဝမ်းနည်းမှုအထိမ်းအမှတ်အဖြစ် ငြိမ်သက်ကာ တောင်းဆုမေတ္တာများ ပို့သခဲ့သည်။

အခမ်းအနားတွင် ဟီရိုရှီးမားမြို့တော်ဝန် ကာဇူမီ မတ်ဆူအီက ငြိမ်းချမ်းရေးကြေညာချက်တစ်ရပ်ကို ဖတ်ကြားခဲ့သည်။ အဆိုပါကြေညာချက်တွင် လူ့အသက်ပေါင်းများစွာဆုံးရှုံးပြီး ကမ္ဘာဖျက်လက်နက်တစ်ခုဖြစ်သည့် နျူကလီးယားလက်နက်များကို ကမ္ဘာ့မြေပေါ်မှ အပြီးတိုင် တိုက်ဖျက်ချေမှုန်းရန်လိုအပ်ကြောင်း ကမ္ဘာ့နိုင်ငံများအား တိုက်တွန်းပြောကြားထားသည်။ ပြီးခဲ့သောမေလက ဟီရိုရှီးမားမြို့သို့ အလည်အပတ်ရောက်ရှိခဲ့သည့် အမေရိကန်သမ္မတ ဘာရက်အိုဘားမား ပြောကြားခဲ့သည့်မိန့်ခွန်းမှ 'နျူစွမ်းအင်ပိုင်ဆိုင်ထားတဲ့နိုင်ငံတွေဟာ နျူစွမ်းအင်မပါဘဲ သန့်စင်တဲ့ကမ္ဘာကြီးကို ပြန်လည်မွေးဖွားပေးဖို့ အသိတရားတွေ ရှိဖို့လိုအပ်တယ်' ဆိုသည့်အပိုဒ်ကို ပြန်လည်ထည့်သွင်းပြောကြားခဲ့သည်။

မြို့တော်ဝန်က နိုင်ငံခေါင်းဆောင်တွေအနေဖြင့် သမ္မတအိုဘားမားပြောကြားခဲ့သည့်အတိုင်း ကမ္ဘာကြီးကို နျူကလီးယားသန့်စင်သည့်နိုင်ငံအဖြစ် ပြန်လည်မွေးဖွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ။**



## တောင်တရုတ်ပင်လယ်တွင် တရုတ်စစ်လေယာဉ်များ ကင်းလှည့်

**ကွမ်ကျိုး ဩဂုတ် ၆**

တရုတ်လေတပ်မှ အိတ်ချ်-၆ ဗုံးကြဲလေယာဉ်များနှင့် အက်စ်ယူ-၃၀ အမျိုးအစား တိုက်လေယာဉ်များ အပါအဝင် စစ်လေယာဉ်များသည် တောင်တရုတ်ပင်လယ်တွင်းရှိ နန်ရှားနှင့် ဟွမ်ရန်းကျွန်းများပေါ်ရှိ လေကြောင်းပိုင်နက်အတွင်း၌ ကင်းလှည့်ပျံသန်းခဲ့ကြကြောင်း တရုတ်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ဩဂုတ် ၆ ရက်တွင် ပြောကြားသည်။

ယင်းသို့ စစ်လေယာဉ်များ ကင်းလှည့် ပျံသန်းမှုသည် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို တရုတ်လေတပ်က တုံ့ပြန်ရာတွင် တိုးတက်မှုရှိရေးအတွက် တိုက်ပွဲဝင်လေ့ကျင့်မှု အစစ်အမှန် ပြုလုပ်ခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်လေတပ်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး ရှန်ဂျန့်က ပြောကြားသည်။

ကင်းလှည့် ပျံသန်းမှုတွင် ပါဝင်သော အက်စ်ယူ-၃၀ အမျိုးအစား ဂျက်တိုက်လေယာဉ်နှစ်စင်းသည် ပင်လယ်ပြင်ပေါ် ပျံသန်းရင်း ဆီဖြည့်လေ့ကျင့်မှုကို နှစ်ကြိမ်လုပ်ဆောင်ခဲ့သည်ဟု ဗိုလ်မှူးကြီးရှန်က ပြောကြားသည်။

ယင်းကင်းလှည့်ပျံသန်းမှုတွင် တရုတ်လေတပ်မှ လေယာဉ် အမျိုးအစားအချို့ဖြစ်သည့် ဗုံးကြဲလေယာဉ်၊ တိုက်လေယာဉ်၊ လေကြောင်းရန် ကြိုတင်သတိပေးလေယာဉ်၊ ကင်းထောက်လေယာဉ်နှင့် လောင်စာဆီတင်လေယာဉ်များ ပါဝင်ကြသည်။ အဆိုပါ လေယာဉ်များသည် မြေပြင်ရှိ လေဆိပ်အချို့မှ ပျံတက်ပါဝင်ကြခြင်းဖြစ်ကြောင်း ရှန်က ဆက်လက်ပြောကြားသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (ပီအယ်လ်အေ) လေတပ်တပ်ဖွဲ့ထူထောင်သည့် သက်တမ်းသည် ၆၇ နှစ် ရှိပြီဖြစ်ပြီး နိုင်ငံလုံခြုံရေးနှင့် ပင်လယ်ရေကြောင်းဆိုင်ရာ အကျိုးစီးပွားအတွက် တောင်တရုတ်ပင်လယ်အတွင်း ကင်းလှည့်မှုကို ပုံမှန်ဆောင်ရွက်နေပြီး နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို စောင့်ရှောက်လျက်ရှိကြောင်း တရုတ်လေတပ်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး ရှန်က ပြောကြားသည်။

**ဆင်ဟွာ။**



## ပြုံယမ်းဒုံးပစ်လွှတ်မှုအပေါ် တုံ့ပြန်ရန် အမေရိကန်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးတို့ ဆွေးနွေး

**ပေကျင်း ဩဂုတ် ၆**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ရီတို့သည် မကြာသေးမီက မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုနှင့် ပတ်သက်ပြီး မည်သို့ကိုင်တွယ်ဖြေရှင်းရမလဲဆိုသည်ကို တယ်လီဖုန်းဖြင့် ဆွေးနွေးတိုင်ပင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံခြားရေးဌာန၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဂျွန်ကယ်ရီနှင့်ဝမ်ရီတို့က မြောက်ကိုရီးယားဒုံးကျည်ပစ်လွှတ်မှုအပေါ် တန်ပြန်လုပ်ဆောင်ချက်များချမှတ်နိုင်ရန် ဆွေးနွေးခဲ့ကြသည်ဟု ဖော်ပြထားသည်။



မြောက်ကိုရီးယားက ဩဂုတ် ၃ ရက်တွင် ဂျပန်နိုင်ငံ၏ စီးပွားရေးဇုန်နယ်နိမိတ်အနီးရှိ ရေပိုင်နက်ထဲသို့ ပထမဆုံးအကြိမ်အဖြစ် ဒုံးကျည်တစ်စင်းပစ်လွှတ်ခဲ့သည်။

ဂျပန်၊ အမေရိကန်ပြည်ထောင်စုနှင့် ကမ္ဘာ့နိုင်ငံများသည် အဆိုပါပြုံယမ်း၏ ဒုံးပစ်ခြိမ်းခြောက်မှုကို ရှုတ်ချသည့် အစီရင်ခံစာတစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးတွင် ထုတ်ပြန်ခဲ့သည်။ သို့သော် တရုတ်နိုင်ငံအနေဖြင့် ပြုံယမ်းအား အရေးယူမည့်ဆောင်ရွက်ချက်များကို သဘောတူညီမှုမရှိပေ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီအနေဖြင့် မြောက်ကိုရီးယားနိုင်ငံအား အရေးယူမည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ သဘောထားကို သဘောတူညီမှုရှိစေရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ရီအား တိုက်တွန်းပြောဆိုနိုင်ဖွယ်ရှိသည်ဟု ထင်မြင်ယူဆရသည်။

နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးတို့သည် ကိုရီးယားကျွန်းဆွယ်အရေးနှင့်ပတ်သက်ပြီး အမြင်ချင်းဖလှယ်ခဲ့ကြသည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

■

## အိန္ဒိယ ကက်ရှ်မီးယားဒေသတွင် မိုးသည်းထန်၊ မြေပြိုမှုဖြစ်ပွား၍ လူလေးဦးသေ၊ ကိုးဦးဒဏ်ရာရ

**နယူးဒေလီ ဩဂုတ် ၆**

အိန္ဒိယနိုင်ငံက ထိန်းချုပ်ထားသော ကက်ရှ်မီးယားဒေသတွင် ဩဂုတ် ၆ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုကျမှု ဖြစ်ပွားခဲ့ရာ လူလေးဦးထက်မနည်းသေဆုံးပြီး အခြားလူကိုးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အိန္ဒိယနိုင်ငံက ထိန်းချုပ်သော ကက်ရှ်မီးယားပြည်နယ်၏ မြို့တော် ဆရင်နာဂါ၏ တောင်ဘက် ၃၁၇ ကီလိုမီတာအကွာရှိ ရက်ဆီခရိုင်ရှိ ကာတရာမြို့အနီး၌ မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဩဂုတ် ၆ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားပြီး လူလေးဦးသေဆုံးကာ ကိုးဦးဒဏ်ရာရရှိခဲ့သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထိခိုက်ဒဏ်ရာရသူ ကိုးဦးအား ဆေးရုံသို့ အလျင်အမြန်ပို့ဆောင်ပေးခဲ့ပြီး ဒဏ်ရာရသူလေးဦးအား ရှေးဦးကုသမှုများပြုကာ ဆေးရုံမှပြန်လည်ဆင်းခွင့်ပြုခဲ့ကြောင်း၊ အခြားငါးဦးမှာ ဒဏ်ရာများ ပြင်းထန်ကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

သေဆုံးသွားသူလေးဦးအနက် သုံးဦးမှာ ဘုရားဖူးလာသူများဖြစ်ပြီး တစ်ဦးမှာ မြင်းလှည်းမောင်းသမားဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။

ကာတရာမြို့အနီးရှိ တရိကူတာတောင်တန်းပေါ်၌ တည်ဆောက်ထားသည့် နတ်ကွန်းတစ်ခုတည်ရှိရာတွင် မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ နတ်ကွန်းသို့ နှစ်စဉ် ဟိန္ဒူဘာသာဝင်များ သန်းနှင့်ချီကာ လာရောက်ဝတ်ပြုလေ့ရှိသည်။

နတ်ကွန်းအနီးရှိ ဘုရားဖူးများ နားနေရာ အဆောက်အအုံ၌ ဘုရားဖူးသူများရှိနေစဉ် မြေပြိုမှုကြောင့် ဖြစ်ပေါ်သော အပျက်အစီး အပိုင်းအစများ ထိမှန်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အခင်းဖြစ်ပွားပြီးနောက် အဆိုပါနတ်ကွန်းသို့ ဘုရားဖူးများ လာရောက်ခြင်းကို နှစ်နာရီကြာ ဆိုင်းငံ့ထားပြီး ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ။**

■



# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော်  ဩဂုတ် ၆**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများ ချထားပြီး စောင့်ကြပ်ကြည့်ရှု ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၁ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများ ကျိုးပေါက်မှု မရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု(ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်-လှိုင်းဘွဲ့မြို့ | ၂၈၄၇၄ | ၁. ၂၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း- ဖလမ်းမြို့ | ၁၉၅၄ | ၀. ၇၀' |
| ၃။ | ရာဇဂြိုဟ်ရေလှောင်တမံ | စစ်ကိုင်း-ကလေးမြို့ | ၅၂၀၀၀ | ၂. ၃၀' |
| ၄။ | မင်းရဲရေလှောင်တမံ | ပဲခူး- အုတ်တွင်းမြို့ | ၂၃၅၀ | ၀. ၅၀' |
| ၅။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၁. ၃၀' |
| ၆။ | မဇင်းရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၂၆၁၈၆ | ၀. ၄၀' |
| ၇။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၁၈၉၁၂ | ၀. ၅၀' |
| ၈။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး- ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၀. ၉၉' |
| ၉။ | ဝဲကြီးရေလှောင်တမံ | ပဲခူး- ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀. ၈၀' |
| ၁၀။ | သဲကောရေလှောင်တမံ | ပဲခူး- လက်ပံတန်းမြို့ | ၅၂၅၀၀ | ၁. ၆၀' |
| ၁၁။ | မုန်းချောင်းရေလှောင်တမံ | မကွေး- စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၇. ၀၀' |
| ၁၂။ | မန်းချောင်းရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၁၂၀၀၀၀ | ၀. ၉၀' |
| ၁၃။ | ရင်းရှည်ရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၂၆၀၀ | ၀. ၅၀' |
| ၁၄။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး- ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၈. ၁၀' |
| ၁၅။ | မြစ်သာရေလှောင်တမံ | မကွေး- ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁. ၇၀' |
| ၁၆။ | မဒေးရေလှောင်တမံ | မကွေး- ကံမမြို့ | ၅၃၉၀၈ | ၀. ၃၀' |
| ၁၇။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင်- ကျောက်တော်မြို့ | ၁၁၄၀ | ၀. ၃၀' |
| ၁၈။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်- နမ္မတူမြို့ | ၂၅၉၀၀ | ၀. ၅၀' |
| ၁၉။ | ကွန်ချောင်းရေလှောင်တမံ | ဧရာဝတီ-ကြံခင်းမြို့ | ၉၈၄၀၀ | ၀. ၃၀' |
| ၂၀။ | နန်ကသူရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၄၀၄၈၇ | ၁. ၅၀' |
| ၂၁။ | ကညင်ရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၁. ၄၀' |

**သန်းဦး(လေးမျက်နှာ)**



ရထားရဲတပ်ဖွဲ့ အမှတ်(၃) တပ်ဖွဲ့ခွဲမှူး ကြီးကြပ်မှုဖြင့် ရန်ကုန်ရဲစခန်း ရဲအုပ်သန့်ဇော် ဦးစီးတပ်ဖွဲ့ဝင်များ၊ မီးရထားဌာနဝန်ထမ်းများ၊ ယာဉ်ထိန်းတပ်ဖွဲ့စု(၃၄) မင်္ဂလာတောင်ညွန့်မှ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ ရန်ကုန်ဘူတာကြီးသို့ ဝင်/ထွက်သွားလာနေသော မော်တော်ယာဉ်များအား မူးယစ်ဆေးဝါးနှင့် တုတ်၊ ဓားလက်နက်များ မပါရှိစေရေး ဩဂုတ် ၅ ရက်က စစ်ဆေးဆောင်ရွက်စဉ်။ (ကြေးမုံ)

# အေးချမ်းသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**ရန်ကုန်  ဩဂုတ်  ၆**

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို "အေးချမ်းသာယာ ပြည်မြန်မာ"ဟူသောခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲသို့ မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်း တည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာအလှအပများ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင် ယှဉ်ပြိုင်ရမည် ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀ × ၁၄) လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

(ခ) မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။

(ဂ) ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသောဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများအား ယှဉ်ပြိုင်ခြင်း မပြုရပါ။

(ဃ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများ မဖြစ်ရပါ။

(င) ကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်။

(စ) ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ် စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရပါမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်သုံးသိန်းငါးသောင်း၊ တတိယဆု ကျပ်နှစ်သိန်းနှင့် အထူးဆု ကျပ်တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၃၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးကျော်ဇင်စိုး ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများကို ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်း

**ရန်ကုန်  ဩဂုတ်  ၆**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနကကျင်းပသော အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲအခမ်းအနားကို ဩဂုတ် ၂ ရက် မွန်းလွဲ ၁ နာရီတွင် အထက(ထန်းတပင်) လှိုင်ရတနာ ခန်းမ၌ ကျင်းပသည်။

အသိပညာပေးရှင်းလင်းပွဲတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူဖြူအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးမှူး ဦးမျိုးမင်းစိုးက ၂၀၁၆ ခုနှစ် အခွန်အကောက်ဥပဒေများ နှင့် အခွန်ငါးမျိုးအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြစိမ်းရောင်လုပ်ငန်း ကွင်းဆင်းကြည့်ရှု

**ကွမ်းခြံကုန်း  ဩဂုတ်  ၆**

ကျေးလက်နေပြည်သူများ လူမှုစီးပွား တိုးတက်ရေးအတွက် ဝင်ငွေတိုး လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန် မြစိမ်းရောင်ကျေးရွာ စီမံကိန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိရာ ရန်ကုန် တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် တော်ကူးအရှေ့ကျေးရွာ၏ မြစိမ်း ရောင်လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို မြို့နယ်ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇူလိုင် ၃၀ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ ကြောင်း သိရသည်။

**(သရဖီ၊ ကွမ်းခြံကုန်း)**

# စီဘီဘဏ်မှ ပြည်သူများအတွက် ငွေကြေးဝန်ဆောင်မှုများပေးလျက်ရှိ

**ရန်ကုန်  ဩဂုတ်  ၆**

အများပြည်သူများအတွက် ငွေကြေးဝန်ဆောင်မှုများကို CB Bank မှ ငွေကြေးကိစ္စများ လွယ်ကူလျင်မြန်စွာအသုံးပြုနိုင်စေရန် ရည်ရွယ်၍ ATM စက်များနှင့် Point of Slaes (PoS) များကို လူစည်ကားရာနေရာများတွင် CB Bank ၏ ဘဏ်ခွဲတည်ရှိရာနေရာများတွင် ငွေလွှဲခြင်း၊ ငွေထုတ်ယူနိုင်ခြင်း၊ ဝန်ထမ်းလစာများ ထုတ်ယူနိုင်ခြင်း၊ ငွေပေးချေနိုင်ခြင်း စသည့် ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ ပေးလျက်ရှိသည်။

ထို့အပြင် ဘဏ်နှင့်အလှမ်းဝေးသည့် မြို့ပြနှင့် ကျေးလက်ဒေသများအထိ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ရရှိနိုင်စေရန်အတွက် CB Bank Mobile Agent လုပ်ငန်းများ၊ Mobile Banking ဝန်ဆောင်မှုအနေဖြင့် မီတာဘေလ်၊ ဖုန်းဘေလ်ငွေဖြည့်နိုင်ခြင်း၊ လေယာဉ်လက်မှတ်များ ဝယ်ယူနိုင်ခြင်း၊ ကားလက်မှတ်များ ဝယ်ယူနိုင်ခြင်း၊ 4TV Payment အတွက် ငွေပေးချေနိုင်ခြင်း၊ CB Securities လုပ်ငန်းအတွက် ငွေကြေးဝန်ဆောင်မှုရယူနိုင်ခြင်း၊ Online ရောင်းဝယ်မှုများအတွက် ငွေပေးချေနိုင်ခြင်း၊ ငွေလွှဲပေးပို့နိုင်ခြင်း၊ ကျောင်းလခများပေးသွင်းနိုင်ခြင်း၊ ဩည့်သည်နိုင်ငံ၊ မည်သည့်နေရာရောက်ရောက် Master Card/Visa Card/UPI Card/ Credit Card (ခရီးသွားကတ်)များအတွင်းသို့ ငွေဖြည့်တင်းနိုင်ခြင်း အစရှိသည့်လုပ်ငန်းများကို အချိန်ကုန်သက်သာစွာဖြင့် မိမိဖုန်းပေါ် မှတစ်ဆင့် ၂၄ နာရီ ခုနစ်ရက်တစ်ပတ်လုံး ဆောင်ရွက်နိုင်ပြီး CB Bank ၏ ATM မှ ငွေထုတ်ယူမှုပမာဏ တစ်လလျှင် ၂၀ ဘီလီယံကျော်ရှိကြောင်း သိရသည်။

ပြည်ပသို့သွားရောက်မည့် မြန်မာနိုင်ငံသားများအတွက်လည်း ငွေကြေးသုံးစွဲရာတွင် လုံခြုံစိတ်ချလွယ်ကူအသုံးပြုနိုင်သော နိုင်ငံတကာသုံးကတ်များကိုလည်း ထုတ်ဝေဆောင်ရွက်ထားသည့်အပြင် Import/Export/ Trade ဝန်ဆောင်မှုများ၊ Internet Banking ကို အသုံးပြု၍ လုပ်ငန်းရှင်ကြီးများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ငွေကြေးစီမံခန့်ခွဲမှုလုပ်ငန်းများကို ဆောင်ရွက်နိုင်သော Cash Management ဝန်ဆောင်မှုများကိုလည်း CB Bank မှ Centralize Core Banking System ဖြင့် အဆင်ပြေချောမွေ့စေရန် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား ဝန်ဆောင်ပေးလျက်ရှိသဖြင့် ပြည်သူလူထုများ အချိန်ကုန်လူသက်သာစေပြီး ခေတ်မီဘဏ်လုပ်ငန်းများဖြင့် ဝန်ဆောင်မှုတို့ကို CB Bank မှ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝန်ဆောင်မှုများပေးလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**



# တရားဥပဒေစိုးမိုးရေးနှင့် ရှေ့နေရှေ့ရပ်ကောင်း

မောင်စာဂ

**ရှေ့နေရှေ့ရပ်ကောင်းတို့ဟူသည်**

ရှေ့နေကောင်းတစ်ယောက်ဖြစ်ဖို့ဆိုလျှင် ရသေ့လိုနေပြီး မြင်းကဲ့သို့ ကျင့်ရမည် (To become a great lawyer, you must live as a hermit but do as a horse) ဟူသော ဆိုရိုးစကားကို ဥပဒေပညာ စတင်သင်ကြားစဉ်အခါကပင် ကြားသိခဲ့သည်။ နှစ်ခြိုက်ခဲ့သည်။ လုပ်ငန်းခွင်တစ်လျှောက်လုံး အမြဲနှလုံးသွင်းထားမိခဲ့သည်။

ယနေ့အချိန်မှာ ရှေ့နေရှေ့ရပ်ကောင်းတို့ဟူသည် အဘယ်နည်းဟု ကျွန်ုပ်အားမေးလာလျှင် ကျွန်ုပ်၏ လုပ်ငန်းအတွေ့အကြုံများအရ "မိမိ၏ အမှု အနိုင်ရရှိရေးတစ်ခုတည်းကိုသာ ဦးတည်ချက်မထားဘဲ မှန်ကန်ခြင်း၊ မျှတခြင်း၊ ဥပဒေနှင့် ညီညွတ်ခြင်းတည်းဟူသော လက်နက်ကို စွဲကိုင်ကာ ဥပဒေကပေးအပ်ထားသော အခွင့်အာဏာကို တရားနည်းလမ်းကျစွာ ကျင့်သုံးလျက် မိမိ၏ အမှုသည်ကို အမှုမှ လွတ်ရာလွတ်ကြောင်း၊ သက်သာရာ သက်သာကြောင်း ဆောင်ရွက်နိုင်စွမ်းရှိသောသူသည် ရှေ့နေရှေ့ရပ်ကောင်းဖြစ်သည်"ဟု ဖြေဆိုချင်ပါသည်။

**ရှေ့နေ**

"ရှေ့နေ"ဟု ဘာကြောင့်ခေါ်ရသနည်း။ တိုတိုရှင်းရှင်းနှင့် နားလည်အောင် ပြောပါမည်။ အမှုသည်၏ ရှေ့ကနေ၍ တရားရုံးရှေ့တွင် မားမားမတ်မတ်ရပ်ကာ အမှုသည်၏ကိုယ်စား ဆောင်ရွက်ပေးရသူဖြစ်ခြင်းကြောင့် "ရှေ့နေ" ဟုခေါ်ဆိုရခြင်းဖြစ်သည်။ ပို၍ အဓိပ္ပာယ်လေးနက်အောင် "ရှေ့နေ၊ရှေ့ရပ်" ဟူ၍လည်း ခေါ်စမှတ်ပြုကြသည်။

ရှေးမြန်မာမင်းများလက်ထက်ကတည်းက လွှတ်တော်များ၊ လွှတ်ရုံးများ၊ တရားရုံးများ၊ ခုံရုံးများ၊ ဓမ္မသတ်များ၊ ဖြတ်ထုံးများ စသည်ရှိခဲ့သည်။ ရှေ့နေဆိုသည်လည်းရှိလာရသည်။ ခုံတော်မောင်ကျပန်းသည် သမိုင်းတွင်ထင်ရှားသော ရှေ့နေတစ်ဦးအဖြစ် မှတ်တမ်းတင်ခံခဲ့ရသည်။

အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို သုံးကြိမ်ခွဲ၍ သိမ်းပိုက်ခဲ့ပြီးနောက် ကိုလိုနီနိုင်ငံအဖြစ် အုပ်စိုးခဲ့စဉ်ကာလတွင် တရားရုံးချုပ်နှင့် တရားရုံးများ တည်ထောင်ခဲ့သည်။ ရှေ့နေများလည်း ရှိလာရသည်။ မြန်မာနိုင်ငံကို အိန္ဒိယ၏ ပြည်နယ်တစ်ခုအဖြစ် ထားရှိခဲ့သည်။ အိန္ဒိယတွင် ရှေ့နေကို ပလီဒါ (Pleader) ဟုခေါ်ဆိုသဖြင့် မြန်မာနိုင်ငံတွင်လည်း ရှေ့နေ (Pleader) ဟုခေါ်ဆိုခဲ့သည်။ ပလီဒါ ဆိုရာတွင် တတိယတန်းရှေ့နေ (Third Class Pleader)၊ ဒုတိယတန်းရှေ့နေ (Second Class Pleader)၊ ပထမတန်းရှေ့နေ (First Class Pleader) ဟူ၍ သုံးမျိုးတွေ့ရသည်။ တတိယတန်းရှေ့နေသည် အဆင့်အနိမ့်ဆုံးဖြစ်သည်။ တရားလွှတ်တော်ရှေ့နေ (Advocate) သည် အဆင့်အမြင့်ဆုံး ဖြစ်သည်။ အင်္ဂလန်သို့သွားရောက်၍ (Barrister-at-law) စာမေးပွဲကို ဖြေဆိုပြီး အောင်မြင်ကာ ပြန်လာကြသည့် ဝတ်လုံတော်ရရှေ့နေကြီးများလည်း ရှိခဲ့သည်။

နောက်ပိုင်းတွင် အမိန့်တော်ရရှေ့နေ (Pleader)၊ အောက်တန်းရှေ့နေ (Lower Grade Pleader)၊ အထက်တန်းရှေ့နေ (Higher Grade Pleader) ဟူ၍ ပေါ်လာပြန်သည်။ ယခုအခါတွင် အထက်တန်းရှေ့နေ (Higher Grade Pleader) နှင့် တရားလွှတ်တော်ရှေ့နေ (Advocate) နှစ်မျိုးနှစ်စားသာရှိသည်။

၁၉၇၉-၈၀ ခုနှစ် ပတ်ဝန်းကျင်ခန့်လောက်က ကျွန်ုပ်သည် အစိုးရရှေ့နေအဖြစ်လည်းကောင်း၊ တရားခံဘက်မှ အမိန့်တော်ရရှေ့နေ၊ အောက်တန်းရှေ့နေကြီးများနှင့်လည်းကောင်း တစ်ဖက်စီအမှုများလိုက်ပါဆောင်ရွက်ခဲ့ဖူးသည်။ ယင်းရှေ့နေကြီးများသည် ယခုတော့ ရှိကြတော့မည်မဟုတ်ပေ။

တရားလွှတ်တော်ရှေ့နေ (Advocate) ကို အမြင့်ဆုံးဖြစ်သည့် တရားရုံး၏ အမည်ကို လိုက်၍ ပြောင်းလဲခေါ်ဆိုမှုပြုခဲ့သည်။ အမြင့်ဆုံးတရားရုံးသည် တရားလွှတ်တော်ဖြစ်လျှင် တရားလွှတ်တော်ရှေ့နေ၊ တရားရုံးချုပ်ဖြစ်လျှင် တရားရုံးချုပ်ရှေ့နေ၊ ဗဟိုတရားရုံးဖြစ်လျှင် ဗဟိုတရားရုံးရှေ့နေ ဟူ၍ သုံးနှုန်းခေါ်ဆိုခဲ့သည်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသည့် ပြည်သူ့တရားစီရင်ရေးစနစ်ကျင့်သုံးသည့် အချိန်ကာလက ရှေ့နေဟူသော စကားရပ်ကို အကျိုးဆောင်ဟူ၍ တွင်တွင်ကျယ်ကျယ်သုံးနှုန်းပြောဆိုခဲ့သည်ကိုလည်း တွေ့ရသည်။ ဥပမာ- တရားလိုရှေ့နေ၊ အစိုးရရှေ့နေ၊ တရားခံရှေ့နေ ဆိုသော စကားရပ်အစား တရားလို အကျိုးဆောင်၊ အစိုးရအကျိုးဆောင်၊ တရားခံအကျိုးဆောင်ဟူ၍ ဖြစ်သည်။ ကျွန်ုပ်တို့ အလုပ်စတင်ဝင်ရောက်သည့် အချိန် ဥပဒေအကျိုးဆောင်အဆင့် (၄) ရာထူးဖြင့် စတင်ဝင်ရောက်ခဲ့ရသည်။ နောက်ပိုင်းမှ ဥပဒေဝန်ထမ်း၊ ဥပဒေအရာရှိ စသည်ဖြင့် ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။

**ရှေ့နေလုပ်ငန်း**

ရှေ့နေလုပ်ငန်းသည် အခြေခံအားဖြင့် လွတ်လပ်သည့် လုပ်ငန်းတစ်ရပ်ဟု ဆိုကြသည်။ အတတ်ပညာဆိုင်ရာ လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ဥပဒေအတတ်ပညာဖြင့် လုပ်ကိုင်ဆောင်ရွက်ရခြင်းဖြစ်သည်။ အမှုသည်တို့၏ ယုံကြည်အပ်နှံမှုကို ခံယူ၍ ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည်။ ယုံကြည်အပ်နှံခြင်း ခံရသူများဖြစ်သည့်အားလျော်စွာ သိက္ခာ၊ သမာဓိရှိကြရသည်။ လုံ့လ၊ ဝီရိယများနှင့်ကြိုးစားအားထုတ်ရသည်။ ဥပဒေပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အမှုနှင့်ဆက်စပ်သည့် အချက်အလက်များကို စုဆောင်းထားကြရသည်။

ဥပဒေပြဋ္ဌာန်းချက်များနှင့် လုပ်ထုံးလုပ်နည်းများကား များပြားလှသည်။ ဤသည်ကို နားလည်ထားရမည်။ ကျွမ်းကျွမ်းကျင်ကျင် တတ်သိထားရမည်။ သို့သော် အားလုံးကို သိရှိအောင်၊ တတ်ကျွမ်းအောင် လေ့လာမှတ်သားထားရမည်ဆိုသည်ကား လွယ်ကူလှသည်မဟုတ်။ မည်သည့်ဥပဒေက မည်သည့်နေရာမှာရှိသည်။ မည်သည့် လုပ်ထုံးလုပ်နည်းက မည်သည့်နေရာမှာရှိသည်ကို အလွယ်တကူရှာဖွေနိုင်စွမ်းရှိသည်ဆိုလျှင်ပင် လုံလောက်ပေမည်ဟု ဆိုကြသည်။

အမှုနှင့် ဆက်စပ်သော အချက်အလက်များဆိုသည်မှာလည်း များပြားလှသည်။ ကျယ်ဝန်းလှသည်။ မှုခင်းအမျိုးမျိုး၊ မှုခင်းအထွေထွေတို့နှင့် ကြုံရတတ်သည်။ နေဝင်ချိန်၊ နေထွက်ချိန်၊ လသာရက်၊ လမိုက်ရက်၊ ဒီရေအတက်အကျ၊ စသည်စသည် သဘာဝဖြစ်စဉ် အပြောင်းအလဲများကို နားလည်ထားရမည်။ စာရင်းအင်းပညာ၊ ကွန်ပျူတာ၊ အင်တာနက်၊ ဖေ့စ်ဘုတ် စသည်စသည် အတတ်ပညာပိုင်းဆိုင်ရာတို့ကို သင်ယူထားရမည်။ အရက်ဆိုင်၊ ဘီယာဆိုင်၊ ကာရာအိုကေဆိုင်၊ လောင်းကစား(ချဲ၊ ဖဲ၊ ဒိုးဆက်) စသည်စသည် လုပ်ငန်းတို့၏ အနေအထားကို လေ့လာထားရမည်။ တုတ်၊ ဓား၊ လက်နက်၊ ခဲယမ်းမီးကျောက်၊ လေးခွ၊ ဂျင်ကလိ၊ ကတ်ကြေး၊ ကွမ်းညှပ် စသည်စသည် လက်နက်ကိရိယာများ၏ စွမ်းအားကို သိရှိထားရမည်။ သို့မှသာ မိမိကြုံတွေ့လာမည့် အမှုနှင့် ဆက်စပ်သည့် အချက်အလက်များကို ရှာဖွေဖော်ထုတ်ရာတွင် လွယ်ကူပေမည်။ ဤသိရှိထားချက်များက အထောက်အကူပြုပေလိမ့်မည်။

**တရားရုံးတွင် လိုက်ပါဆောင်ရွက်ခြင်း**

တရားရုံးတွင် အမှုသည်ကိုယ်စား လိုက်ပါဆောင်ရွက်ပေးရသည်။ သက်သေများကို စစ်ဆေးမေးမြန်းပေးရသည်။ သက်သေခံအချက်အလက် အထောက်အထားများ၊ သက်သေခံစာရွက်စာတမ်းများ၊ ပစ္စည်းများကို သက်သေခံအဖြစ် တင်ပြရသည်။ လျှောက်လဲချက်များတင်ပြရသည်။ ဤသည်မှာ တရားခွင်တွင် ရှေ့နေ၏ လုပ်ငန်းဆောင်ရွက်ချက် အကျဉ်းမျှသာဖြစ်သည်။ လက်တွေ့ဆောင်ရွက်ရာတွင် လုပ်ငန်းဆောင်တာအဆင့်ဆင့်ကို ဖြတ်သန်းဆောင်ရွက်ရသည်။ ခက်ခက်ခဲခဲ ကြိုးပမ်းအားထုတ်ကြရသည်။ ဝီရိယစိုက်ရသည်။ ရှေ့နေတို့၏ ဉာဏ်ရည်၊ ရှေ့နေတို့၏ အတတ်ပညာ (Art of Advocacy) ကွန့်မြူးရသည်။ တစ်ချက်ကလေးမှ ပေါ့ဆ၍မရ။ လုပ်ငန်းဆောင်တာအဆင့်ဆင့်တိုင်းတွင် ရှေ့နေ၏ ဆောင်ရွက်သမျှသည် အမှုသည်၏ ဆောင်ရွက်မှုဖြစ်သည်။ မှားယွင်းစွာ ဆောင်ရွက်မိလျှင် အမှုသည်အတွက် နစ်နာရသည်။ သို့ဖြစ်ရာ ရှေ့နေလုပ်ငန်းသည် တာဝန်ကြီးသည့် လုပ်ငန်းတစ်ရပ်လည်းဖြစ်ပေသည်။

**ရှေ့နေရှေ့ရပ်တို့၏ ကျင့်ဝတ်သိက္ခာ**

ရှေ့နေရှေ့ရပ်များ လိုက်နာကျင့်သုံးရန်အတွက် ကျင့်ဝတ်သိက္ခာများကို သီးခြားပြဋ္ဌာန်းထားခြင်းမရှိပေ။

ရှေ့နေရှေ့ရပ်များ လိုက်နာအပ်သော ကျင့်ဝတ်သိက္ခာအချို့ကို ရှေ့နေလိုက်သူများ အက်ဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ၊ သက်သေခံဥပဒေ စသော ဥပဒေများ၊ တရားရုံးများလက်စွဲ တရားရုံးချုပ်ညွှန်ကြားလွှာနှင့် တရားစီရင်ထုံးများ စသည်တို့တွင် တွေ့ရှိနိုင်သည်။ ယင်းသို့ ဥပဒေများ၊ ညွှန်ကြားလွှာများ၊ စီရင်ထုံးများ စသည်တို့တွင် အနှံ့အပြားဖြစ်နေသော ကျင့်ဝတ်သိက္ခာ လမ်းညွှန်မှုအဖြာဖြာတို့ကို အသင့်အလွယ်တကူ လေ့လာ ဖတ်ရှု၊ ဂရုပြုလိုက်နာကြစေရန်၊ ယခင်ဗဟိုတရားရုံးရှေ့နေများကောင်စီက "ရှေ့နေရှေ့ရပ်တို့၏ ကျင့်ဝတ်သိက္ခာစာတမ်း" အမည်ဖြင့် စာတမ်းတစ်စောင်ကို ၁၉၈၀ ပြည့်နှစ် ဧပြီလတွင် ထုတ်ဝေခဲ့သည်။

၁၉၉၀ ပြည့်နှစ် ရောက်သည့်အခါ တရားရုံးချုပ်ရှေ့နေများကောင်စီသည် ယခင်က ထုတ်ဝေခဲ့သည့် "ရှေ့နေရှေ့ရပ်တို့၏ ကျင့်ဝတ်သိက္ခာစာတမ်း"ကို ပြန်လည်သုံးသပ်ခဲ့သည်။ ရှေ့နေရှေ့ရပ်တို့၏ ကျင့်ဝတ်သိက္ခာများအပြင် တာဝန်များနှင့် အခွင့်အရေးများကို ဖြည့်စွက်၍ "ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများ" စာစောင်ကို ယင်းနှစ် ဇူလိုင်လက ပထမအကြိမ် ထုတ်ဝေခဲ့သည်။ ၁၉၉၂ ခုနှစ် ဇန်နဝါရီလတွင် ဒုတိယအကြိမ် ဖြည့်စွက်ချက်များဖြင့် ထုတ်ဝေခဲ့သည်။ ရှေ့နေရှေ့ရပ်တိုင်း နှစ်နှစ်ကာကာ သိရှိထားရမည့် ကျင့်ဝတ်သိက္ခာများဖြစ်သည်။ စွဲစွဲမြဲမြဲ လက်ကိုင်ထားရမည့် စာစောင်ဖြစ်သည်။

**ရှောင်ကြဉ်ရမည့်အချက်များ**

ရှေ့နေရှေ့ရပ်များသည် တရားရုံးကို မထီမဲ့မြင် မပြုရ။ တရားသူကြီးကို ဝေဖန်ပုတ်ခတ်ပြောဆိုခြင်း မပြုရ။ ခြိမ်းခြောက်ခြင်းမပြုရ။ မူးယစ်ရမ်းကား၊ တာဝန်မဲ့ပြောဆိုခြင်း မပြုရ။ တရားခွင်တွင် ရှေ့နေအချင်းချင်း ငြင်းခုံပြောဆိုခြင်း မပြုရ။ တစ်ဦးနှင့်တစ်ဦးပုဂ္ဂိုလ်ရေးများ မပါရှိစေရ။ မိမိ၏အမှုကို အနိုင်ရရှိဖော့နှင့် တစ်ဖက်ရှေ့နေအား မနှိမ်ရ။ မတိုက်ခိုက်ရ။ အခြားရှေ့နေတစ်ဦး လိုက်ပါဆောင်ရွက်လျက်ရှိသော အမှုတွင် ယင်းရှေ့နေ၏ သဘောတူညီချက် မရရှိဘဲ ဝင်ရောက်လိုက်ပါ ဆောင်ရွက်ခြင်းမပြုရ။

မိမိလိုက်ပါဆောင်ရွက်သောအမှုကို အနိုင်ရရှိစေရေးအတွက် မည်သူ့ကိုမျှ တံစိုးလက်ဆောင်ပေးခြင်းမပြုရ။ အမှုပွဲစားများ မထားရ။ အမှုများပွားများလာအောင်မပြုရ။ မဟုတ်မမှန် တိုင်ကြားစွပ်စွဲခြင်းမပြုရ။ မမှန်သည်ကို မမှန်မှန်းသိလျက်နှင့် ပြောဆိုတင်ပြခြင်းမပြုရ။ မိမိ၏နာမည်ကို ကြော်ငြာခြင်းမပြုရ။ အမှုဆွယ်ခြင်း မပြုရ။ အမှုနိုင်လျှင် ရှေ့နေခ မည်မျှရမည်ဟု အမှုသည်နှင့် အနိုင်အရှုံးအပေါ် မူတည်၍ သဘောတူလိုက်ပါဆောင်ရွက်ခြင်းမပြုရ။

သက်သေအစစ်အစား သက်သေအတုအယောင်ကို အစားထိုးစစ်ဆေးခြင်းမပြုရ။ မိမိအမှုသည်ဘက်က မှားနေပါလျက် မိမိတို့ မုချနိုင်ရမည်ဟု ကတိပေးခြင်းမျိုးမပြုရ။ ရှေ့နေလုပ်ငန်းကို မလျော်ကန်သောနည်းများ မကျင့်သုံးရ။ လိမ်လည်၍ ပြုမူဆောင်ရွက်ခြင်းမပြုရ။ မိမိလိုက်ပါဆောင်ရွက်သော အမှုတွင် လေလံတင်ရောင်းချမည့်ပစ္စည်းကို လေလံဆွဲဝယ်ယူခြင်း မပြုရ။ ရှေ့နေလုပ်ငန်းကို ငွေရပေါက်လုပ်ငန်းအဖြစ် သဘောမထားရ။

မိမိကိုယ်တိုင် သက်သေအဖြစ် ပါဝင်ရမည့် အမှုတွင် ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခြင်းမပြုရ။ အမှုနိုင်ကို နိုင်ရမည်၊ မနိုင်လျှင် ငွေပြန်ပေးမည်ဟု မပြောရ။ အဆမတန် ရှေ့နေခတောင်းခံခြင်းမပြုရ။ မိမိ၏ ရှေ့နေခအပြင် မည်သူမည်ဝါအား လာဘ်ပေးရန်အတွက် ပြောဆိုတောင်းခံခြင်းမပြုရ။ အမှုကို ကြန့်ကြာစေရန် အကြောင်းအမျိုးမျိုးဖြင့် ရက်ချိန်းများ မတောင်းရ။

ဤသည်တို့ကား ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများထဲမှ ရှောင်ကြဉ်ရမည့်အချက်အချို့ဖြစ်ပေသည်။ ရှေ့နေကြီးများ ရှောင်ကြဉ်နိုင်ကြပါစေ။

**ဆောင်ရမည့် အချက်များ**

အမှန်တရားဖြစ်ထွန်းစေရန် တရားရုံးအရာရှိများသဖွယ် ကူညီဆောင်ရွက်ကြရသည်။ မိမိအမှုသည်များအပေါ် သစ္စာရှိရန်လိုအပ်သည်။ တရားရုံးများအပေါ်တွင် သစ္စာထားရန် လိုအပ်သည်။ မိမိတို့ လိုက်နာဆောင်ရွက်သမျှသည် မိမိ၏ အမှုသည်အတွက်လည်း အားထားဖွယ်ဖြစ်စေရမည်။ တစ်ဖက်အမှုသည်၏ ယုံကြည်မှုကိုလည်း ခံရစေရမည်။ တရားရုံးအားလည်း အကူအညီဖြစ်စေရမည်။ ရှေ့နေလုပ်ငန်း၏ အစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်။ အခကြေးငွေကို အဓိကမထားဘဲ တာဝန်ထမ်းဆောင်မှုကို အဓိကထားကြရမည်။ မိမိတစ်ဦးချင်း၏ အကျိုးစီးပွားနှင့် ရှေ့နေလုပ်ငန်းတစ်ရပ်လုံး၏ အကျိုးစီးပွားတို့ယှဉ်လာလျှင် ရှေ့နေလုပ်ငန်းတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဦးစားပေးရမည်။ တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်ခြင်း၊ မှန်ကန်ခြင်းနှင့် မျှတခြင်းများ ဖြစ်ထွန်းစေရအောင် ကူညီဆောင်ရွက်ကြရမည်။

ဥပဒေများ၊ စီရင်ထုံးများ အစဉ်အမြဲ ပြောင်းလဲတိုးတက်နေသော ဥပဒေပညာဆိုင်ရာ အတွေးအမြင်များကို မျက်ခြည်မပြတ် လေ့လာဆည်းပူးနေရမည်။ လူသာအိုသော်လည်း ဥပဒေပညာအရာမှာ အမြဲနုပျိုနေရမည်။ ရှေ့နေဆိုပျို့မှ ဆိုသော စကားရပ်သည် အသက်အရွယ်နုပျိုနေခြင်းကို မဆိုလို။ ဥပဒေအရာမှာ အမြဲပျိုနေရမည်ဖြစ်သည်။

တရားရုံးအရာရှိများ ဖြစ်သည်နှင့်အညီ တရားစီရင်ရေးလုပ်ငန်းတွင် သစ္စာရှိရှိ၊ သမာဓိတည်တည် ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်ကြရမည်။ မှန်မှန်နှင့်မြန်မြန် တရားစီရင်ရေးအောင်မြင်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်။ တရားသူကြီးများအား လေးလေးစားစား ဆက်ဆံကြရမည်။ တရားသူကြီးများနှင့် ရှေ့နေများအကြား အပြန်အလှန်လေးစားမှု ရှိကြရမည်။ တရားရုံးအား မှန်ကန်စွာတင်ပြရမည်။ ရုံးချိန်းရက်များတွင် အချိန်မီသွားရောက်ရမည်။ ကိုယ်တိုင်မတက်ရောက်နိုင်သော နေ့ရက်များတွင် အခြားရှေ့နေတစ်ဦးတစ်ယောက်နှင့် စီစဉ်ပေးရမည်။

အမှုသည်က မိမိအားပေးအပ်သော အမှုနှင့်ပတ်သက်သော စာရွက်စာတမ်းများကို လုံခြုံစွာ ထိန်းသိမ်းထားရမည်။ အမှုပြီးဆုံးသည့်အခါ အမှုသည်အား စနစ်တကျ ပြန်လည်ပေးအပ်ရမည်။ ရှေ့နေများအချင်းချင်း ဆက်ဆံရာတွင် မိသားစုစိတ်ဓာတ်၊ ရဲဘော်ရဲဘက် စိတ်ဓာတ်ထားရှိရမည်။

ဤသည်တို့ကား ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများထဲမှ ဆောင်ရမည့် အချက်အချို့သာ ဖြစ်ပေသည်။ ရှေ့နေကြီးများ ကောင်းစွာဆောင်နိုင်ကြပါစေ။

**မြင့်မြတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်ခြင်း**

ရှေ့နေလုပ်ငန်းသည် အစိုးရဝန်ထမ်းရာထူးမျိုးမဟုတ်၊ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုရသည်။ ဥပဒေပညာအပေါ် သစ္စာရှိ၍ ဥပဒေနှင့်အညီ တရားသဖြင့် (သမ္မာအာဇီဝ) အသက်မွေးဝမ်းကျောင်းခြင်းပြုလျှင် ရှေ့နေလုပ်ငန်းသည် မြင့်မြတ်သော အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းဖြစ်သည် (Legal profession is a noble profession)။ အဘယ်ကြောင့်ပါနည်း။

ရှေ့နေများသည် တရားစီရင်ရာတွင် တရားမျှတမှုရှိစေရေးအတွက် မိမိ၏ အမှုသည်ကိုယ်စားလိုက်ပါဆောင်ရွက်ပေးကြရသည်။ အမှန်တရားကို ရှာဖွေရာ၌ ဥပဒေနှင့်အညီ မျှမျှတတ မှန်မှန်ကန်ကန် ဆုံးဖြတ်ရသော တရားရုံးအား အထောက်အကူပြုကြရသည်။ အမှန်တရားဖြစ်ထွန်းစေရန် တရားရုံးအရာရှိများသဖွယ် ကူညီဆောင်ရွက်ကြရသည်။ မြန်မြန်နှင့်မှန်မှန် တရားစီရင်ရေးဖြစ်စေဖို့ တရားရုံးနှင့်ပူးပေါင်းဆောင်ရွက်ကြရသည်။ တရားစီရင်ရေးမဏ္ဍိုင် မတိမ်းမစောင်း ကြံ့ခိုင်ရအောင် စောင့်ရှောက်ပေးကြရသည်။ မှန်ကန်မျှတ၍ ကောင်းမွန်သော ဥပဒေများ ပေါ်ပေါက်ရေး၊ ကောင်းမွန်သောစီရင်ထုံးများ ဖြစ်ထွန်းစေရေး ညွှန်ပြပေးကြရသည်။

အမှုသည်များအား လမ်းမှန်သို့ရောက်အောင် ညွှန်ပြပေးကြရသည်။ ရှေ့ဆောင်ရှေ့ရွက်ပြုကြရသည်။ အမှုသည်များက မလျော်သောကိစ္စကို ဆောင်ရွက်ပေးပါ။ မမှန်မကန်သောနည်းလမ်းဖြင့် အမှုကို လိုက်ပါဆောင်ရွက်ပေးပါ စသည်စသည် ပြောဆိုလာလျှင် ဥပဒေအသိပညာများ ပေးကြရသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

ရှေ့နေလုပ်ငန်းသည် အခြေခံအားဖြင့် လွတ်လပ်သည့်လုပ်ငန်းတစ်ရပ်ဟု ဆိုကြသည်။ အတတ်ပညာဆိုင်ရာ လုပ်ငန်း တစ်ရပ်ဖြစ်သည်။ ဥပဒေအတတ်ပညာဖြင့် လုပ်ကိုင်ဆောင်ရွက်ရခြင်းဖြစ်သည်။ အမှုသည်တို့၏ ယုံကြည်အပ်နှံမှုကို ခံယူ၍ ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည်။ ယုံကြည်အပ်နှံခြင်းခံရသူများဖြစ်သည့် အားလျော်စွာ သိက္ခာ၊ သမာဓိ ရှိကြရသည်။ လုံ့လ၊ ဝီရိယများနှင့်ကြိုးစားအားထုတ်ရသည်။

# အခွန်အမှတ်တံဆိပ်နှင့် ကုန်သွယ်လုပ်ငန်းခွန်

**M မောင်မောင်**

ပြည်တွင်းအခွန်များဦးစီးဌာန၏ စားသောက်ဆိုင်၊ ဟိုတယ်နှင့် တည်းခိုခန်းများနှင့် ပတ်သက်၍ အသိပေးနှိုးဆော်သည့် ကြော်ငြာကို ၂၀၁၆ ခုနှစ် ဇူလိုင် ၂၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာကြော်ငြာကဏ္ဍတွင် ဖတ်ရှုရပါသည်။ ပြေစာတွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရန်နှင့် လိုက်နာမှုမရှိပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်ထားခြင်းဖြစ်သည်။

**ရှေ့ပြေးစမ်းသပ်ချက်**

ကုန်သွယ်လုပ်ငန်းခွန်သည် သွယ်ဝိုက်ခွန်ဖြစ်ကြောင်း လုပ်ငန်းရှင်များသိပြီးဖြစ်ပါသည်။ သွယ်ဝိုက်ခွန်၏ သဘောမှာ ကျသင့်အခွန်ကို စားသုံးသူက ကျခံရပြီး ထိုအခွန်ကို လုပ်ငန်းရှင်က ကောက်ခံ၍ သတ်မှတ်ချိန်အတွင်းနိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရခြင်းဖြစ်သည်။ သွယ်ဝိုက်ခွန်ကောက်ခံပြီး နိုင်ငံတော်သို့ သတ်မှတ်ချိန်အတွင်း ပေးဆောင်ခြင်းမပြုလျှင် နိုင်ငံတော်ပိုင်အခွန်ဘဏ္ဍာငွေကို အလွဲသုံးစားပြုရာရောက်ကြောင်း လုပ်ငန်းရှင်များ သတိပြုရန်လိုအပ်ပါသည်။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့်အကျုံးဝင်သော ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုအမျိုးမျိုးရှိသော်လည်း စားသောက်ဆိုင်၊ ဟိုတယ်နှင့် တည်းခိုခန်းများအပေါ်တွင်သာ အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ သွယ်ဝိုက်ခွန်ကောက်ခံစေခြင်းသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးအတွက် ရှေ့ပြေးစမ်းသပ်ချက်ဖြစ်နိုင်ပါသည်။ သို့ရာတွင် အခွန်ထမ်းများလိုက်နာနိုင်မှုအားနည်းနေလို့လား၊ အခွန်ပညာပေးမှု အားနည်းနေလို့လား၊ အခွန်ဆိုင်ရာစီမံခန့်ခွဲမှုတွင် လိုနေသေးလို့လားမသိပေ။ စမ်းသပ်ကာလတစ်နှစ်ကျော်ကြာခဲ့ပြီဖြစ်သော်လည်း ပီပြင်မှုမရှိသေးကြောင်း တွေ့ရှိရသည်။ ထို့ကြောင့်လည်း အထက်ပါ အသိပေး နှိုးဆော်သည့် ကြော်ငြာထွက်ပေါ်လာခြင်းဖြစ်သည်။

**ယခုမှပေါ်ထွက်လာသော အခွန်မဟုတ်**

သွယ်ဝိုက်ခွန်ကောက်ခံမှုသည် ယခုမှပေါ်လာသော အသစ်အဆန်း အခွန်စနစ်မဟုတ်ပေ။ ၁၉၇၄ ခုနှစ် မတိုင်မီက ကုန်သွယ်ခွန် (၄)ရပ်ဆိုတာ ရှိပါသည်။ ၁၉၅၂ ခုနှစ် ရောင်းခွန်အက်ဥပဒေ၊ ၁၉၅၆ ခုနှစ် ရောင်းဝယ်လုပ်ကိုင်မှု ဥပစာခွန် အက်ဥပဒေ၊ ၁၉၄၉ ခုနှစ် ဟိုတယ်နှင့်ပျော်ပွဲစားရုံခွန်အက်ဥပဒေ၊ ၁၉၄၇ ခုနှစ် ပွဲခွန်တော်အက်ဥပဒေစသည့် ဥပဒေ (၄)ရပ်ကို ပြဋ္ဌာန်းခဲ့ပြီး ကုန်သွယ်ခွန်ကောက်ခံခဲ့ခြင်းဖြစ်သည်။ ၁၉၇၄ ခုနှစ် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တွင် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့ပြီး ၁၉၇၆ ခုနှစ် ကုန်စည်နှင့် ဝန်ဆောင်မှုခွန်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေ၏ ထူးခြားချက်မှာ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများနှင့် ကုန်ထုတ်သမဝါယမအသင်းများပေါ်တွင်သာ အကျိုးသက်ရောက်ခြင်းဖြစ်သည်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုများပေါ်တွင် အကျိုးသက်ရောက်ခြင်းမရှိပေ။ ထိုခေတ်၊ထိုစနစ်တွင် ကုန်သွယ်ခွန် (၄)ရပ်သည်လည်းအကျိုးသက်ရောက်မှုမရှိတော့သဖြင့် ပြည်သူတို့သည် သွယ်ဝိုက်ခွန်နှင့် အဆက်ပြတ်ခဲ့ရပေသည်။

**၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန်**

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့သဖြင့် ၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ပြောရလျှင် ထိုဥပဒေသည် အထက်ဖော်ပြပါ ကုန်သွယ်ခွန် (၄)ရပ်၏ ဥပဒေပြဋ္ဌာန်းချက်ကို မှီး၍ လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ရေးသမွှေထားခြင်းဖြစ်သည်။ ထိုဥပဒေသည် နိုင်ငံပိုင်ကဏ္ဍ၊ သမဝါယမပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍ စသည်ဖြင့် ကဏ္ဍသုံးရပ်စလုံးပေါ်တွင် အကျိုးသက်ရောက်ပါသည်။ သို့ရာတွင် ဈေးကွက်စီးပွားရေးဖော်ဆောင်မှုတွင် ပီပြင်မှုမရှိခြင်း၊ ပြည်သူတို့ အခွန်ဆိုင်ရာ အသိအမြင် နည်းပါးခြင်း၊ အခွန်ပညာပေးမှု လွန်စွာအားနည်းခြင်း၊ အစိုးရနှင့် ပြည်သူတို့ အခွန်ကောက်ခံမှုတွင် စိတ်ဝင်စားမှုအားနည်းခြင်းကြောင့်

> **အကြောင်းပြချက်တချို့မှာ "ကုန်သွယ်ခွန်ဆောင်လို့ ငွေဖြုံမရနိုင်ဘူး" ဟူ၍ လည်းကောင်း၊ "အခွန်ဆောင်ရင် အစိုးရကဘာလုပ်ပေးမှာလဲ" ဟူ၍ လည်းကောင်း ပြောတတ်ကြပါသည်။ ဤသည်မှာ အခွန်၏သဘောကို နားမလည်သောကြောင့်ဖြစ်သည်။ ပြည်သူတို့ အခွန်အကြောင်း နားမလည်ခြင်းသည် အခွန်ပညာပေးမှု အားနည်းခြင်းနှင့် ကောင်းမွန်ထိရောက်သော အခွန်ဆိုင်ရာစီမံခန့်ခွဲမှုမရှိခြင်းကြောင့်ဟု ဆိုနိုင်ပါသည်။**

အခွန်အကောက်စနစ်မှာ လျော့ရဲရဲနိုင်လှသည်။ အမှန်တကယ် အခွန်ဆောင်သင့် ဆောင်ထိုက်သော လုပ်ငန်းကြီးများ၊ ကုမ္ပဏီများပေါ်ပေါက်လာသော်လည်း အကြောင်းကြောင်းကြောင့် အခွန်တိမ်းရှောင်မှုများနှင့် အခွန်လျော့နည်းစည်းကြပ်မှုများဖြစ်လာသည်ကို တွေ့ရှိရသည်။ ထို Mindset များ ယနေ့တိုင် အရှိန်မသေနိုင်သေးပါ။

**ပြည်ထောင်စုအစိုးရခေတ်**

ပထမအကြိမ် ပြည်ထောင်စုအစိုးရသည် ၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို လိုသလို ပြင်ဆင်ဖြည့်စွက်၍ ဆက်လက်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ယခင်က စားသောက်ဆိုင်၊ ဟိုတယ်နှင့် တည်းခိုခရငွေများအပေါ် အခွန် ၁၀ရာခိုင်နှုန်းကျသင့်ပါသည်။ ပြည်ထောင်စုအစိုးရလက်ထက်တွင် ငါးရာခိုင်နှုန်းသို့လျှော့ချပေးခဲ့သည်။ သို့ရာတွင် အခွန်ထမ်းများအနေဖြင့် အခွန်ပေးဆောင်လိုစိတ်နည်းပါးနေသေးသည်ကို တွေ့ရှိရသည်။ သူတို့၏အကြောင်းပြချက်တချို့မှာ "ကုန်သွယ်ခွန်ဆောင်လို့ ငွေဖြုံမရနိုင်ဘူး" ဟူ၍ လည်းကောင်း၊ "အခွန်ဆောင်ရင် အစိုးရက ဘာလုပ်ပေးမှာလဲ" ဟူ၍လည်းကောင်း ပြောတတ်ကြပါသည်။ ဤသည်မှာ အခွန် (Tax) ၏ သဘောကို နားမလည်သောကြောင့် ဖြစ်သည်။ ပြည်သူတို့ အခွန်အကြောင်း နားမလည်ခြင်းသည် အခွန်ပညာပေးမှုအားနည်းခြင်းနှင့် ကောင်းမွန်ထိရောက်သော အခွန်ဆိုင်ရာစီမံခန့်ခွဲမှု (efficient and effective tax administration) မရှိခြင်းကြောင့်ဟု ဆိုနိုင်ပါသည်။ ယခုအခွန်အမှတ်တံဆိပ်ကပ်နှိပ်စေ၍ သွယ်ဝိုက်ခွန်ကောက်ခံခြင်းသည် ကောင်းမွန်ထိရောက်သော အခွန်ဆိုင်ရာစီမံခန့်ခွဲမှုဖြစ်ပါသလားဟု မေးရန် ရှိပါသည်။ ထိုသို့ မဆိုသာသေးပါ။

**သုံးဦးသုံးဖလှယ်**

သွယ်ဝိုက်ခွန်ကောက်ခံမှုတွင် အခွန်ရုံး၊ အခွန်ထမ်းနှင့် စားသုံးသူဟူ၍ သုံးဦးသုံးဖလှယ်ပါဝင်ပါသည်။တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမှာက အဆင့်ဆင့်သော အခွန်ရုံးဝန်ထမ်းများ ဖြစ်သည်။ တည်ဆဲဥပဒေကိုလိုက်နာရမှာက အခွန်ထမ်း(လုပ်ငန်းရှင်)များဖြစ်သည်။ ကူညီပံ့ပိုးပေးရမှာက စားသုံးသူ ပြည်သူများဖြစ်သည်။ ထိုသုံးဦးသုံးဖလှယ် တာဝန်သိစိတ်ရှိနေပါလျှင် သွယ်ဝိုက်ခွန်ကောက်ခံရရှိရေးမှာ လွယ်ကူပါလိမ့်မည်။ သို့သော် အပြောလွယ်သလောက် အလုပ်ခက်ပါသည်။

အခွန်ထမ်း၊ အခွန်ဝန်ထမ်း၊ စားသုံးသူပြည်သူတို့သည် အပြန်အလှန်လေးစားကြရန် လိုပါသည်။ လူအမျိုးမျိုး၊ စိတ်အထွေထွေရှိသည်။ တချို့သောလုပ်ငန်းရှင်များသည် စားသုံးသူနှင့် အခွန်ရုံးကို ရန်တိုက်ပေးသောစကားများ ပြောတတ်ကြပါသည်။ တချို့သော စားသုံးသူများသည် ကိုယ့်အိမ်မှာ ဘယ်လိုစားသောက်နေသည်မသိ၊ စားသောက်ဆိုင်ရောက်လျှင် မာန်တက်တတ်ကြပါသည်။ အခွန်ဝန်ထမ်းတချို့သည် အခွန်ထမ်းများအပေါ် မချေမငံဆက်ဆံတတ်ကြပါသည်။ ပြည်ထောင်စုအစိုးရသည် နိုင်ငံရေး၊ စီးပွားရေး၊ ပြုပြင်ပြောင်းလဲရေးအတွက် ဆောင်ရွက်နေသလို ပြည်သူတို့ကလည်း မိမိတို့၏ Mindset များကို မိမိတို့ကိုယ်တိုင်ပြုပြင်ပြောင်းလဲရန်လိုအပ်ပါသည်။

**အခွန်ဆိုင်ရာ စီမံခန့်ခွဲမှု**

ကောင်းမွန်ထိရောက်သော အခွန်ဆိုင်ရာ စီမံခန့်ခွဲမှုတွင် အခွန်ဥပဒေပြဋ္ဌာန်းချက်များ၏ မျှတမှန်ကန်မှု၊ အခွန်ရုံးဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှု၊ တာဝန်ရှိသူအဆင့်ဆင့်တို့၏ ကြပ်မတ်ထိန်းကျောင်းမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ထိရောက်သော အခွန်ဆိုင်ရာ ပညာပေးမှုတို့ အဓိကပါဝင်သည်ဟု ဆိုချင်ပါသည်။ ထိရောက်သော အခွန်ဆိုင်ရာ ပညာပေးမှုဟုဆိုရာတွင် အခွန်ထမ်းပြည်သူများအား ဖိတ်ခေါ်၍ လူမြင်သူမြင်ဟောပြောနေမှု မဟုတ်ပေ။ နေ့စဉ် အလုပ်လုပ်ရင်း ပညာပေး၊ ပညာပေးရင်း အလုပ်လုပ်နေရမည်သာ ဖြစ်သည်။ ထိုသို့ ပညာပေးနိုင်ရန် အခွန်ရုံးဝန်ထမ်းများအနေဖြင့် အခွန်ပညာဝမ်းစာပြည့်ရန် လိုအပ်ပါသည်။

အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ သွယ်ဝိုက်ခွန်ကောက်ခံခြင်း အစီအစဉ်တွင် အခွန်ထမ်းများအား အခွန်အမှတ်တံဆိပ်လာရောက်ထုတ်ယူ၍ ပြေစာတွင်ကပ်ပေးကြပါဟု ညွှန်ကြားနေရုံနှင့် မပြီးပါ။ အခွန်ထမ်းများ လိုလားစွာ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် ပညာပေးမှုကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြပါသလား၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် စနစ်တကျ ထိန်းကျောင်းမှုရှိပါရဲ့လား။ လိုက်နာရန်ပျက်ကွက်မှုအတွက် ထိထိရောက်ရောက် အရေးယူဆောင်ရွက်မှု ရှိပါရဲ့လား။ စားသုံးသူပြည်သူတို့၏ ပံ့ပိုးကူညီမှုကို လိုလိုလားလား လက်ခံဆောင်ရွက်ကြပါရဲ့လားဆိုတာ မေးရန်ရှိပါသည်။ စာရေးသူကိုယ်တိုင် တိုင်ကြားမှု၊ အကြံပေးမှုများ ရှိခဲ့ပါသည်။ ဆောင်းပါးရှည်မည်စိုးသဖြင့် အကျယ်တဝင့် မရေးတော့ပါ။

စနစ်တကျ ကြပ်မတ်ထိန်းကျောင်းမှုဟု ဆိုရာတွင် တာဝန်ရှိသူတို့သည် ရုံးခန်းထဲမှာထိုင်ပြီး ညွှန်ကြားနေရုံနှင့် မပြီးပါ။ တာဝန်ရှိသူအဆင့်ဆင့်တို့ကွင်းဆင်းဆောင်ရွက်ရန်လိုအပ်ပါသည်။ ကွင်းဆင်းဆောင်ရွက်ရာတွင် ထင်သာမြင်သာရှိရန်လိုအပ်သလို လျှို့ဝှက်စုံစမ်းထောက်လှမ်းမှုမျိုးလည်း လိုအပ်ပါသည်။ ကြပ်မတ်ထိန်းကျောင်းရာတွင် အခွန်ထမ်းလုပ်ငန်းရှင်များအား ကြပ်မတ်ထိန်းကျောင်းရန် လိုအပ်သလို၊ လက်အောက်ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုကိုလည်း ကြပ်မတ်ထိန်းကျောင်းရန် လိုအပ်ပါသည်။ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များအား လိုက်နာရန်ပျက်ကွက်သည့် လုပ်ငန်းရှင်များအား ထိရောက်စွာအရေးယူရန် လိုအပ်သလို မမှန်မကန်လုပ်ငန်းဆောင်ရွက်သည့် ဝန်ထမ်းများအား အရေးယူရန် လိုအပ်ပါသည်။ မှန်မှန်ကန်ကန်လုပ်ငန်းဆောင်ရွက်ပါလျက် ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာလျှင် ထိုဝန်ထမ်းအား အကာအကွယ်ပေးရန် အထက်လူကြီးများတွင် တာဝန်ရှိပါသည်။ အထက်လူကြီး၏ စီမံခန့်ခွဲမှုအမှားကြောင့် အောက်လက်ဝန်ထမ်းကို ထိုးကျွေးရန်မသင့်ပါ။

**အသိပေးခြင်းဖြစ်ပါသည်**

အထက်တွင်ဖော်ပြချက်များသည် မြန်မာနိုင်ငံ၌ ကုန်သွယ်လုပ်ငန်းခွန်စတင်ကောက်ခံခဲ့သည့် ကာလအပိုင်းအခြားနှင့် ခေတ်စနစ်အပြောင်းအလဲတွင် မည်သို့ရှိခဲ့သည်ကို ပြည်သူတို့အား အကျဉ်းမျှအသိပေးခြင်းလည်းဖြစ်ပါသည်။ ယနေ့ကျင့်သုံးလျက်ရှိသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ ကုန်သွယ်လုပ်ငန်းမှ အခွန်ကောက်ခံမှုတွင် ကောင်းမွန်ထိရောက်သော အခွန်ဆိုင်ရာစီမံခန့်ခွဲမှု နည်းလမ်းများလိုအပ်ကြောင်း အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းများ၊ စားသုံးသူ ပြည်သူတို့အား တစ်စိတ်တစ်ပိုင်းမျှ အသိပေးခြင်းလည်းဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ ။

---

**စာမျက်နှာ ၆ မှ**

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ရှေးရှု ကြရသည်။

သို့ဖြစ်ပါ၍ ရှေ့နေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့် လုပ်ငန်းသည် မြင့်မြတ်သော အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းတစ်ရပ်ဖြစ်သည်ဟု ဆိုချင်ပါသည်။ ဤသို့သော ဦးတည်ချက်များထားရှိ၍ ဆောင်ရွက်သွားနိုင်ကြပါစေ။

**ဆရာဦးကျော်အေး၏ ဘာသာပြန်တီထွင်မှု**

Legal profession is a noble profession ဤသည်မှာ English Motto တစ်ခုဖြစ်သည်။ ဤ Motto အပေါ် မြန်မာမှုစစ်စစ် အသွင်ဆောင်သည့် ဘာသာပြန်ဆိုမှုများဖြစ်စေရန် ဆရာဦးကျော်အေးသို့ မေးမြန်းမှုပြုခဲ့သည်။ ဆရာဦးကျော်အေးသည် ရှေ့နေချုပ်ရုံးမှ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်တစ်ဦးဖြစ်သည်။ ဆရာသည် မြို့ပိုင်လုပ်ခဲ့ဖူး၍ အုပ်ချုပ်ရေးအတွေ့အကြုံရှိသည်။ ပြည်သူ့တရားစီရင်ရေးစနစ်တွင် တိုင်းတရားသူကြီးအဖွဲ့ဝင်ဖြစ်ခဲ့၍ တရားစီရင်ရေး အတွေ့အကြုံရှိသည်။ ရှေ့နေချုပ်ရုံးတွင် ညွှန်ကြားရေးမှူးချုပ်အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့၍ ဥပဒေပညာ အတွေ့အကြုံရှိသည်။ ဆရာသည် ဥပဒေရေးဆွဲရေးနှင့် ဥပဒေဘာသာပြန်ဆိုရေးလုပ်ငန်းတွင် အထူးစိတ်ဝင်စားသည်။ ကျွမ်းကျွမ်းကျင်ကျင်ရှိသည်။ နှံ့နှံ့စပ်စပ် ရှာဖွေလေ့လာသည်။ ဆရာ ဒုတိယညွှန်ကြားရေးမှူးတာဝန်ထမ်းဆောင်စဉ်က ဥပဒေရေးဆွဲရေးနှင့် ဥပဒေဘာသာပြန်ဆိုရေး တိုးတက်ပြောင်းလဲမှုဖြစ်စဉ်သမိုင်းအကျဉ်းချုပ်ကို စာတမ်းပြုစုခဲ့သည်။ယင်းစာတမ်းသည် ယနေ့အထိ ရှေ့နေချုပ်ရုံးက အားကိုးအားထားပြုနေရသည့် စာတမ်းဖြစ်သည်။ ဆရာသည် ယခုအသက် ၈၀ ဝန်းကျင်တွင် ရောက်နေသည်။ ဆရာသည် ဇရာအိုသော်လည်း ပညာက မအိုသေး။ ပျိုလျက်ရှိသည်။ ရှေ့နေဆိုပျိုမှုဟု ဆိုရိုးစကားရှိသည်မဟုတ်ပါလော။ ဆရာသည် လူက အငြိမ်းစားဖြစ်သော်လည်း ပညာက အငြိမ်းစားခြင်း မရှိသေး။ တရားမကြောင်း၊ ပြစ်မှုကြောင်း၊ ကုန်အမှတ်တံဆိပ်အကြောင်း စသည်ဖြင့် ဥပဒေစာအုပ်တွေ ရေးသားထုတ်ဝေလျက်ရှိသည်။ ဥပဒေပညာပေး အသိပညာတွေ ဟောပြောဆဲ၊ ဆွေးနွေးဆဲ၊ ပညာတွေပေးနေဆဲ ဖြစ်သည်။ ဥပဒေပညာကို ရှင်သန်အောင်လုပ်နေဆဲပင်။ ဆရာ့ကို အားကျမိသည်။

ဆရာက (Legal profession is a noble profession) အင်္ဂလိပ်ဆောင်ပုဒ်ကို ပြောခဲ့သူသည် အင်္ဂလိပ်ဝတ်လုံတော်ရ Mr. F.H Curtis Bernett (ကားတစ်ဘက်နက်) ဖြစ်သည်ဟု ပြောသည်။ ရှေ့နေက ပြောခဲ့သော ဆောင်ပုဒ်ဖြစ်သည်။ ထိုသူသည် ပြည်ထောင်စုနှင့် ဦးစောအမှုတွင် ဂဠုန်ဦးစောဘက်မှ လိုက်ပါဆောင်ရွက်ပေးခဲ့သည့် ရှေ့နေဖြစ်သည်။ အထက်ပါ အင်္ဂလိပ်ဆောင်ပုဒ်ကို ဆရာကြီးဒေါက်တာမောင်မောင်က "ဥပဒေပညာနှင့် အသက်မွေးရတာ အင်မတန် မွန်မြတ်တယ်။ သို့ပေမယ့် ဒီပညာကို တကယ်မမြတ်နိုးရင် ဥပဒေနဲ့ အသက်မမွေးတာဘဲ ကောင်းတယ်"ဟု ရေးသားမှတ်ချက်ပြုခဲ့သည်။ ဤအကြောင်းကို ဒေါက်တာ မောင်မောင်က သူရေးသားခဲ့သည့် "နိုင်ငံတော်လုပ်ကြံမှု (ပြည်ထောင်စုနှင့်ဦးစော) စာအုပ်" စာမျက်နှာ ၁၈၁ တွင် ရေးသားထားခဲ့ကြောင်း ဆရာ ဦးကျော်အေးက ပြန်ပြောပြသည်။ "ဒီပညာကို တကယ်မမြတ်နိုးရင် ဥပဒေနဲ့ အသက်မမွေးတာဘဲ ကောင်းတယ်" ဟူ၍ ပြောကြားချက်မှာ မှတ်သားလောက်သည့် အဖိုးမဖြတ်နိုင်သော ပြောကြားချက်တစ်ခု ဖြစ်ပေသည်။ ဥပဒေပညာနှင့် အသက်မွေးမှုပြုသူတိုင်း ဥပဒေပညာကို မြတ်နိုးတတ်ကြပါစေ။ လေးစားလိုက်နာတတ်ကြပါစေ။

ဆရာဦးကျော်အေးက ဤအင်္ဂလိပ်ဆောင်ပုဒ်ကို မြန်မာမှုပြု၍ "ရှေ့နေလုပ်ငန်းသည် ကျင့်ဝတ်သိက္ခာနှင့် ပြည့်စုံသော သမ္မာအာဇီဝလုပ်ငန်းဖြစ်သည်" ဟု ဘာသာပြန်ဆိုတီထွင်မှုပြုခဲ့သည်။ ဆရာ၏ ဘာသာပြန်ဆိုတီထွင်မှုအပေါ် ဥပဒေပညာဖြင့် အသက်မွေးသော တရားသူကြီးလုပ်ငန်း၊ ဥပဒေဝန်ထမ်းလုပ်ငန်းတွေကရော အကျင့်သိက္ခာနှင့် မပြည့်စုံတော့ဘူးလားဟု တချို့တလေက စောဒကတက်မေးလာသည်။ ဆရာ၏ တီထွင်မှု မှာ ရှေ့နေလုပ်ငန်းပဲ အကျင့်သိက္ခာနှင့် မပြည့်စုံဟု ပြောဆိုသည့်အဓိပ္ပာယ်မျိုး မသက်ရောက်။ အလားတူ Legal Practitioners Act ကို ရှေ့နေလိုက်သူများ အက်ဥပဒေဟု မြန်မာပြန်ဆိုထားသည်။ Legal Profession ကိုလည်း ရှေ့နေလုပ်ငန်းဟု မြန်မာမှုပြုခြင်းသည် သင့်လျော်မည်သာ။ ဆရာဦးကျော်အေး၏အဆိုကို ရှေ့နေများက နှစ်ခြိုက်ကြသည်။ ရှာရှာဖွေဖွေပြုလုပ်ပြီး အများအတွက် ပေးဝေမျှသည့် ဆရာ့ကို ကျေးဇူးတင်ရပေမည်။

**ဆန္ဒ**

ဤကဲ့သို့ မြင့်မြတ်သော၊ အကျင့်သိက္ခာနှင့်ပြည့်စုံသော၊ သမ္မာအာဇီဝဖြစ်သော ရှေ့နေရှေ့ရပ်တို့၏ လုပ်ငန်းကို အမြဲရှင်သန်နေစေလိုပါသည်။ မိစ္ဆာအာဇီဝဖြစ်သော လုပ်ငန်းမျိုးမဖြစ်လို၊ မတွေ့လိုပါ။ မိမိတို့လိုက်နာကြရန် သတ်မှတ်ပေးထားသည့် ရှေ့နေတို့၏ ကျင့်ဝတ်သိက္ခာများကို အစဉ်စောင့်ထိန်းလိုက်နာကြပြီး ရှေ့နေရှေ့ရပ်ကောင်းတို့ ဖြစ်နေကြစေလိုပါသည်။ မိမိတို့ တတ်ကျွမ်းသည့် ဥပဒေပညာဖြင့် ရှေ့နေလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းပြုရင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့ကို ဖြစ်ထွန်းတိုးတက်အောင် စွမ်းဆောင်ပေးနိုင်သည့် ရှေ့နေရှေ့ရပ်ကောင်းတို့ ဖြစ်နေကြစေလိုကြောင်း တိုက်တွန်းနှိုးဆော်ပါရစေ။ ။

# ရေဘေးဒုက္ခကြုံတွေ့နေသည့် မြို့နယ်များသို့ ထမင်းဘူးများလှူဒါန်း



**နေပြည်တော် ဩဂုတ် ၆**
မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဆက်တိုက်ဖြစ်ပေါ်နေပြီး ရေဘေးဒုက္ခများကြုံတွေ့လျက်ရှိခြင်းကြောင့် စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ မြန်အောင်မြို့နယ်နှင့် ကြံခင်းမြို့နယ်များသို့ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM)က ဩဂုတ် ၆ ရက်တွင် ထမင်းဘူးများ သွားရောက်လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဆင်မြေကျေးရွာရှိ ရေဘေးသင့်ပြည်သူ ၃၀၀၀ ကျော်အတွက် ထမင်းဘူး ၃၀၀၀ ကျော်ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ ရေဘေးသင့်စခန်းများမှ ရေဘေးသင့်ပြည်သူ ၇၀၀ ခန့်အတွက် ထမင်းဘူးများကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရေဘေးရှောင်စခန်း ခုနစ်ခုရှိ ရေဘေးသင့်ပြည်သူများအတွက် ထမင်းဘူး ၄၀၀၀ ကျော်ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ထမင်းဘူး ၁၅၀၀ ကိုလည်းကောင်း သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်အချို့တွင် ရေကြီးရေလျှံမှုများ ဆက်တိုက်ဖြစ်ပေါ်နေပြီး ရေဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့မှုများလိုအပ်လျက်ရှိရာ ရေဘေးဒုက္ခကြုံတွေ့နေသည့်ဒေသအသီးသီးရှိ ကမ္ဘောဇဘဏ်လီမိတက် ဘဏ်ခွဲများ၏ ဘဏ်ခွဲတာဝန်ခံများ၊ အရာထမ်း၊ ဝန်ထမ်းများသည် သက်ဆိုင်ရာဒေသများမှ ပြည်သူများနှင့် ပူးပေါင်း၍ သဒ္ဓါတရားထက်သန်စွာဖြင့် ရေနစ်မြုပ်နေသည့် ရပ်ကွက်၊ ကျေးရွာများမှ နေအိမ်များအထိ သွားရောက်ပေးဝေလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

(ဝ၁ဝ)



# ရေဘေးအတွက် ပန်းချီဆရာများ စုပေါင်းပန်းချီရေးဆွဲအလှူခံ

**မန္တလေး ဩဂုတ် ၆**
မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ပံ့ပိုးကူညီလှူဒါန်းနိုင်ရေးအတွက် ပန်းချီဆရာများ စုပေါင်းကာ လက်တွေ့ပန်းချီရေးဆွဲအလှူခံခြင်းကို မန္တလေးမြို့ (၂၆)လမ်းနှင့် (၆၆)လမ်းနှင့် (၆၈)လမ်းကြား ကျုံးတောင်ဘက်ဘေးတွင် ဩဂုတ် ၆ ရက် နံနက် ၉ နာရီတွင် စတင်ခဲ့ကြောင်း သိရသည်။

ဩဂုတ် ၆ ရက်နှင့် ၇ ရက်တို့တွင် ပြုလုပ်မည့် လက်တွေ့ပန်းချီရေးဆွဲရာတွင် မန္တလေးမြို့မှ ပန်းချီဆရာများအပါအဝင် ရပ်နီးရပ်ဝေးမှ ကုသိုလ်ရှင် ပန်းချီဆရာများ ပါဝင်ကြပြီး ငွေကျပ် ၅၀၀၀ လှူဒါန်းသောအလှူရှင်များကို ရှစ်ချိုး ၇ လက်မ×၁၀ လက်မ ပန်းချီကားတစ်ချပ်၊ ငွေကျပ် ၁၀၀၀၀ လှူဒါန်းသောအလှူရှင်များကို လေးချိုး ၁၀ လက်မ × ၁၅ လက်မ ပန်းချီကားတစ်ချပ် လက်ဆောင်ပေးခြင်းဖြင့် အလှူခံလျက်ရှိသည်။

ပန်းချီဆရာများက ၎င်းတို့၏ အတတ်ပညာဖြင့် ရေဘေးအတွက် လှူဒါန်းခြင်းကို ၂၀၁၅ ခုနှစ် ဩဂုတ်လကလည်း ပထမအကြိမ်အဖြစ် ပြုလုပ်ခဲ့ရာ မကွေးတိုင်းဒေသကြီး စေတုတ္တရာ မုန်းချောင်းအထက် ပွင့်တောက်ချင်းရွာသို့ အလှူငွေကျပ်သိန်း ၂၀၀ ကျော် လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

(ဝဝ၂)

■

# ဒါးကမြစ်ရေ အတက်မြန်မှုကြောင့် ကျောင်းကုန်းမြို့နယ်တွင် အိမ်ခြေ ၅၈ဝ ကျော်ရေနစ်မြုပ်

**ကျောင်းကုန်း ဩဂုတ် ၆**
ဒါးကမြစ်ရေအတက်မြန်ဆန်မှုကြောင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်အတွင်းရှိ ရေတာကြီးကျေးရွာအုပ်စုတွင် ယင်းတိုက်ငူရွာ အိမ်ခြေ ၇၆ အိမ်၊ လူဦးရေ ၃၆၄ ဦး၊ အနောက်ချောင်ရွာ အိမ်ခြေ ၅၇ အိမ်၊ လူဦးရေ ၂၅၇ ဦး၊ အုန်းပင်စုရွာ အိမ်ခြေ ၇၉ အိမ်၊ လူဦးရေ ၃၁၄ ဦး၊ ရေတာကြီးရွာ အိမ်ခြေ ၂၁၀၊ လူဦးရေ ၆၈၂ ဦး၊ ထိပ်အုပ်ရွာ အိမ်ခြေ ၃၀၊ လူဦးရေ ၁၀၇ ဦးရေနစ်မြုပ်လျက်ရှိပြီး အမှတ်(၂)ရပ်ကွက်တွင် အိမ်ခြေ ၅၄ အိမ်၊ လူဦးရေ ၂၀၉ ဦး၊ ကျားကိုက်ချောင်းကျေးရွာအုပ်စုတွင် ကျားကိုက်ချောင်းရွာ အိမ်ခြေ ၃၈ အိမ်၊လူဦးရေ ၁၁၈ ဦး၊ ကျုံတာရွာ အိမ်ခြေ ၁၆ အိမ်၊ လူဦးရေ ၇၂ ဦး၊ ဥယျာဉ်တန်းရွာ အိမ်ခြေ ၁၀ အိမ်၊ လူဦးရေ ၄၅ ဦး ရေနစ်မြုပ်နေပြီး ကောက်ကြီးကုန်းကျေးရွာအုပ်စုတွင် ကုလားစုရွာတွင် အိမ်ခြေငါးအိမ်၊ လူဦးရေ ၂၀၊ မင်းမနိုင်ရွာတွင် အိမ်ခြေခြောက်အိမ်၊ လူဦးရေ ၂၇ ဦး စုစုပေါင်း အိမ်ခြေ ၅၈၀ ကျော် ရေဝင်နစ်မြုပ်နေပြီဖြစ်ကြောင်း အထွေထွေအုပ်ချုပ်ရေးရုံးမှ သိရသည်။

ကျောင်းကုန်းမြို့နယ်အတွင်းရှိ ရေနစ်မြုပ်သော စာသင်ကျောင်းများမှာ အထက်တန်းကျောင်းခွဲတစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲတစ်ကျောင်းနှင့် မူလတန်းကျောင်း ကိုးကျောင်း စုစုပေါင်း စာသင်ကျောင်း ၁၁ ကျောင်း ယာယီပိတ်ထားကြောင်း ပညာရေးမှူးရုံးမှ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ရေအမှတ် ၁၆ ပေသို့ ရောက်ရှိနေပြီး မိုးရွာသွန်းမှုများသောကြောင့် ရေတက်မှုမြန်ဆန်လျက်ရှိသည်။ စိုးရိမ်ရေအမှတ်သည် ၁၈ ပေ သတ်မှတ်ထားပြီး အန္တရာယ်ရှိသော ရေအမှတ်မှာ ၂၁ ပေ သတ်မှတ်ထားကြောင်း၊ ကျောင်းကုန်းမြို့နယ်တွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားခြင်း မရှိသေးကြောင်းနှင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# ပခုက္ကူမြို့နယ် ယုန်လွှတ်ကျွန်းကျေးရွာ မူလွန်ကျောင်းပြောင်းရွှေ့

**ပခုက္ကူ ဩဂုတ် ၆**
ပခုက္ကူမြို့နယ်တွင် ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ဩဂုတ် ၆ ရက်အထိ အခြေခံပညာကျောင်း ၅၇ ကျောင်းအထိ ယာယီပိတ်ထားလျက်ရှိသည်။

ဩဂုတ် ၁ ရက်တွင် မြစ်ရေတိုက်စားမှုဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုမဖြစ်စေရန်အတွက် ပခုက္ကူမြို့နယ် ပေါက်တောအုပ်စု ယုန်လွှတ်ကျွန်း(ခ) အနောက်ဆယ်လံကျေးရွာ အမှတ်(၈၀)အခြေခံပညာမူလတန်းလွန်ကျောင်းရှိ အလျားပေ ၄၀၊ အနံ ၁၅ ပေ၊ သွပ်မိုး၊ ထရံကာ မူကြိုကျောင်းဆောင်ကို နယ်မြေခံတပ်မတော်သားများနှင့် ကျေးရွာပြည်သူများစုပေါင်း၍ ဖျက်သိမ်းပြီး ရေလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

အလျားပေ ၁၀၀၊ အနံ ၄၅ ပေရှိ သွပ်မိုးပျဉ်ကာ ပင်မကျောင်းဆောင်ကို ရေတိုက်စားသည့်အတွက် မပျက်စီးမဆုံးရှုံးစေရန် ဩဂုတ် ၄ ရက်မှစတင်၍ ရေလွတ်ရာသို့ဖျက်သိမ်းသယ်ယူလျက်ရှိရာ ဩဂုတ် ၅ ရက်တွင် အမိုးနှင့်အကာများ ဖျက်သိမ်းပြီးကြောင်းသိရသည်။

အဆိုပါကျောင်းတွင် ကျောင်းသား ကျောင်းသူ ၅၄ ဦးပညာသင်ကြားလျက်ရှိပြီး ဇူလိုင် ၁၅ ရက်မှစ၍ ဧရာဝတီမြစ်ရေဝင်ရောက်သဖြင့် ကျောင်းပိတ်ခဲ့ရကြောင်း မြို့နယ်ပညာရေးဌာနမှ သိရသည်။

**ကိုဇော်(ခာတု)**



# ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ဟင်္သာတခရိုင်၌ စာသင်ကျောင်း ၂၀၀ ကျော် ခေတ္တပိတ်ထားရ

**ဟင်္သာတ ဩဂုတ် ၆**
ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေကာတာအပြင်ဘက်ရှိ စာသင်ကျောင်းများနှင့် ရေဝင်ဧရိယာအတွင်းရှိ စာသင်ကျောင်းပေါင်း ၂၀၀ ကျော်ကို ခေတ္တပိတ်ထားကြောင်း သိရသည်။

မြစ်ရေသည် ဩဂုတ် ၆ ရက်အထိ ဆက်လက်မြင့်တက်လျက်ရှိပြီး ဟင်္သာတခရိုင် ဟင်္သာတမြို့တွင် မြို့၏ စိုးရိမ်ရေအမှတ် ၄၄ ဒသမ ဝဝ ပေကို ကျော်လွန်ကာ ယနေ့တွင် ၄၇ ဒသမ ၈၅ အထိ ဆက်လက်မြင့်တက်လျက်ရှိသည်။

အဆိုပါ ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ဟင်္သာတခရိုင်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်မှ ဩဂုတ် ၁ ရက်မှ ၆ ရက်အထိ ပိတ်ထားရသည့် ကျောင်းများမှာ အထက(၄)ကျောင်းအထက(ခွဲ) ကိုးကျောင်း၊ အလက နှစ်ကျောင်း၊ အလက(ခွဲ) ၄၁ ကျောင်း၊ မူလွန် ၁၃ ကျောင်း၊ အမက ၁၂၇ ကျောင်း၊ အမက(ခွဲ)ငါးကျောင်း စုစုပေါင်း စာသင် ကျောင်းပေါင်း ၂၀၁ ကျောင်းတို့ကို မြစ်ရေပြန်လည်ကျဆင်းသည်အထိ ခေတ္တပိတ်ထားခဲ့ရကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဖျာပုံမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုမရှိစေရေး ရေတံခါးအထွက်မြောင်းများ တူးဖော်ပေး

**ဖျာပုံ ဩဂုတ် ၆**

ဖျာပုံမြို့နယ်အတွင်းရှိစိုက်ပျိုးဧရိယာများအတွင်း ရေကြီးနစ်မြုပ်မှုမရှိစေရေး၊ ကျွန်းတွင်းပိုလျှံရေထုတ်နုတ်မှုကောင်းမွန်စေရေးနှင့် သီးနှံများအောင်မြင်စွာစိုက်ပျိုးနိုင်ရေးအတွက် ကျွန်းပတ်တာများရှိ ဆောင်ရွက်ရန်လိုအပ်သောရေတံခါးအထွက်မြောင်းများအား တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

ဒီရေနှင့်အတူပါလာသောနုန်းမြေအနည်အနှစ်များ အနည်ထိုင်ပို့ချမှုများကြောင့် ရေတံခါးအထွက်မြောင်းများ ကောလာသဖြင့် ကျွန်းတွင်းရှိပိုလျှံရေများအား ပြန်လည်ထုတ်နုတ်ပစ်ရာတွင်ရေနုတ်အားမကောင်းခြင်း၊ မိုးစပါးရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခြင်း၊ ရေစီးရေလာခက်ခဲခြင်းစသည့်အခက်အခဲများ မဖြစ်ပေါ်စေရေးအတွက် ကြက်ဖမွေးဇောင်းကျွန်းပတ်တာအတွင်းရှိ ဖလက်ရေတံခါး(၄ပေ×၁၅ပေါက်)၊ ရေတံခါးအထွက်မြောင်း အလျားပေ ၆၅၀၊ အကျိုးပြုဧက ၈၁၇၆ ဧက၊ ဘားလားရေတံခါး (၄ ပေ×၇ပေါက်)၊ ရေတံခါးအထွက်မြောင်းအလျား ပေ ၄၀၀၊ အကျိုးပြုဧက ၃၈၁၅ ဧကနှင့် ဒေးဒလူကျွန်းပတ်တာအတွင်းရှိ ဗောဓိမရေတံခါး(၄ ပေ×၇ပေါက်)၊ ရေတံခါးအထွက်မြောင်းအလျား ပေ ၃၅၀၊ အကျိုးပြုဧက ၄၂၃၈ ဧက အား Amphibious Excavator နှင့် Excavator on Pontoon များ အသုံးပြု၍ ယခုနှစ်ဇွန်လနှင့်ဇူလိုင်လများအတွင်း တူးဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(သပြေထွန်း)**





## ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရေး ရဲတပ်ဖွဲ့ဝင်များ ကူညီဆောင်ရွက်ပေး

**ထီးချိုင့် ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့ ဗိုလ်ချုပ်လမ်းပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ကျောင်းဆင်း၊ ကျောင်းတက်ချိန်များ၌ ထီးချိုင့်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်း၍နေ့စဉ်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ကချင်ပြည်နယ်အထိ နေ့စဉ် ကူးသန်းသွားလာနေတဲ့ ကုန်တင်ယာဉ်ကြီး၊ ယာဉ်ငယ်တွေ ထီးချိုင့်မြို့ ဗိုလ်ချုပ်လမ်းကို ဖြတ်သန်းတာ တစ်နေ့တခြား များပြားလာတယ်။ ကျောင်းသား ကျောင်းသူတွေ ကျောင်းတက်ဖို့ လမ်းဖြတ်ကူးတဲ့အခါမှာ အလွန်အန္တရာယ်များပါတယ်။ အဲလိုအချိန်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ ယာဉ်ထိန်းတပ်ဖွဲ့တွေ ပူးပေါင်းပြီး အခုလိုကူညီစောင့်ရှောက်ပေးတာ ကျေးဇူးတင်ပါတယ်။ ကလေးတွေအတွက် ယာဉ်အန္တရာယ် မရှိတော့ဘူး။ ယာဉ်တွေလည်း ကျောင်းဆင်းချိန်မှာ ရပ်ပြီးစောင့်ဆိုင်းပေးနေကြတာတွေ့ရပါတယ်" ဟု ကျောင်းသားမိဘတစ်ဦးက ပြောသည်။

**(ဇွဲမာန်-ထီးချိုင့်)**

■




## မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၆

**ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် နှစ်ပေခန့်နှင့် ချောက်မြို့တွင် တစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက်သို့ ပြန်လည်ကျဆင်းနိုင်ကြောင်း၊ ညောင်ဦးမြို့တွင် လေးပေခွဲခန့်၊ မင်းဘူးမြို့တွင် လေးပေခန့်၊ မကွေးမြို့တွင် သုံးပေခွဲခန့်၊ အောင်လံမြို့နှင့် ပြည်မြို့တို့တွင် နှစ်ပေခွဲခန့်စီနှင့် ဆိပ်သာမြို့တွင် နှစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ညောင်ဦးမြို့တွင် နှစ်ပေခန့်၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် တစ်ပေခွဲခန့်စီ၊ အောင်လံမြို့နှင့် ပြည်မြို့တို့တွင် တစ်ပေခန့်စီနှင့် နောက်သုံးရက်အတွင်း ဆိပ်သာမြို့တွင် ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်ကြောင်း၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက် ဆက်လက်တည်ရှိနိုင်ကြောင်း၊ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ၁၂၇၄ စင်တီမီတာသည် နှစ်ပေါင်း ၃၂ နှစ်အတွင်း အမြင့်ဆုံးရေမှတ်ဖြစ်သည်။ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့၏ (၂-၈-၂၀၀၄) ရက်တွင် တိုင်းတာရရှိသော ယခင်အမြင့်ဆုံးရေမှတ်မှာ ၁၂၇၂ စင်တီမီတာဖြစ်သည်။

**ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ချင်းတွင်းမြစ်ရေသည် ကနီမြို့တွင် နှစ်ပေခန့်နှင့် မုံရွာမြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအောက်သို့ပြန်လည်ကျဆင်းနိုင်သည်။

**ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းတွင်နေထိုင်ကြသူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(ကြေးမုံ)**

## မန္တလေးတိုင်းဒေသကြီးအတွင်း၌ စာသင်ကျောင်းဆောင်သစ် ၃၀၈ ဆောင် ဆောက်လုပ်မည်ဟုဆို

**မန္တလေး ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများအတွက် ငွေကျပ်သန်းပေါင်း ၁၃၃၃၉ သန်းခန့်သုံးစွဲကာ စာသင်ကျောင်းဆောင်သစ် ၃၀၈ ဆောင်ကို ယခုဘဏ္ဍာနှစ်အတွင်း တည်ဆောက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျောင်းဆောင်သစ်များအတွက် ပရိဘောဂများဖြစ်သည့် စာသင်ခုံအစုံပေါင်း ၁၂၄၆၆ ကိုလည်း ငွေကျပ် ၅၃၀ ဒသမ ၃၉၈ သန်းခန့် အကုန်အကျခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းကပြောသည်။

"အသစ်ဆောက်လုပ်မယ့်ကျောင်းဆောင်တွေမှာ လိုအပ်တဲ့ထိုင်ခုံတွေအတွက် တစ်ခန်းကို ၁၀ လုံးနှုန်းနဲ့ ထည့်သွင်းပေးဖို့ စီစဉ်ထားပါတယ်။ ဒါ့အပြင် အမှန်တကယ်မလုံလောက်လို့ လိုအပ်ခဲ့ရင်လည်း ထပ်ပြီးဖြည့်တင်းပေးနိုင်ဖို့ အပိုခုံတွေကိုလည်း စီစဉ်ထားပါတယ်" ဟု ၎င်းက ပြောသည်။

ကျောင်းဆောင်သစ်များနှင့် ထိုင်ခုံများ ဆောက်လုပ်ရန်အတွက် ဇွန် ၃ ရက်မှစ၍ တင်ဒါခေါ်ယူလျက်ရှိပြီး တိုင်းဒေသကြီးအတွင်း ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုအနေဖြင့် မူလတန်းကျောင်းပေါင်း ၂၅၈၄ ကျောင်း၊ မူလတန်းလွန်ကျောင်းပေါင်း ၅၀၃ ကျောင်း၊ အမက(ခွဲ)ကျောင်းပေါင်း ၉၇ ကျောင်း၊ အမက(တွဲ)ကျောင်း တစ်ကျောင်း၊ အလယ်တန်းကျောင်း ၈၈ ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) ၄၈၈ ကျောင်း၊ အထက်တန်းကျောင်းပေါင်း ၂၀၁ ကျောင်း၊ အထက်တန်းကျောင်း(ခွဲ)ပေါင်း ၁၇၃ ကျောင်း စုစုပေါင်း ၄၁၃၅ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း တိုင်းပညာရေးမှူးရုံးမှ သိရသည်။

**ကျော်ကျော်(မလှိုင်)**

## နယ်လှည့်စာကြည့်တိုက်လုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**ပဲခူး ဩဂုတ် ၆**

ပဲခူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူးရုံးတို့ ပူးပေါင်း၍ စာပေဗဟုသုတတိုးပွားစေရေး၊ စာဖတ်ပရိသတ်များ အဆင်ပြေစေရေးအတွက် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းကို ဩဂုတ် ၅ ရက် နံနက် ၉ နာရီခွဲက ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဦးက အဖွင့်အမှာစကားပြောကြားပြီး Mobile စာကြည့်တိုက် ဖွင့်လှစ်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ပဲခူးခရိုင်ဦးစီးအရာရှိ ဒေါ်လှလှဌေးက ရှင်းလင်းဆွေးနွေးခဲ့ပြီး သုတ၊ ရသစာအုပ်၊ စာစောင်များကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်များအား ငှားရမ်းပေးခဲ့သည်။

အဆိုပါ Mobile စာကြည့်တိုက်ကို တစ်လလျှင် နှစ်ကြိမ်၊ နှစ်ပတ်လျှင် တစ်ကြိမ် စာအုပ်လဲလှယ်ခြင်းစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ကြိုတင်ဝင်ငွေခွန် ကျပ်သန်း ၇၀၀၀ ကျော် ကောက်ခံရရှိ

**ရန်ကုန် ဩဂုတ် ၆**

"အခွန်ဆောင်ထားနိုင်ငံသား"၊ "လေးစားသမှုဒိဂုဏ်ပြု" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန၏ "ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များ ကြိုတင်ဝင်ငွေခွန်ကောက်ခံရေးအဖွဲ့"မှ ကြိုတင်ဝင်ငွေခွန်ကောက်ခံခြင်းကို အမြန်ဆုံးဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက "၂၀၁၆ ခုနှစ် ဇွန်လဆန်းကစပြီး ဩဂုတ်လ ပထမပတ်အထိ ပြည်ပမှ မော်တော်ယာဉ် တင်သွင်းသူများထံမှ မော်တော်ယာဉ် အစီးရေ ၄၆၀၀ ကျော်အတွက် ကြိုတင်ဝင်ငွေခွန် ကောက်ခံရရှိငွေကျပ်သန်းပေါင်း ၇၀၀၀ ကျော် ကောက်ခံရရှိခဲ့ပါတယ်" ဟု ပြောသည်။

က. ည. န ၏ ကနဦးမှတ်ပုံတင်ဆောင်ရွက်ခြင်းကို ပြည်ပမှ မော်တော်ယာဉ်တင်သွင်းသူများအနေဖြင့် ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ပြည်ပမှ တင်သွင်းလာသော မော်တော်ယာဉ်များ ကြိုတင်ဝင်ငွေခွန်ကောက်ခံရေးအဖွဲ့ရုံးတွင် သတ်မှတ်ပုံစံအတိုင်း ကြိုတင်ဝင်ငွေခွန် ပေးဆောင်ပြီးမှသာ ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**မောင်အေး (သတင်းစဉ်)**

## ငွေစာရင်းထိန်းသိမ်းမှုသင်တန်းဖွင့်

**သိန္နီ ဩဂုတ် ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန္နီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းကျေးရွာ ရှစ်ရွာ ယူနစ်၊ကျေးရွာပေါင်း ၁၆ ရွာမှ ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များအား မြစိမ်းရောင်ငွေစာရင်းထိန်းသိမ်းမှုသင်တန်းဖွင့်ပွဲကို ဩဂုတ်၅ရက် နံနက်၁၀နာရီက သိန္နီမြို့ သံလွင်ဦးခန်းမ၌ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊မြစိမ်းရောင်ရန်ပုံငွေ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင် ၆၀ တက်ရောက်ကြပြီး သင်တန်းကိုဩဂုတ် ၅ရက်မှ ၆ရက်အထိ နှစ်ရက် သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**သီပေါကိုလတ်**

# ကုန်သွယ်မှုလုပ်ငန်းများမြန်ဆန်စေရန် နိုဝင်ဘာလတွင် MACCS စနစ် စတင်ကျင့်သုံးမည်

**ရန်ကုန် ဩဂုတ် ၆**

သွင်းကုန်၊ထုတ်ကုန် ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့မြန်ဆန် လွယ်ကူစေရန်အတွက် Myanmar Automatic Cargo Clearance System(MACCS) စနစ်ကို ယခုနှစ် နိုဝင်ဘာလတွင် စတင်ကျင့်သုံးသွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

"စာရွက်စာတမ်းနဲ့လုပ်နေရာကနေ MACCS စနစ်နဲ့လုပ်တော့ ကုန်သွယ်မှုကို ပိုမိုမြန်ဆန်လာမယ်။ ဒီစနစ်က ကုန်ပစ္စည်းရှင်းလင်းရေးမှာ အလိုအလျောက်စနစ် ဖြစ်လာမယ့်အတွက် သွင်းကုန်၊ထုတ်ကုန်လုပ်နေတဲ့သူတွေ မသိလိုက်မရှိရအောင် သင်တန်းတွေ ပေးနေတယ်။ ဩဂုတ် ၈ ရက်မှာ ဒီစနစ်ကို စတင်စမ်းသပ်ကျင့်သုံးမယ်။ ပါဝင်မယ့်အဖွဲ့အစည်းတွေကို MACCS စနစ်နဲ့ပတ်သက်ပြီး အသိပညာပေးတာတွေ၊ ဒီစနစ်ရဲ့ ဝန်ဆောင်မှုအပိုင်းတွေက ဘာတွေလဲဆိုတာ ရှင်းပြတယ်"ဟု အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး (IT) ဦးမောင်မောင်တင့်ဆွေက ပြောသည်။

မြန်မာနိုင်ငံတွင် သွင်းကုန်၊ထုတ်ကုန် ကုန်သွယ်မှုလုပ်ငန်းများ မြန်ဆန်လွယ်ကူစေရန်အတွက် Myanmar Automatic Cargo Clearance System(MACCS) ကို ဂျပန်နိုင်ငံအစိုးရက ငွေကြေးနှင့်နည်းပညာအကူအညီပံ့ပိုးပေးခဲ့ပြီး ၂၀၁၃ ခုနှစ်မှစတင်ခဲ့ကြောင်း၊ ယခုနှစ် ဩဂုတ် ၈ ရက်တွင် MACCS စနစ်ကို စမ်းသပ်ကျင့်သုံးမည်ဖြစ်ပြီး နိုဝင်ဘာလမှစတင်ကာ ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကုန်သွယ်မှုမှာ ပါဝင်မယ့် အဖွဲ့အစည်းတွေကို တစ်နေရာတည်းကနေ အလုပ်လုပ်ပေးတာ။ အရင်တုန်းကတော့ စာရွက်စာတမ်းတွေနဲ့လုပ်နေရတာ။ အခုစနစ်က ဥပမာ- FDA ကို ကျန်းမာရေးထောက်ခံချက်သွားယူမယ်ဆို အွန်လိုင်းကနေ ယူလို့ရသွားပြီ။ စစ်ရမယ့်ပစ္စည်းကိုတော့ အွန်လိုင်းက ပို့လို့မရဘူး။ လူကိုယ်တိုင်သွားပို့ရမယ်။ ကျန်တဲ့ရုံးလုပ်ငန်းတွေကို အွန်လိုင်းကနေ အလုပ်လုပ်သွားမယ်၊ အဓိက အချိန်ကုန်သက်သာတယ်"ဟု ညွှန်ကြားရေးမှူး (IT) ဦးမောင်မောင်တင့်ဆွေက ပြောသည်။

MACCS စနစ်သည် အပြည်ပြည်ဆိုင်ရာကူးသန်းရောင်းဝယ်မှုလုပ်ငန်းစဉ်တစ်ရပ်လုံးတွင် ဆက်နွှယ်နေသော ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရကဏ္ဍအကြား ပေါင်းကူးဆက်သွယ်ရေးလုပ်ငန်းများကို အပြည့်အဝအထောက်အကူပေးနိုင်ရန် ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်ပြီး MACCS သည် အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်း သတင်းအချက်အလက်များကို ကိုင်တွယ်ဆောင်ရွက်ပေးနိုင်ရုံသာမက ကုန်စည်ဆိုင်ရာ သတင်းအချက်အလက်များကိုလည်း အကောက်ခွန်ကွပ်ကဲမှုနယ်မြေအတွင်း ထိန်းချုပ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာန ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲမှသိရသည်။

MACCS စနစ်သည် အကောက်ခွန်ဧရိယာအတွင်း ဝင်ရောက်လာသော (သို့မဟုတ်) ထွက်ခွာသွားသော ကုန်စည်များ၏ ရွှေ့ပြောင်းသယ်ယူမှုများကို ကြီးကြပ်ထိန်းချုပ်သွားနိုင်ပြီး ကြီးကြပ်ထိန်းချုပ်နိုင်ရုံသာမက ဆိပ်ကမ်းအတွင်းမှကုန်စည်များ တရားမဝင်ပျောက်ဆုံးခြင်းကို ကာကွယ်နိုင်ခြင်း၊ အကောက်ခွန်ဧရိယာအတွင်း ကုန်စည်များနှင့် သွင်းကုန်၊ထုတ်ကုန် ဖြတ်သန်းကြေညာလွှာများကို ဆက်စပ်ပေးနိုင်ခြင်းအပြင် Perliminary Deckaration ကို တင်သွင်းထားပါကလည်း ကုန်စည်များရောက်ရှိချိန်တွင် Forman Declaration ကို အလိုအလျောက်ဆောင်ရွက်ပေးနိုင်မည် ဖြစ်သည်။

MACCS စနစ် အသုံးပြုမည့် သွင်းကုန်၊ ပို့ကုန်လုပ်ငန်းရှင်များ၊ အကောက်ခွန်ကိုယ်စားလှယ်များ၊ Other Government Agencies (OGA) များ၊ သင်္ဘောလိုင်း၊ လေကြောင်းလိုင်းများ၊ ဆိပ်ကမ်းများ၊ ကုန်လှောင်ရုံများသည် အင်တာနက်မှတစ်ဆင့် ချိတ်ဆက်အသုံးပြုရမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းသစ်(သတင်းစဉ်)**
**ဓာတ်ပုံ-ဇော်မင်းလတ်**



ရန်ကုန်မြို့ မြန်မာ့စက်မှုဆိပ်ကမ်းတွင် သွင်းကုန်၊ထုတ်ကုန် ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့ မြန်ဆန်စေရန် ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ်တွင်းသွား ရေယာဉ်များ၏ ရေယာဉ်အုပ်နှင့် စက်ခန်းအုပ်များ အရည်အချင်းစစ်ဆေး

**မုံရွာ ဩဂုတ် ၆**

မုံရွာမြို့ တိုင်းဒေသကြီးရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးတွင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တွင်းသွား ရေယာဉ်များ၏ ရေယာဉ်အုပ်များနှင့် စက်ခန်းအုပ်များ အရည်အချင်းစစ်ဆေးခြင်းကို ယမန်နေ့နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

"ရေယာဉ်အုပ်အဆင့် ဖြေဆိုမယ့်သူက သင်္ဘောသားလုပ်သက်အနည်းဆုံး နှစ်နှစ်ရှိရမယ်။ စက်ခန်းအုပ်ဖြေဆိုမယ့်သူက ဆီထိုးလုပ်သက် အနည်းဆုံး နှစ်နှစ်ရှိရမယ်။ ဖြေဆိုမှုတွေအတွက် အထောက်အကူဖြစ်စေဖို့ ရေယာဉ်အုပ်နဲ့ပတ်သက်တဲ့ ရေကြောင်း နည်းဥပဒေ၊ အက်ဥပဒေ၊ မီးအချက်ပြသင်္ကေတ(ဥပဒေ)၊ ကမ်းပေါ်ပြ၊ ရေပေါ်ပြ အမှတ်အသားတွေ၊ ဆိပ်ကမ်းနေရာသတ်မှတ်ချက်များ၊ စက်ခန်းအုပ်တွေအတွက် အင်ဂျင်တစ်ခု အလုပ်လုပ်ပုံ၊ ရေယာဉ်များမထွက်ခွာမီ စစ်ဆေးရမယ့် အချက်တွေ၊ အရေးပေါ်အခြေအနေတွင် ရေယာဉ်စက်ခန်းအုပ်များ လုပ်ရမည့်တာဝန်ဝတ္တရားတွေကို တစ်လတာသင်ကြားပေးပြီးတော့ အရည်အချင်းစစ်ဆေးတာပါ။ အောင်မြင်တဲ့သူတွေကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိအမှတ်ပြုလက်မှတ်တွေ ထုတ်ပေးမှာပါ"ဟု ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ရေယာဉ်များ၏ ရေယာဉ်အုပ်၊ စက်ခန်းအုပ် အရည်အချင်း စစ်ဆေးခြင်းများကို မန္တလေး၊ မုံရွာ၊ ဗန်းမော်၊ မကွေးနှင့် ပြည်မြို့များတွင် တစ်နှစ်လျှင် လေးကြိမ်နှုန်းဖြင့် စစ်ဆေးပေးလျက်ရှိရာ မုံရွာမြို့တွင် ရေယာဉ်အုပ် ၂၆ ဦး၊ စက်ခန်းအုပ် ၁၂ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်အတွင်း သွားလာနေသည့် ရေယာဉ်များမှာ ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးခွဲ(အထက်မြန်မာပြည်)တွင် ကုန်တင်ရေယာဉ် ၂၇၁ စင်း၊ ခရီးသည်တင် ၂၂၁ စင်း၊ တွဲတွန်း/ဆွဲ ယာဉ် ၃၇ စင်း၊ စက်မဲ့ဆီတွဲ ၁၂ စင်း၊ မြင်းကောင်ရေ ၂၀ အထက် ၆၁၃ စင်း၊ မြင်းကောင်ရေ ၂၀ အောက် အစင်း ၈၈၀ စုစုပေါင်း ၂၀၃၄ စင်း မှတ်ပုံတင်ထားရှိကြောင်း သိရသည်။ **မင်းဝေ(မုံရွာ)**

## ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်း

**မန္တလေး ဩဂုတ် ၆**

ဧရာဝတီမြစ်ရေကြီးမှုကြောင့် ရေကြီးနစ်မြုပ်လျက်ရှိသော တံတားဦးမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ရေကြောင်းရဲတပ်ဖွဲ့ခွဲ (မန္တလေး)မှ ဩဂုတ် ၄ ရက်က သောက်ရေသန့်များ၊ ခေါက်ဆွဲခြောက်များ သွားရောက်လှူဒါန်းခဲ့သည်။

ရေကြောင်းရဲတပ်ဖွဲ့ခွဲ (မန္တလေး) အနေဖြင့် ယခုအကြိမ်သည် တတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်တွင် အမရပူရမြို့နယ်နှင့် စစ်ကိုင်းမြို့နယ်၊ ဒုတိယအကြိမ်တွင် မတ္တရာမြို့နယ်တို့မှ ရေဘေးသင့်ပြည်သူများအား လှူဒါန်းခဲ့ပြီး ရေဘေးသင့်ပြည်သူများအား ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။ **(ဘိုဘိုဟန်)**




## ညောင်တုန်းမြို့တွင် ဧရာဝတီမြစ်ရေဆက်လက်မြင့်တက်ခြင်းကြောင့် စာသင်ကျောင်းအချို့ပိတ်ထားရ

**ညောင်တုန်း ဩဂုတ် ၆**

ဧရာဝတီမြစ်ရေနှင့် ပန်းလှိုင်မြစ်ရေ မြင့်တက်လာမှုကြောင့် စံကင်းကျွန်းဒေသရှိ စိုးရိမ်ရသောဆည်မြောင်းတာတမံများအား ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် မြစ်ရေတက်မှုကြောင့် ညောင်တုန်းမြို့နယ်အတွင်းရှိ ကျေးရွာ ၄၄ အုပ်စုရှိရာ ကျေးရွာ ၂၄ အုပ်စုမှ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း စုစုပေါင်း ၅၄ ကျောင်းအား ယာယီပိတ်ထားရကြောင်း သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်ရေသည် ဩဂုတ် ၅ ရက် နံနက် ၁၁ နာရီအချိန် တိုင်းထွာချက်အရ ၂၅ ဒသမ ၉ ပေအထိ ရောက်ရှိနေပြီး စံကင်းကျွန်းဒေသရှိ ရေဘေးစိုးရိမ်ရသော ပါလဲ့ကျေးရွာအုပ်စုရှိ ပါလဲ့ကုန်းစု၊ အောက်ရွာလေး၊ ညောင်ပင်စု၊ အလယ်ချောင်းကျေးရွာ၊ ကြက်တူရွေးတောင်ကျေးရွာများရှိ ဆည်မြောင်းတာတမံများ၏ တာများပေါ်ရေကျော်ခြင်း၊ ထူးပေါက်ပေါက်ခြင်းနှင့် တာအိခြင်းတို့ဖြစ်ပေါ်လာပါက ပြည်သူများအား ကုန်းမြင့်သောနေရာနှင့် အခြားရေလွတ်ရာနေရာများသို့ အမြန်ဆုံးပြောင်းရွှေ့နိုင်ရေးအတွက်လည်း စီစဉ်ထားကြောင်း သိရသည်။

ပါလဲ့ကျေးရွာ အုပ်စုအနေဖြင့် ရေဘေးကြိုတင်ကာကွယ်ရေးအတွက် ပီနံအိတ်ခွံ ၆၀၀၀၊ ဝါးနက်အလုံး ၂၀၀နှင့် သံကျင်း ၄၀၀ တို့ကို ပြင်ဆင်ထားပြီး အလယ်ချောင်းကျေးရွာတွင် ပီနံအိတ်ခွံ ၅၀၀၀၊ ဝါးနက်အလုံး ၁၅၀နှင့် သံကျင်း ၃၂၀ တို့ကိုပြင်ဆင်ထားကြောင်း သိရသည်။ **ဝင်းမြင့်ကျော်(ညောင်တုန်း)**



## ကြို့ပင်ကောက်တွင် မြစ်မခမြစ်ရေမြင့်တက်မှုကြောင့် လယ်ယာမြေများ ပျက်စီးပြီး စာသင်ကျောင်းအချို့ပိတ်ထားရ

**ကြို့ပင်ကောက် ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့အနောက်ဘက်ရှိ မြစ်မခမြစ်ရေမြင့်တက်လာမှုကြောင့် လယ်ယာမြေများပျက်စီးပြီး အခြေခံပညာကျောင်းအချို့ပိတ်ထားရကြောင်း သိရသည်။

မြစ်မခမြစ်ရေတက်လာမှုကြောင့် ဩဂုတ် ၄ ရက်အထိ ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ တောင်သူ ၃၁ ဦးပိုင် မိုးစပါးစိုက်ပျိုးပြီးလယ်ယာမြေ ၇၅၇၅ ဧက ရေလွှမ်းပြီး အမက(မင်းအို)နှင့် အမက(ဘိသဘွန်စစ်တုန်း) စသည့်အခြေခံပညာကျောင်းနှစ်ကျောင်းကို ခေတ္တပိတ်ထားပြီး ကျေးရွာအုပ်စု ၁၂ အုပ်စုမှ အိမ်ခြေ ၁၃၆၀ တွင် ရေများ ဝင်ရောက်လျက်ရှိသည်။

အဆိုပါအိမ်ခြေ ၁၃၆၀ တွင် အိမ်ထောင်စု ၁၃၉၉ စု၊ လူဦးရေ ၄၉၈၀ နှင့် အခြေခံပညာကျောင်းနှစ်ကျောင်းမှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၇၂ ဦး ရေဘေးဒုက္ခခံစားနေရကြောင်း သိရသည်။ **ဇေယျာထွန်း(ပြန်/ဆက်)**

## ဝါးခယ်မမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် အိမ်ထောင်စု ၄၅ စုအား ပြောင်းရွှေ့ခဲ့ရ

**ဝါးခယ်မ ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် စပါးရိုကျေးရွာအုပ်စု ကျုံပြင်ကျေးရွာတွင် မြစ်ရေများ မြင့်တက်မှုကြောင့် အိမ်ထောင်စု ၄၅ စု ဩဂုတ် ၄ ရက် မွန်းလွဲ ၃ နာရီက ရေလွတ်ရာနေရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

နှစ်စဉ် ဝါဆို၊ ဝါခေါင်လများ၌ အဆိုပါ ကျုံပြင်ကျေးရွာသည် မြေနိမ့်ပိုင်းဒေသ ဖြစ်သည့်အလျောက် ရေဝင်ရောက်မှုရှိခဲ့သော်လည်း ယခုမြစ်ရေများမြင့်တက်လာရာ နေအိမ်ကြမ်းခင်းများအထိ ရေတက်ခဲ့ပြီး အိမ်ခြေ ၄၅ လုံး၊ အိမ်ထောင်စု ၄၅ စုမှာ ၎င်းတို့၏ နေအိမ်များ၌ ဝါးထပ်ခိုးများ ပြုလုပ်နေထိုင်လျက်ရှိကြောင်း သိရသဖြင့်တာဝန်ရှိသူများက အဆိုပါအိမ်ထောင်စုများကို ရေလွတ်ရာ ဆွေမျိုးများထံသို့ လည်းကောင်း၊ ရွာဦးဘုန်းကြီးကျောင်းသို့ လည်းကောင်း ပြောင်းရွှေ့နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

မြစ်ရေဝင်ရောက်မှုမှာ ဩဂုတ် ၄ ရက်တွင် စိုးရိမ်ရေအမှတ် ၁၂ ဒသမ ၅ ပေအောက် ၁၁ ဒသမ ၄ ပေသို့ ရောက်ရှိခဲ့သော်လည်း လူနှင့် တိရစ္ဆာန်များသေဆုံးမှု၊ ပျောက်ဆုံးမှု၊ နေအိမ်များ ပျက်စီးမှုမရှိကြောင်းနှင့် ဆည်မြောင်း တာပေါင်များတွင်လည်း သဲအိတ်များဖို့ကာ စောင့်ကြည့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လွှမ်းသီဟ (ဝါးခယ်မ)**

# ကျန်းမာရေးလုပ်ငန်းများအတွက် ပြည်သူ့အသံနားထောင်သည့်အစီအစဉ်များ ဆောင်ရွက်လျက်ရှိရာ ဗဟိုအဖွဲ့များဖွဲ့ကာ ပြန်လည်ဆွေးနွေးသွားမည်ဖြစ်

**နေပြည်တော် ဩဂုတ် ၆**

ယခုဖြစ်ပေါ်လျက်ရှိသည့် အခြေအနေကိုမူတည်ကာ ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်ကို ဗဟိုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်တို့တွင် အင်တိုက်အားတိုက် သေချာစွာဆောင်ရွက်နေကြသည်ကို တွေ့ရှိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကာလတို၊ ကာလရှည် စီမံကိန်းခွဲခြားရမည်ဖြစ်ပြီး ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းများကို အမျိုးသားကျန်းမာရေးစီမံကိန်းတွင်ထည့်သွင်းကာ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ပြည်သူ့အသံနားထောင်သည့် အစီအစဉ်များကို မြို့နယ်များတွင် အထူးဂရုပြု သေချာစွာ ဆောင်ရွက်နေသည်ကိုလည်း သိရှိရပြီး တင်ပြချက်များကိုလည်း ရရှိထားပြီးဖြစ်ရာ ဗဟိုတွင် အဖွဲ့များဖွဲ့ပြီး ပြန်လည်သုံးသပ်ဆန်းစစ်ကာ ယခုဆွေးနွေးပွဲတွင် တင်ပြဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဦးစီးဌာနများ၏လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်မှုပုံစံများ အကြံပေးရေးအဖွဲ့ငယ်များမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး သက်ဆိုင်ရာခေါင်းစဉ်များအလိုက် အုပ်စုများခွဲကာ ဝိုင်းဝန်းဆွေးနွေး၍ ပြန်လည်တင်ပြကြသည်။

အစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပရာ ရက် ၁၀၀ စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများနှင့်ပတ်သက်၍လည်းကောင်း၊ အစည်းအဝေး ပထမနေ့ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ခြင်းကိုလည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများနှင့်ပတ်သက်၍ ပြည်သူ့အသံများအား စုစည်းဆန်းစစ်ခြင်းတို့ကိုတင်ပြဆွေးနွေးကြကြောင်း သိရသည်။ **(ကြေးမုံ)**

# ငါ့သရောက်မြို့နယ် ခက်လန်းကန်ကျေးရွာတွင် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိ

**ငါ့သရောက် ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် ခက်လန်းကန်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများသည် ထန်းရွက်မိုး၊ ထရံကာ ယာယီတဲများဖြင့် ပညာသင်ကြားနေရပြီး အဆိုပါ ထန်းရွက်မိုး၊ ထရံကာ ယာယီကျောင်းဆောင်တဲများသည် ယခုကဲ့သို့ မိုးရာသီကာလများတွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာ၌ အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း ခက်လန်းကန်ကျေးရွာရှိ ဒေသခံပြည်သူများထံမှ သိရသည်။



ငါ့သရောက်မြို့နယ် ခက်လန်းကန်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ သူငယ်တန်းမှ သတ္တမတန်းအထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၇၈ ဦးခန့် ပညာသင်ကြားလျက်ရှိကြောင်းသိရပြီး ကျောင်းသားကျောင်းသူများ ယခုကဲ့သို့ ထန်းရွက်မိုး၊ ထရံကာ ယာယီကျောင်းဆောင်တဲများဖြင့် ပညာသင်ကြားရခြင်းမှာ ယခင် ဆောက်လုပ်ပေးထားသည့် ကျောင်းဆောင်မှာ နှစ်ပေါင်း(၅၀) ခန့်ကြာမြင့်ခဲ့ပြီဖြစ်သည့်အတွက် ယခုအခါ ဟောင်းနွမ်း ဆွေးမြည့်သွားခဲ့၍ ၂၀၁၆ -၂၀၁၇ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာနမှ အန္တရာယ်ရှိ အဆောက်အအုံအဖြစ် သတ်မှတ်ကာ မေ ၂ ရက်က ဖျက်သိမ်းမိန့်ဖြင့် ကျောင်းဆောင်ကြီးကို ဖျက်သိမ်းခဲ့သည်။ ထိုသို့ ဖျက်သိမ်းခဲ့သည့် အတွက်ကြောင့် ယခုပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာတွင် ခေတ္တယာယီ အဆင်ပြေစေနိုင်ရေးအတွက် ကျေးရွာနေပြည်သူများက ထန်းရွက်မိုး၊ ထရံကာ ကျောင်းဆောင်အဖြစ် ဝိုင်းဝန်းဆောက်လုပ်ပေးထားခြင်း ဖြစ်သည်။

ကျောင်းသား ကျောင်းသူများ မိုးလုံလေလုံဖြင့် စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနသို့ အန္တရာယ်ရှိ အဆောက်အအုံအဖြစ် ဖျက်သိမ်းခဲ့သည့် ကျောင်းဆောင်အစား ကျောင်းဆောင်သစ်တစ်ဆောင် ထပ်မံဆောက်လုပ်ပေးနိုင်ရေး တင်ပြတောင်းခံထားသော်လည်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန် တစ်စုံတစ်ရာ ညွှန်ကြားချက်မရရှိသေးကြောင်း ယင်းကျေးရွာမှ ဒေသခံအချို့က ပြောသည်။

ထို့အပြင် ခက်လန်းကန်ကျေးရွာမှ အုပ်ချုပ်ရေးမှူး ဦးအောင်မင်းက "ကျွန်တော်တို့ရွာမှာ အခုဆိုရင် ကလေးတွေအတွက် ပညာသင်ကြားရာမှာ အင်မတန်မှ အခက်အခဲဖြစ်နေပါတယ်။ ကျွန်တော်တို့ကျေးရွာအတွက် ကျောင်းဆောင်သစ် တစ်ဆောင် အမြန်ဆုံးဆောက်လုပ်ပေးစေချင်ပါတယ်"ဟု ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

■

# ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသားကျောင်းသူများစာရင်း ထုတ်ပြန်

**ရန်ကုန် ဩဂုတ် ၆**

ပညာရေးဝန်ကြီးဌာန ပခုက္ကူဦးအုံးဖေ ရန်ပုံငွေကြီးကြပ်ရေးကော်မတီသည် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၊ ပထမနှစ် (နေ့သင်တန်း) မြန်မာစာ အထူးပြုဖြင့် တက်ရောက်နေသူများအနက် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာဘာသာရပ်၌ အမှတ်အများဆုံးရရှိပြီး ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆုရသူ ကျောင်းသား ကျောင်းသူလေးဦးနှင့် ဘာသာရပ်အလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိကြသူများစာရင်းကို ယမန်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာစာအထူးပြုတက်ရောက်နေသူများအနက် မြန်မာစာဘာသာရပ်၌ အမှတ်အများဆုံးရရှိ၍ ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆုရရှိကြသူများမှာ မရွှေရည်ဦး (ဘ) ဦးမောင်မောင်ကျော် ရန်ကုန်တက္ကသိုလ် ရန်ကုန်တိုင်းဒေသကြီး၊ မမေချောခင် (ဘ)ဦးအောင်ဆွေ ရန်ကုန်တက္ကသိုလ် ရန်ကုန်တိုင်းဒေသကြီး၊ မောင်ထက်အောင်ကျော် (ဘ)ဦးဝင်းတင် ဒဂုံတက္ကသိုလ် ရန်ကုန်တိုင်းဒေသကြီး၊ မသဇင်အောင် (ဘ) ဦးဝင်းဇော်အောင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ရန်ကုန်တိုင်းဒေသကြီးတို့ ဖြစ်သည်။

ဘာသာရပ်အလိုက် ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆု ရရှိကြသူများမှာ မြန်မာစာဘာသာရပ်တွင် ပထမဆုကို မထက်ယမင်းအောင် (ဘ) ဦးစိန်သောင်း အထက (၂) ဗဟန်း ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုကို မပန်စုသော် (ဘ) ဦးညီမျိုးသော် အထက (၂) စမ်းချောင်း ရန်ကုန်တိုင်းဒေသကြီး၊ တတိယဆုကို မကဗျာချို (ဘ) ဦးရဲရင့်ထွန်း ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ရန်ကုန်တိုင်းဒေသကြီးတို့ကလည်းကောင်း၊ အင်္ဂလိပ်စာဘာသာရပ်တွင် ပထမဆုကို မစောကေခိုင်ဦး (ဘ) ဦးလှဖေ ကောင်းစုံကိုယ်ပိုင်အထက်တန်းကျောင်း ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုကို မအိန္ဒြေဗိုလ်ဗိုလ် (ဘ) ဦးနိုင်ဝင်း ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ရန်ကုန်တိုင်းဒေသကြီး၊ တတိယဆုကို မအေးချမ်းယဉ်ယဉ် (ဘ) ဦးသန်းအောင် အထက (၁)ဒဂုံ ရန်ကုန်တိုင်းဒေသကြီးတို့က လည်းကောင်း၊ သင်္ချာဘာသာရပ်တွင် ပထမဆုကို မကဗျာချို (ဘ)ဦးရဲရင့်ထွန်း ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုကို မစောကေခိုင်ဦး (ဘ) ဦးလှဖေ ကောင်းစုံကိုယ်ပိုင်အထက်တန်းကျောင်း ရန်ကုန်တိုင်းဒေသကြီး၊ တတိယဆုကို မောင်မိုးထက်သူရ (ဘ) ဦးတင်သူရ အထက (၂) အင်းစိန် ရန်ကုန်တိုင်းဒေသကြီးတို့ကလည်းကောင်း၊ ဓာတုဗေဒဘာသာရပ်တွင် ပထမဆုကို မောင်အောင်ကောင်းမြင့် (ဘ) ဦးထိန်မြင့် အထက (၁) ဒဂုံ ရန်ကုန်တိုင်းဒေသကြီး၊ ရူပဗေဒဘာသာရပ်တွင် ပထမဆုကို မမေမြတ်မိုး (ဘ)ဦးမိုးစည်သူ အထက (၃) မြစ်ကြီးနား ကချင်ပြည်နယ်နှင့် မအိတာကြော့ (ဘ) ဦးထွန်းရွှေ ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း ရန်ကုန်တိုင်းဒေသကြီး၊ ဇီဝဗေဒဘာသာရပ်တွင် ပထမဆုကို မောင်ကောင်းထက်နိုင် (ဘ) ဦးခွန်မြင့် အထက (၆) ပုသိမ် ဧရာဝတီတိုင်းဒေသကြီး၊ ပထဝီဝင်ဘာသာရပ်တွင် ပထမဆုကို မအေးမြတ်သူ (ဘ) ဦးသန်းဇော် ဘုန်းပြည်သာကိုယ်ပိုင်အထက်တန်းကျောင်း ဧရာဝတီတိုင်းဒေသကြီး၊ သမိုင်းဘာသာရပ်တွင် ပထမဆုကို မသိန်းသန်းနေခြည်စိုး (ဘ) ဦးစိန်မြင့် အထက အိမ်မဲ ဧရာဝတီတိုင်းဒေသကြီး၊ ဘောဂဗေဒဘာသာရပ်တွင် ပထမဆုကို မောင်ကျော်ရဲအောင် (ဘ) ဦးအောင်တင် ပြင်ပဖြေ မန္တလေးတိုင်းဒေသကြီးတို့က အသီးသီးရရှိကြသည်။

ဆုချီးမြှင့်ပွဲကို ၂၀၁၆ ခုနှစ် ဩဂုတ် ၂၀ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန် စုပေါင်းခန်းမတွင်ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများသည် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ၀၁-၃၇၆၅၆၉ နှင့် စီမံရေးရာဌာန ၀၁-၃၈၁၄၄၉၊ ၀၁-၃၇၄၅၃၂ သို့ အမြန်ဆုံး ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲအပြီး လူငယ်များ နိုင်ငံရေးစာအုပ်၊ စာပေများအပေါ် ပိုမိုစိတ်ဝင်စားလာ

**ရန်ကုန် ဩဂုတ် ၆**

ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်စီစဉ်မှုဖြင့် ပထမအကြိမ် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲကို မိုးရာသီစာအုပ်ဈေးရောင်းပွဲနှင့်အတူ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံခန်းမ၌ ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်အထိ သုံးရက်တိုင်တိုင် အောင်မြင်စွာကျင်းပခဲ့သည်။

စာတမ်းဖတ်ပွဲတွင် တစ်ရက်လျှင်စာတမ်း ခြောက်စောင်နှုန်းဖြင့် စုစုပေါင်း သုံးရက်တွင် နိုင်ငံရေးစာတမ်း ၁၈ စောင်ကို နယ်ပယ်အသီးသီးမှစာတမ်းရှင်များက နိုင်ငံရေးနှင့်စပ်လျဉ်းသည့် စာတမ်းများကို ရှင်းလင်းဖတ်ကြားခဲ့သည်။ မိုးရာသီစာအုပ်ဈေးရောင်းပွဲတွင် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းဝင် စာအုပ်ဆိုင်ပေါင်း ၁၇၁ ဆိုင်တို့ကလည်း ဘာသာရပ်မျိုးစုံ၊ စာအုပ်မျိုးစုံတို့ကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

အဆိုပါစာတမ်းဖတ်ပွဲနှင့် မိုးရာသီဈေးရောင်းပွဲသို့ တတ်သိပညာရှင်များ၊ စာပေဝါသနာရှင် ရဟန်းရှင်လူပြည်သူများ၊ နိုင်ငံရေးနှင့်နိုင်ငံရေးစာပေ၊ မြန်မာစာပေ စိတ်ဝင်စားသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်လေ့လာခြင်း၊ စာအုပ်များ ဝယ်ယူအားပေးခြင်းတို့ဖြင့် အားရဖွယ်ရာမြင်ကွင်းအဖြစ် တွေ့မြင်ခဲ့ရသည်။

နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့်မိုးရာသီစာအုပ်ဈေးရောင်းပွဲအပြီးတွင် လူငယ်လူရွယ် ကျောင်းသား ကျောင်းသူများက မြန်မာစာပေအရေးအသားဆိုင်ရာ စာအုပ်စာတမ်းများ၊ နိုင်ငံရေးဆိုင်ရာ စာအုပ်စာတမ်းများ၊ ရည်ညွှန်းကျမ်းများ၊ နိုင်ငံရေးဆိုင်ရာ အတွေးအခေါ် စာအုပ်များ၊ ကဗျာစာအုပ်များနှင့်စပ်လျဉ်း၍ စိတ်ဝင်စားမှုများလာပြီး သူတို့ဖတ်ရှုလေ့လာလိုသည့် စာအုပ်စာစောင်များရှိ၊ မရှိ စုံစမ်းမေးမြန်းမှုများသည် ယခင်ကထက် ယခုရက်ပိုင်းတွင် သိသာစွာ များပြားလာကြောင်း ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်း ပန်းဆိုးတန်းလမ်း (၃၇) လမ်းရှိ စာအုပ်ဆိုင်ကြီးများနှင့် လမ်းဘေးစာအုပ်အဟောင်းဆိုင်များ ဈေးကွက်မှ သိရသည်။

"အခုရက်ပိုင်း လာမေးကြသူတွေထဲမှာ အသက်အရွယ်ကြီးသူတွေသာမက လူငယ်၊ လူလတ်ပိုင်းတွေမေးကြတာများတယ်။ သူတို့မေးကြတဲ့ စာအုပ်စာပေတွေ၊ အတ္ထုပ္ပတ္တိတွေထဲက တချို့ဆိုရင် ဈေးကွက်ထဲမှာ လုံးဝမရှိတော့ဘူး။ တချို့ ရည်ညွှန်းကျမ်းတွေဆိုရင် အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ်စာကြည့်တိုက်၊ စာပေဗိမာန်စာအုပ်တိုက်စတဲ့ အထင်ကရစာကြည့်တိုက်တွေလောက်မှာပဲ ရှိတော့မယ်ထင်ပါတယ်။ တချို့စာအုပ်တွေဆိုရင် နာမည်ပဲကျန်တော့တယ်။ လူငယ်တွေအမေးများတဲ့ အချို့နိုင်ငံရေးစာပေတွေ၊ အတ္ထုပ္ပတ္တိတွေ၊ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာစာအုပ်တွေဟာ ရှားပါးစာရင်းဝင်ဖြစ်သွားပြီမို့ အမေးများတဲ့ နိုင်ငံရေးဆိုင်ရာစာအုပ်တွေကို သက်ဆိုင်ရာက ပြန်လည်တည်းဖြတ်ပြင်ဆင်ပြီး ပြန်ထုတ်စေချင်ပါတယ်" ဟု စာအုပ်အဟောင်းရောင်းဝယ်သူတစ်ဦးက ပြောသည်။

ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဆိုင်သို့လည်း စာတမ်းဖတ်ပွဲတွင် ဖတ်ကြားခဲ့သည့် "နိုင်ငံရေးစာပေစာတမ်းစာအုပ်ထုတ်မယ်လို့ကြားပါတယ်။ ထွက်ပြီလား၊ ဘယ်တော့လောက် ထွက်မလဲ"ဟု မေးမြန်းစုံစမ်းမှုများလည်းရှိနေကြောင်း သိရသည်။

နယ်မှ စာပေမိတ်ဆွေတစ်ဦးက "နိုင်ငံရေးစာပေစာတမ်း စာအုပ်အနေနဲ့ထွက်ရင် ကိုယ်တို့ စာကြည့်တိုက်ကတစ်ဆင့် လူငယ်တွေကို ဖတ်စေ၊ သိမြင်စေဖို့ အမြန်ဆုံးပို့ပေးပါ"ဟု ဖုန်းဖြင့် ကြိုတင်မှာကြားထားသည်များလည်းရှိကြောင်း သိရသည်။

သို့ဖြစ်ရာ နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲအပြီးမှ နိုးထလာသည့် လူငယ်လူရွယ်များ၏ တတ်သိလိုမှု၊ တွေးခေါ်မြော်မြင်စူးစမ်းလိုမှု အလိုဆန္ဒ ချင်ခြင်းကို သမိုင်းဝင်ရှားပါးနိုင်ငံရေးစာပေများ၊ အတ္ထုပ္ပတ္တိများ ဖတ်ကြားခဲ့သည့် နိုင်ငံရေးစာပေစာတမ်းတို့ကို စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေဖြန့်ချိပေးခြင်းဖြင့် ဖြည့်ဆည်းပေးစေလိုကြောင်း၊ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစ်နည်းတစ်ဖုံ အထောက်အကူပြုလာမည်ဖြစ်ကြောင်း သိရသည်။ **(ကိုချစ်)**

# အက်ရှင်ဇာတ်ကားသစ်တွင် ပါဝင်သရုပ်ဆောင်သွားမည့် တေးသံရှင်ဟယ်ရီစတိုင်

ဟောလိဝုဒ်ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာနှင့် ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးဖြစ်သူ ခရစ္စတိုဖာနိုလန် ရိုက်ကူးခြယ်မှုန်းသည့် ဒုတိယကမ္ဘာစစ်အတွင်းက အကြောင်းခြင်းရာများကို ရိုက်ကူးပုံဖော်ထားသည့် Dunkirk အက်ရှင်ဇာတ်ကားသစ်တွင် နာမည်ကြီး လူငယ်တေးသံရှင် ဟယ်ရီစတိုင် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Dunkirk အက်ရှင်ဇာတ်ကားသစ်ကို ယခုနှစ် မေလကုန်ပိုင်းက ပြင်သစ်နိုင်ငံတွင် စတင်ရိုက်ကူးလျက်ရှိပြီး အခြားသောနိုင်ငံများတွင်လည်း ဆက်လက်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအက်ရှင်ဇာတ်ကားသစ်တွင် တေးသံရှင် ဟယ်ရီစတိုင်နှင့်အတူ Tom Hardy, Cillian Murphy တို့က ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ပြီး ယင်းရုပ်ရှင်ဇာတ်ကားသစ်သည် One Direction ဂီတအဖွဲ့မှ အဖွဲ့ဝင် ဟယ်ရီစတိုင်၏ ပထမဆုံး အက်ရှင်ဇာတ်ကားသစ်လည်းဖြစ်ခဲ့သည်။



# အယ်လ်ဘမ်သစ်အတွက် အနီးကပ်စီစဉ်ဆောင်ရွက်လျက်ရှိသည့် Crayon Pop အဖွဲ့



၂၀၁၂ ခုနှစ်မှစတင်ပြီး ကေပေ့ါပ် ဂီတလောကသို့ စတင်ထိုးဖောက်ခဲ့သည့် Crayon Pop အမျိုးသမီး ကေပေ့ါပ်ဂီတအဖွဲ့သည် မကြာခင်တွင် အယ်လ်ဘမ်အသစ်နဲ့အတူ ဂီတဖျော်ဖြေပွဲတစ်ခုကို ကျင်းပသွားရန် အားတက်သရော အနီးကပ် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Crayon Pop အဖွဲ့ အနေဖြင့် ကိုရီးယားဗားရှင်းဖြင့် ဖြန့်ချိမည့် ပထမဆုံး စတူဒီယိုအယ်လ်ဘမ်ကို ယခုနှစ်အတွင်း ဖြန့်ချိသွားမည်ဟု ပရိသတ်များအား အသိပေးထားခြင်းများရှိခဲ့ပြီး ယခုထွက်ရှိလာမည့် အယ်လ်ဘမ်သစ်၏ ထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း အဖွဲ့ဝင်များအနေဖြင့် အားတက်သရော ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် အဖွဲ့ဝင်များအနေဖြင့် တေးသီချင်းများ၏ ရိုက်ကူးရေးလုပ်ငန်းများနှင့် အကြိုရိုက်ကူးရေးလုပ်ငန်းများတွင်လည်း ပါဝင်မည်ဖြစ်ပြီး အဆိုပါ တေးသီချင်းဗီဒီယို၏ ဈေးကွက်ပိုင်းဆိုင်ရာနှင့် ပရိုမိုးရှင်းလုပ်ငန်းဆောင်တာများတွင်လည်း အနီးကပ် ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအယ်လ်ဘမ်နှင့် ပတ်သက်ပြီး အဖွဲ့ဝင် Way က ပရိုမိုးရှင်းလုပ်ငန်းနှင့် ဈေးကွက်ပိုင်းဆိုင်ရာများကို လည်းကောင်း၊ အဖွဲ့ဝင် Ellin နှင့် Gummi က တေးသီချင်းဗီဒီယိုတွင်ပါဝင်မည့်သူများ၏ အဝတ်အစားဒီဇိုင်းပိုင်းဆိုင်ရာများကိုလည်းကောင်း၊ အဖွဲ့ဝင် Choa က ဆံပင်၊ မိတ်ကပ်ဒီဇိုင်းတို့ကို လည်းကောင်း၊ အဖွဲ့ဝင် Soyul က လိုဂိုဒီဇိုင်းပိုင်းဆိုင်ရာများကိုလည်းကောင်း အသီးသီးတာဝန်ယူကာ ကြီးကြပ်ဆောင်ရွက်သွားကြမည်ဖြစ်သည်။

ယင်းသို့ အနီးကပ်ကြီးကြပ်ဆောင်ရွက်ရခြင်းမှာ အခြားအမျိုးသမီး ကေပေ့ါပ်အဖွဲ့များနှင့်မတူ တစ်မူထူးခြားစွာဖြင့် အဖွဲ့ဝင်တစ်ဦးချင်းစီ၏ အရည်အချင်းကို ပြသရာလည်း ရောက်မည်ဖြစ်ကြောင်း သိရသည်။

Crayon Pop အဖွဲ့သည် ယခုနှစ် နှစ်ဆန်းပိုင်းက ပထမဆုံးသော ဂျပန်စတူဒီယိုအယ်လ်ဘမ်ကို ဖြန့်ချိခဲ့ပြီး ယင်းအယ်လ်ဘမ်တွင် ဂျပန်သီချင်းများနှင့် ကိုရီးယားသီချင်းများကို ဂျပန်ဘာသာဖြင့် သီဆိုထားသော သီချင်းများ ပါဝင်သည်။

ထို့အပြင် အဖွဲ့၏ ပထမဆုံးသော ဂျပန်ခရီးစဉ်ဂီတဖျော်ဖြေပွဲကို ဂျပန်နိုင်ငံရှိ မြို့ကြီးသုံးမြို့တွင် ကျင်းပခဲ့ရာ ဂျပန်ပရိသတ်များ အထူးအားပေးနှစ်သက်ခဲ့ကြကြောင်း သိရသည်။

# ကြည့်ရှုသူ ၁၀ သန်းကျော်ရှိခဲ့သည့် Train to Busan သည်းထိတ်ရင်ဖိုဇာတ်ကား

ယခုနှစ်အတွင်းထွက်ရှိခဲ့သည့် တောင်ကိုရီးယားဇွန်ဘီဇာတ်ကားတစ်ကားဖြစ်ပြီး ယခုနှစ် မေလအတွင်းက ကျင်းပခဲ့သည့် ကန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ပါဝင်ပြသခဲ့သည့် Train to Busan သည်းထိတ်ရင်ဖိုဇာတ်ကားသည် ယခုအခါ ကြည့်ရှုသူ ၁၀ သန်းကျော်ရှိခဲ့ကြောင်း သိရသည်။

ယင်းနှင့်ပတ်သက်ပြီး Train to Busan ဇာတ်ကားမှ သရုပ်ဆောင် Gong Yoo က "ကျွန်တော်ဘယ်လိုမှ မျှော်လင့်မထားတဲ့အတွက် အရမ်းကို စိတ်လှုပ်ရှားခဲ့ရပါတယ်" ဟု ၎င်းအသစ်ရိုက်ကူးမည့် The Age of Shadows ဇာတ်ကားသစ်၏ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ မင်းသား Gong Yoo အနေဖြင့် ဂျပန်ကိုလိုနီစနစ်အကြောင်း အခြေခံရိုက်ကူးမည့် The Age of Shadows ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသည်။




မျိုးစန္ဒာမောင် - စုစည်းသည်

# ရုပ်မြင်သံကြားအစီအစဉ်များ

[၇- ၈ -၂၀၁၆ (တနင်္ဂနွေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညနေ
- ၆:၀၀ - အဖွင့်
  - -မိုးလေဝသအစီအစဉ်
  - -ကာတွန်းအစီအစဉ် " Laputa Castle in the sky " (အပိုင်း-၃)
- ၆:၄၅ -တေးဂီတအစီအစဉ်
- ၇:၀၀ -မြန်မာဗီဒီယိုဇာတ်လမ်း "ပျော်ရွှင်ပါစေ ညီမလေးရယ်"
- ၉:၁၀ -MRTV Entertainment Music
- ၉:၂၅ -အဆိုတော် စိုင်းထီးဆိုင် (အပိုင်း-၂)
- ၉:၅၅ -နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
- ၁၀:၀၅ -စေတီဝေဆာပုဂံမြေမှာ (အပိုင်း-၂)
- ၁၀:၂၅ -ပြောင်းလဲတီထွင် ရိုးရာအဆင် (ကချင်၊ ကယား၊ ကရင်၊ ချင်း)
- ၁၀:၃၀ -မြန်မာရုပ်ရှင် "အဖြူရောင်ဆေးစက်"
- ၁၂:၀၀ -အစီအစဉ်ပြီး၏။

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၃၅ Business News
- ၈:၃၅ "၂၀၁၆ ခုနှစ်ဩဂုတ်လအတွက် မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်များနှင့် ကြိုတင်သတိပြုဖွယ်ရာများ
- ၉:၃၅ ပြည်သူတို့ရဲ့စကားသံများ
- ၉:၅၀ ကဗျာရိပ်မြုံ "သရုပ်ပျက်ကြက်တော"
- ၁၀:၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၁၁:၁၅ ဂီတတံခါးလေးဖွင့်ပါဦး
- ၁၂:၅၀ ဆေးရောင်စုံရုပ်ရှင် "သူငယ်ချင်းသုံး ယောက်ရှိလေသည်" (စိုးသူ၊ရဲအောင်၊ တင့်တင့်ထွန်း၊ ထွန်းအိန္ဒြာဗို) (ဒါရိုက်တာ-သက်မောင်မောင်)
- ၃:၃၅ Ooredoo MNL-12016ဘောလုံး ပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်(ရန်ကုန်ယူနိုက်တက် FC အသင်းနှင့် ဇေယျာရွှေမြေ FCအသင်း)
- ၅:၃၅ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "စားတယ်"
- ၆:၃၅ ဆိုကြမယ်၊ ပျော်ကြမယ်
- ၈:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၈:၃၅ "အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်နှင့်ပတ်သက်ဆွေးနွေးခန်း"
- ၉:၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ
  - -နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်တဲ့လား"(အပိုင်း-၂၈)
  - -(၁၅)ကြိမ်မြောက်မြန်မာ့ယဉ်ကျေးမှုအဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ (ရုပ်စုံသဘင်ပြိုင်ပွဲ) "မဟာဒုတ်ဇာတ်တော်ကြီး" (တောင်ဝင်ရုပ်စုံစင်တော်ကြီးအဖွဲ့) (ရန်ကုန်တိုင်းဒေသကြီး)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

- ၆:၀၃ တရားတော်
- ၇:၁၅ မေတ္တာပို့
- ၇:၂၅ ဓမ္မပူဇာတေး
- ၇:၃၀ ကိုယ်လက်လှုပ်ရှားအားကစား
- ၈:၁၅ စိုက်ပျိုးသုတ
- ၈:၂၅ DVD Hits
- ၈:၃၅ အင်္ဂလိပ်စာသုတ
- ၉:၁၀ World Wide Web
- ၉:၄၅ အမှတ်တရနေ့ရက်လေးများ
- ၁၀:၁၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၀:၂၀ Guide For You
- ၁၀:၃၀ Cooking Art
- ၁၀:၄၅ မြန်မာသံစဉ်ချိုနားဝင်
- ၁၁:၀၀ English For Myanmar
- ၁၁:၁၅ Lucky Door
- ၁၂:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အဆုံးသတ်တစ်နေ့ အပိုင်း(၄)
- ၁၃:၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာအသင်္ချေ အပိုင်း(၈၅)
- ၁၄:၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
- ၄:၂၅ သာယာသီကြွေးခေတ်ဆန်းတေး
- ၄:၃၅ ပျိုပျိုမေ
- ၄:၅၀ Run & Cook
- ၅:၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖေဖေကြီးကိုချစ်တယ် အပိုင်း(၄၅)
- ၅:၄၅ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၆:၁၀ ဘဝကြေးမုံ
- ၆:၃၅ လူစွန့်စားခရီးသွားနေသည်
- ၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်သူတို့စိတ်ဝမ်း အေးချမ်းပါစေ အပိုင်း(၅၇)
  - VOA အင်္ဂလိပ်စာသင်ခန်းစာ
  - ပဟေဠိနန်းတော်
  - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အနားမညီတြိဂံ အပိုင်း(၂၂)

## MRTV- 4

- ၅:၀၀ ပဋ္ဌာန်းပါဠိတော် + ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅:၄၀ "ဗုဒ္ဓသမီးတော်များ၏ ရင်တွင်းစကားများ" (အပိုင်း-၄) တရားတော် (ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ)
- ၈:၀၀ Cartoon Series (Welcome To Sky Ville)
- ၈:၅၅ Weekly Sports Diary
- ၁၀:၁၅ ခေတ်သစ်ပျိုမေ
- ၁၁:၀၅ Star တို့ရဲ့ လက်ရာ
- ၂:၂၀ World of Knowledge (Naked Science : Star Clock)
- ၃:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ ကတိစကား" (အပိုင်း-၂၅)
- ၅:၃၅ Food & De'cor
- ၆:၁၀ Health Fix
- ၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ ကတိစကား" (အပိုင်း-၂၆)
- ၇:၁၅ Fashion Week
- ၇:၄၀ Myanmar's Got Talent (Semi Final) (LIVE)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၇၃)
- ၁၀:၁၅ MUSIC LIVE Tonight
- ၁၀:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စကိတ်စီးတဲ့ချစ်သူ" (အပိုင်း-၁၃+၁၄)
- ၀၀:၂၀ MRTV-4 Stage
- ၀၀:၄၅ World of Knowledge (Naked Science : Star Clock)



# အိုဇေးလ်၊ ကိုစီယယ်နီနှင့် ဂီရော့ဂ် လီဗာပူးနှင့်ပွဲစဉ်လွဲချော်မည်

အာဆင်နယ်အသင်း၏ အဓိကကစားသမားများဖြစ်ကြသည့် အိုဇေးလ်၊ ကိုစီယယ်နီနှင့် ဂီရော့ဂ်တို့သည် လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ၂၀၁၆-၂၀၁၇ ပရီမီယာလိဂ်ပြိုင်ပွဲအဖွင့်ပွဲစဉ်တွင် လွဲချော်လိမ့်မည်ဖြစ်ကြောင်း အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက အခိုင်အမာပြောကြားလိုက်သည်။

အဆိုပါကစားသမားသုံးဦးစလုံးသည် ပြင်သစ်နိုင်ငံတွင် ကျင်းပခဲ့သည့် ယူရို ၂၀၁၆ ပြိုင်ပွဲပြီးဆုံးချိန်မှစတင်ကာ လက်ရှိအချိန်အထိ အာဆင်နယ်အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်လာနိုင်ခြင်းမရှိခဲ့သဖြင့် နည်းပြအာစင်ဝင်းဂါးက ဂျာဂန်ကလော့၏ လီဗာပူးအသင်းနှင့် ဆုံတွေ့မည့်ပွဲစဉ်၌ ပါဝင်လာနိုင်မည်မဟုတ်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် နော်ဝေကလပ်အသင်းဗိုက်ကင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် ရှစ်ဂိုးပြတ်နိုင်ပွဲရရှိခဲ့ခြင်းကြောင့် လီဗာပူးအသင်းနှင့် ပွဲစဉ်သည် ၎င်းတို့အတွက် လွယ်ကူသည့်ပွဲစဉ်ဖြစ်လာလိမ့်မည်ဟု နည်းပြအာစင်ဝင်းဂါးက ဆိုသည်။

အာဆင်နယ်အသင်း၏ တိုက်စစ်ပိုင်းတွင် တိုက်စစ်မှူး အီလီဗာဂီရော့ဂ်ပါဝင်နိုင်မည် မဟုတ်သောကြောင့် တောင်ပံကစားသမား သီယိုဝဲကော့က ဦးဆောင်ကစားမည်ဖြစ်ပြီး ဝဲကော့နှင့်အတူ ချူဘာအက်ပွန်က တွဲဖက်ကစားမည်ဖြစ်သည်။

တောင်ပံကစားသမား သီယိုဝဲကော့သည် အာဆင်နယ်အသင်း ရှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ရာသီအကြိုချစ်ကြည်ရေးပွဲစဉ်တွင် အာဆင်နယ်အသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့ပြီး ပရီမီယာလိဂ်ရာသီအစပွဲစဉ်များတွင်လည်း အာဆင်နယ်အသင်း၏ တိုက်စစ်ပိုင်းကို တောင်ပံကစားသမား သီယိုဝဲကော့က ဦးဆောင်ကစားရဖွယ်ရှိနေကြောင်းလည်းသိရသည်။

(ငွေကြယ်)

# ၂၀၁၆-၂၀၁၇ ချန်ပီယံရှစ်အဖွင့်ပွဲစဉ်တွင် ဖူဟမ်အသင်းက နယူးကာဆယ်ကိုနိုင်

၂၀၁၆-၂၀၁၇ ဘောလုံးရာသီ၏ ချန်ပီယံရှစ်အဖွင့်ပွဲစဉ်တွင် ဖူဟမ်အသင်းနှင့် နယူးကာဆယ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဖူဟမ်အသင်းက နယူးကာဆယ်အသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိကာ ချန်ပီယံရှစ်ပြိုင်ပွဲတွင် အဖွင့်လှခဲ့သည်။

နယူးကာဆယ်အသင်းသည် ပြီးခဲ့သည့်ရာသီက ပရီမီယာလိဂ်မှ တန်းဆင်းသွားခဲ့ရသည့် အသင်းဖြစ်ပြီး ဖူဟမ်အသင်းနှင့် နယူးကာဆယ်အသင်းတို့၏ ပွဲစဉ်တွင် ဖူဟမ်အသင်းက ပွဲကစားချိန် ၄၅ မိနစ်တွင် သွင်းယူခဲ့သည့် မက်စမစ်၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်သည် ယခုအပြောင်းအရွှေ့ကာလတွင် ကစားသမားရှစ်ဦးအထိ ခေါ်ယူခဲ့ပြီး ပြောင်းရွှေ့ကြေးပေါင် ၄၅ သန်းအထိ အသုံးပြုခဲ့သည်။ သို့ရာတွင် ချန်ပီယံရှစ်အဖွင့်ပွဲစဉ်တွင် ဖူဟမ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ဖူဟမ်အသင်းမှာ ပြီးခဲ့သည့် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီက ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၂၀)နေရာ၌ ရပ်တည်ခဲ့သည့်အသင်းဖြစ်သည်။

(ငွေကြယ်)



ဩဂုတ်လ ၇ ရက်နေ့ညကစားမည့် ကွန်မြူနတီဒိုင်းလုပွဲ

# လက်စတာကိုလွယ်လွယ်ကူကူအနိုင်မရနိုင်တဲ့မန်ယူ

၂၀၁၆-၁၇ အင်္ဂလန်ဘောလုံးရာသီ အဖွင့်ကွန်မြူနတီဒိုင်းလုပွဲကိုလာမယ့် ဩဂုတ် ၇ ရက်မှာ ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာ ပြီးခဲ့တဲ့နှစ်ပရီမီယာလိဂ်ချန်ပီယံ လက်စတာနဲ့ အက်ဖ်အေဖလားချန်ပီယံ မန်ယူတို့ယှဉ်ပြိုင်ကစားသွားမှာဖြစ်လို့ စိတ်ဝင်စားဖွယ်ကောင်းနေသလို ဘယ်အသင်းချန်ပီယံဖြစ်မလဲဆိုတာ စောင့်ကြည့်ရဖို့ရှိနေပါတယ်။

| လက်စတာ - မန်ယူ | |
|---|---|
| ၇-၈-၁၆ | ည ၉း၃၀ |

နှစ်သင်းစလုံးချန်ပီယံဟောင်းတွေ ဖြစ်ကြပါတယ်။ မန်ယူဟာ ဒီကွန်မြူနတီဒိုင်းကို အကြိမ် ၂၀ တိတိရယူထားနိုင်သလို ဒီကွန်မြူနတီဒိုင်းပြိုင်ပွဲရဲ့ အောင်မြင်မှုအရှိဆုံးအသင်းအဖြစ်ရပ်တည်နိုင်နေတဲ့အသင်းလည်း ဖြစ်ပါတယ်။

လက်စတာကတော့ ဒီကွန်မြူနတီဒိုင်းကို တစ်ကြိမ်သာ ရယူထားနိုင်ခဲ့တာဖြစ်သလို ၁၉၇၁ ခုနှစ်မှာဒီကွန်မြူနတီဒိုင်းဆုဖလားကို ရယူထားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဘယ်အသင်းကများ ချန်ပီယံအဖြစ် အောင်ပွဲခံသွားနိုင်မလဲဆိုတာက စိတ်ဝင်စားဖို့ ကောင်းမွန်နေပါတယ်။

အထူးသဖြင့် မော်ရင်ညိုဟာ မန်ယူကို မကိုင်တွယ်ခင်တုန်းက ပေါ်တို၊ ချယ်လ်ဆီး၊ အင်တာ၊ ရီးယဲလ်တို့ကိုကိုင်တွယ်ခဲ့ဖူးတဲ့မန်နေဂျာတစ်ဦးဖြစ်ပါတယ်။ မော်ရင်ညိုအနေနဲ့ ချယ်လ်ဆီးကိုကိုင်တွယ်ခဲ့စဉ်က ကွန်မြူနတီဒိုင်းပွဲစဉ်ကို စုစုပေါင်း လေးကြိမ်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပေမယ့်လည်း ၂၀၀၅ ခုနှစ်တစ်ကြိမ်မှာသာ အောင်ပွဲခံနိုင်ခဲ့ပါတယ်။ ဒါပေမယ့် မော်ရင်ညိုအနေနဲ့ သူကိုင်တွယ်ခဲ့တဲ့ အသင်းတိုင်းကိုတော့ ရာသီအဖွင့်ပွဲစဉ်ဖြစ်တဲ့ စူပါဖလားပွဲစဉ်တွေမှာ ဗိုလ်စွဲနိုင်အောင် ကိုင်တွယ်နိုင်ခဲ့တာဖြစ်ပါတယ်။ မော်ရင်ညိုဟာ ပေါ်တိုကိုကိုင်တွယ်ခဲ့စဉ်တုန်းက ၂၀၀၃ ခုနှစ်မှာ ပေါ်တူဂီစူပါဖလားကိုအရယူနိုင်ခဲ့သလို ချယ်လ်ဆီးကိုကိုင်တွယ်ခဲ့စဉ်တုန်းကလည်း ၂၀၀၅ ခုနှစ်မှာ ကွန်မြူနတီဒိုင်းကို အရယူပေးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် မော်ရင်ညိုဟာ အင်တာမီလန်ကိုကိုင်တွယ်ခဲ့စဉ်တုန်းက ၂၀၀၈ ခုနှစ်မှာ အီတလီစူပါဖလားကို အရယူနိုင်ခဲ့သလို ရီးရဲကို ကိုင်တွယ်ခဲ့စဉ်တုန်းကလည်း ၂၀၁၂ ခုနှစ်မှာ စပိန်စူပါဖလားကို အရယူပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း မော်ရင်ညိုအနေနဲ့ မန်ယူကိုကိုင်တွယ်ရာမှာလည်း ရာသီအဖွင့်ပွဲဖြစ်တဲ့ ကွန်မြူနတီဒိုင်းကိုအရယူပေးနိုင်မလားဆိုတာ စိတ်ဝင်စားဖို့ကောင်း နေပါတယ်။

အထူးသဖြင့် မော်ရင်ညိုဟာ မန်ယူကိုကိုင်တွယ်ခဲ့ပြီးတဲ့နောက်မှာခြေစမ်းပွဲတွေ ကစားခဲ့ရာမှာ ခြေစွမ်းပိုင်း ထင်သလောက်ကောင်းမွန်ခြင်းမရှိခဲ့ပါဘူး။ ဒါပေမယ့်လည်းအဆိုပါပွဲစဉ်မှာ မော်ရင်ညိုဟာ မန်ယူအတွက် အဓိကကျလာနိုင်တဲ့ကစားသမားတွေကို အစုံအလင် အသုံးပြုသွားခြင်းမရှိခဲ့တာကို သတိပြုရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း အဆိုပါခြေစမ်းပွဲတွေက မန်ယူရဲ့ခြေစွမ်းကို ရာသီသစ်မှာတွေ့ရနိုင်တဲ့ မန်ယူရဲ့ခြေစွမ်းအစစ်အမှန်လို့ သုံးသပ်ဖို့ခက်သလို ဒီပွဲစဉ်မှာသာ မော်ရင်ညိုအနေနဲ့ မန်ယူ မန်နေဂျာဘဝ ပထမဆုံးအောင်မြင်မှုကိုရယူနိုင်ဖို့ လူစုံထုတ်အသုံးပြုလာမယ်ဆိုရင် မန်ယူရဲ့ခြေစွမ်းပိုင်းကလည်း ထက်မြက်မှုရှိ လာနိုင်ပါတယ်။

ဂါလာတာစာရေးနဲ့ပွဲမှာ လူစုံနီးပါး ပါဝင်ကစားနိုင်တာနဲ့အမျှ ဂိုးပြတ်နိုင်ပွဲကိုရယူနိုင်ခဲ့တဲ့ မန်ယူရဲ့စွမ်းဆောင်ရည်ကိုလည်း သတိပြုရမှာဖြစ်ပါတယ်။

ဒါပေမယ့် လက်စတာကလည်း လက်ရှိအချိန်မှာ အသင်းလိုက်တည်ငြိမ်မှု အားကောင်းနေပါတယ်။ လက်စတာဟာ ကန်တီကို ဆုံးရှုံးထားခဲ့ရပေမယ့်လည်း မာရက်ဇ်၊ ဗာဒီ၊ ဒရင့်ဝါတာ၊ မော်ဂန်တို့လိုအဓိကကစားသမားတွေကို ဆက်ထိန်းထားနိုင်ခဲ့တာကြောင့် ယမန်နှစ်က ပရီမီယာလိဂ်ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့တဲ့ အစုအဖွဲ့အတိုင်းနီးပါး တည်ရှိနေတယ်လို့ဆိုနိုင်ပါတယ်။ ဒါ့အပြင် လက်စတာဟာ ကန်တီနေရာမှာ နိုက်စ်အသင်းကွင်းလယ်ကစားသမားမန်ဒီနဲ့ အစားထိုးထားနိုင်ခဲ့သလို မူဆာ၊အူချီတို့ကိုလည်းထပ်မံခေါ်ယူထားနိုင်တာကြောင့် လက်စတာရဲ့စုဖွဲ့မှုအခြေအနေဟာ ယမန်နှစ်ကထက်တောင် ပိုမိုကောင်းမွန်မှုရှိလာတယ်လို့ ဆိုနိုင်ပါတယ်။ ဒါ့အပြင် လက်ရှိလက်စတာမန်နေဂျာ ရေနာရီဟာ မော်ရင်ညိုနဲ့ရင်ဆိုင်ခဲ့ရတဲ့ ပွဲတွေမှာလည်း ရလဒ်ကောင်းတချို့ကို ပိုင်ဆိုင်ထားခဲ့ပါတယ်။ မော်ရင်ညိုနဲ့ရေနာရီတို့ဟာသမိုင်းတစ်လျှောက်မှာ အရင်ကစုစုပေါင်း ခြောက်ကြိမ်ဆုံခဲ့ဖူးပြီး မော်ရင်ညိုက နှစ်ကြိမ်အနိုင်ရခဲ့သလို ရေနာရီကလည်း နှစ်ကြိမ်အနိုင်ရကာ နှစ်ကြိမ် တိတိသရေကျထားခဲ့ရပါတယ်။

ဒါကြောင့်လည်း မန်ယူအနေနဲ့ ဒီပွဲစဉ်မှာလည်း လက်စတာကို လွယ်လွယ်ကူကူတော့ အနိုင်ရယူနိုင်ဖို့မလွယ်ပါဘူး။ အထူးသဖြင့် မန်ယူဟာ လက်ရှိအချိန်မှာ မော်ရင်ညိုလက်အောက်မှာ အထိုင်ကျဖို့ရှုန်းကန်နေရဆဲဖြစ်သလို တိုက်စစ်ပိုင်းကအစ အရေးပါတဲ့နေရာတွေမှာ အပြောင်းအလဲတွေဖြစ်ပေါ်ထားခဲ့တာကြောင့်လည်း အသင်းလိုက်ခြေစွမ်းပိုင်းအရ အထိုင်ကျဖို့ခက်ခဲနေခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့်လည်း မန်ယူရဲ့ ရွှန်နေး၊ အီဘရာဟီမိုဗစ်၊ မာတာ၊ မီခီတာရန်တို့ဟာ လက်စတာကစားသမားတွေထက် ပွဲကို အဆုံးအဖြတ်ပေးနိုင်စွမ်း ပိုရှိကြပါတယ်။ ဒါကြောင့်လည်း မန်ယူအနေနဲ့ ဒီပွဲစဉ်မှာ လက်စတာကို လွယ်လွယ်ကူကူ အနိုင်မရနိုင်ပေမယ့်လည်း ကစားသမားအင်အားပိုင်း ကွာဟမှုနဲ့အတူ ကပ်ပြီးအနိုင်ရသွားနိုင်ပါတယ်။

ရှိုင်းမင်းမင်း

# လော်ရန်တီအား ဆွမ်ဆီး ခေါ်ယူ

ပရီမီယာလိဂ်ကလပ် ဆွမ်ဆီးအသင်းသည် လာလီဂါကလပ် ဆီဗီလာအသင်းမှ စပိန်တိုက်စစ်မှူး ဖာနန်ဒိုလော်ရန်တီအား စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိပြီဖြစ်သည့် တိုက်စစ်မှူး လော်ရန်တီသည် ဆွမ်ဆီးအသင်းနှင့် နှစ်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ပြီး ဆွမ်ဆီးအသင်းတွင် ကျောနံပါတ် ၉ ဝတ်ဆင်ကစားမည်ဖြစ်ကြောင်းသိရသည်။

တိုက်စစ်မှူး လော်ရန်တီသည် စပိန်အသင်းအတွက် ၂၄ ပွဲပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုး ခုနစ်ဂိုးအထိသွင်းယူပေးနိုင်ခဲ့ပြီး ဆွမ်ဆီးအသင်းအတွက် သိသာပြောင်းလဲမှုရှိသည့် စာချုပ်ချုပ်ဆိုခြင်းပင်ဖြစ်သည်။

လော်ရန်တီသည် စပိန်အသင်း ၂၀၁၀ ကမ္ဘာ့ဖလားနှင့် ယူရို ၂၀၁၂ ပြိုင်ပွဲတို့တွင် ဖလားများရရှိခဲ့ရာတွင် စပိန်အသင်းနှင့်အတူ ပါဝင်ကစားပေးခဲ့သည်။

လော်ရန်တီသည် ၂၀၁၃ ခုနှစ်က ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး ဆီဗီလာအသင်းသို့ ပြန်လည်မပြောင်းရွှေ့မီ အီတလီမြေတွင် နှစ်နှစ်ကြာကစားခဲ့သူဖြစ်သည်။

(ငွေကြယ်)

## ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာဗဟုသုတ ပြန့်ပွားစေရေး ဆွေးနွေး

**မကွေး ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီအား ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ကော်မတီ၏ (၁/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးနှင့် ဆွေးနွေးပွဲကို တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးရုံး၌ ဩဂုတ် ၄ ရက် မွန်းလွဲ ၁ နာရီတွင် ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဒေါက်တာခင်မောင်အေး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ အနေဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းများအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စနစ်တကျ ကြီးကြပ် ဆောင်ရွက်သွားနိုင်ရန် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ အောက်တွင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေ ကြီးကြပ်မှုကော်မတီများကို ဆက်လက် ဖွဲ့စည်းစေခဲ့ကြောင်း၊ တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီအား အဖွဲ့ဝင် ၂၁ ဦးပါဝင်ဖွဲ့စည်းထားပြီး လုပ်ငန်းတာဝန် ၁၆ ချက် သတ်မှတ်ပေးထားကြောင်း၊ မကွေးတိုင်းဒေသကြီးအား Dry Zone တွင်ထည့်သွင်း သတ်မှတ်ထားခြင်း၊ ရာသီဥတုပြောင်းလဲမှုဒဏ်ကို အထိုက်အလျောက်ခံစားရခြင်း၊ ကျောက်မီးသွေး၊ ရေနံစသည့် သဘာဝသယံဇာတတွင်းထွက်ပစ္စည်းများ ကြွယ်ဝပြီး ထုတ်လုပ်မှုများခြင်း စသည့်အကြောင်းတရားများကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်အတူ ဆက်စပ်နေသော ရာသီဥတုပြောင်းလဲမှု ထိန်းချုပ်ရေးကို အထူးဂရုပြုဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍသုံးခုအား သဟဇာတဖြစ်အောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပြီး ဟန်ချက်ညီမှုရှိမှသာ အဖွဲ့အစည်းအတွင်း ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်မည်ဖြစ်ကြောင်း အကျယ်တဝင့် ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်ပြီး ကော်မတီဝင်များက စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူလူထုများ၊ ကျောင်းသား လူငယ်များနှင့် လူတန်းစားအလွှာ အသီးသီးအကြားတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာဗဟုသုတများ ပြန့်ပွားစေရေးအတွက် ပညာပေး ဟောပြောပွဲများ၊ သင်တန်းဖွင့်လှစ်ခြင်းများ ဆောင်ရွက်သွားရန်နှင့် ဌာနအသီးသီးမှ သက်ဆိုင်ရာ ကဏ္ဍအလိုက် ကော်မတီ၏ လုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## စစ်ရှောင်ဒုက္ခသည်များနေထိုင်ရာ မြေနေရာ အခက်အခဲနှင့် ကြုံတွေ့နေရသဖြင့် အကူအညီများရရှိရန်လိုလား

**အင်းတော် ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မံဟဲကျေးရွာအုပ်စု ပေကုန်း (နန့်စီးအောင်) ကျေးရွာတွင် ကချင်ပြည်နယ် ရွှေကူမြို့နယ် အမတ်ကြီးကုန်းကျေးရွာမှ စစ်ရှောင်ယာယီ ဒုက္ခသည်များနေထိုင်ရာ မြေနေရာမှာ အခက်အခဲနှင့် ကြုံတွေ့နေရသဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးနိုင်ရေးအတွက်ဒေသခံအချို့က လိုလားလျက်ရှိကြောင်း သိရသည်။



"စစ်ရှောင်ဒုက္ခသည်များ နေထိုင်ရာ ပေကုန်းကျေးရွာဟာ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်စီးအောင် သစ်တောကြိုးဝိုင်း အမှတ်(၆) သစ်တောနယ်မြေထဲမှာ ပါဝင်နေလို့ ပြောင်းရွှေ့ပေးစေလိုပါတယ်" ဟု သစ်တောဝန်ထမ်း တာဝန်ရှိသူတစ်ဦး ကပြောသည်

အဆိုပါ ပေကုန်းကျေးရွာစစ်ရှောင်စခန်း ယာယီတဲတန်းနေရာမှာ ရွာ၏အစွန်ဆုံးတွင် တစ်တန်းတည်း တစ်ဆက်တည်း တည်ရှိနေပြီး ကျေးရွာ၏ တောင်ဘက်တွင် လယ်ယာမြေများနှင့် လွဲကူးတောင်တန်းမြောက်ဘက်တွင် နန့်စီးအောင်ချောင်း၊ အနောက်ဘက်တွင် လေးတန်ချောင်းတို့က ပတ်ခွေစီးဆင်းကြသည်။

"ကျွန်တော်တို့ စစ်ဘေးရှောင်တိမ်းကြသူတွေက လွန်ခဲ့တဲ့ ၂၀၁၁ ခုနှစ် ဇူလိုင်လပိုင်းမှာ ကချင်ပြည်နယ် ရွှေကူမြို့နယ် မြို့လှအုပ်စု အမတ်ကြီးကုန်းကျေးရွာတိုက်ပွဲဖြစ်ပွားရာ ၎င်းကျေးရွာအတွင်းမှ စစ်ဘေးရှောင်အိမ်ထောင်စု ၁၃ စုတို့က ပေကုန်းကျေးရွာအိမ်ခြေများအကြားတွင် နေအိမ်များဆောက်လုပ်ကာ နေထိုင်ခဲ့ကြတာပါ" ဟု စစ်ဘေးရှောင်မိသားစုဝင် တစ်ဦးဖြစ်သူ ရွှေကူမြို့နယ် အမတ်ကြီးကုန်းကျေးရွာမှ စစ်ဘေးရှောင်လာရောက်နေထိုင်လျက်ရှိသူ ဦးဘရမ်မိုင်က ပြောပြသည်

"ကျွန်တော်က ပေကုန်းရွာ ရပ်မိရပ်ဖတစ်ဦးလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ရွာက စစ်ရှောင်စခန်းက ဒုက္ခတွေကို ကျွန်တော်တို့တွေက ကူညီနေသလို ဒေသခံအချို့ကလည်း တတ်စွမ်းသရွေ့ကူညီနေပါတယ်။ ဆက်လက်ပြီး စစ်ရှောင်မိသားစုဝင်တွေကို တတ်စွမ်းသရွေ့ ကူညီစေချင်ပါတယ်" ဟု ပေကုန်းကျေးရွာမှ ဦးတိုး အောင်က ပြောပြသည်။

"ကျွန်မတို့က စစ်ရှောင်ဒုက္ခသည်တွေပါ။ ဒီပေကုန်းကျေးရွာမှာ အမျိုးတွေရှိလို့ ခဏလာတည်းခိုတာပါ။ တဖြည်းဖြည်း ရက်တွေကကြာလာတော့ အားနာစရာတွေဖြစ်နေပါပြီ။ ဒါကြောင့် ဒီနေရာမှာပဲ ကျွန်မတို့ ရွှေ့ပြောင်းစစ်ရှောင်ဒုက္ခသည် အိမ်ထောင်စုပေါင်း ၁၃ စုနေထိုင်ကြပါတယ်။ အခုကျွန်မတို့ ဒီအိမ်သေးသေးလေးမှာပဲ အိမ်ထောင်စုသုံးစုကဖြစ်သလိုနေကြရပါတယ်။ မိုးတွင်းဆိုတော့ အခက်အခဲအများကြီးကြုံတွေ့ရပါတယ်။ ကျွန်မတို့မှာနေစရာမရှိလို့ အခက်အခဲတွေဖြစ်နေပါပြီ" ဟု စစ်ရှောင်မိသားစုဝင် တစ်ဦးဖြစ်သူ ဒေါ်လဗန်လုက ပြောသည်

**နီတိုး**

## မြစ်ရေတိုက်စားမှုနှင့် နီးကပ်သည့် ယုန်လွတ်ကျွန်းကျေးရွာ မူလွန်ကျောင်းပြောင်းရွှေ့

**ပခုက္ကူ ဩဂုတ် ၆**

ပခုက္ကူမြို့နယ်တွင် ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ဩဂုတ် ၄ ရက်အထိ အခြေခံပညာကျောင်း၅၇ ကျောင်းအထိ ယာယီပိတ်ထားလျက်ရှိသည်။

ဩဂုတ် ၁ ရက်တွင် မြစ်ရေတိုက်စားမှုဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုမဖြစ်စေရန်အတွက် ပခုက္ကူမြို့နယ်ပေါက်တောအုပ်စု ယုန်လွတ်ကျွန်း(ခ) အနောက်ဆယ်လံကျေးရွာ အမှတ်(၈၀)အခြေခံပညာမူလတန်းလွန်ကျောင်းရှိ အလျား ပေ ၄၀၊ အနံ ၁၅ ပေ၊ သွပ်မိုး၊ ထရံကာ မူကြိုကျောင်းဆောင်ကို နယ်မြေခံတပ်မတော်သားများ၊ ကျေးရွာပြည်သူများစုပေါင်း၍ ဖျက်သိမ်းပြီး ရေလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

အဆိုပါကျောင်းသည် မြစ်ရေတိုက်စားမှု၊ ရေစီးသန်မှုနှင့် နီးကပ်နေသဖြင့် ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်နီနီဝင်း၊ ခရိုင်သဘာဝဘေးဒဏ် ကြိုတင်ကာကွယ်ရေးအဖွဲ့ဝင် ခရိုင်ပြန်ဆက်ဦးစီးအရာရှိ ဦးဇော်ဌေးအောင်၊ ပခုက္ကူမြို့နယ် ပညာရေးမှူး ဒေါ်သန်းသန်းဌေး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမင်းသက်ခိုင်နှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အနာဂတ်အလင်းရောင်လူငယ်ဖွံ့ဖြိုးရေးအဖွဲ့မှ ဦးရဲထွဋ်နှင့်အဖွဲ့များသည် သွပ်မိုး၊ ပျဉ်ကာ ပင်မကျောင်းဆောင် ရွှေ့ပြောင်းရေး ကွင်းဆင်းကြည့်ရှုကြသည်။

ထို့နောက်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ကျောင်းဆောင်ရွှေ့ပြောင်းရန် ဝေဠုကျော်ဖောင်ဒေးရှင်းကိုယ်စား ထောက်ပံ့ငွေကျပ် တစ်သိန်းပေးအပ်ရာ တာဝန်ရှိသူ တစ်ဦးကလက်ခံရယူခဲ့သည်။ နယ်မြေခံတပ်မတော်သားများ၊ ထွေအုပ်ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များပူးပေါင်း၍ ကျောင်းသုံးစာအုပ်များ၊ သင်ထောက်ကူပစ္စည်းများ၊ စာသင်ခုံများ၊ ဗီရိုများကို ရေလွတ်ရာ ရွှေနန္ဒဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့ရေး ကူညီဆောင်ရွက်ပေးကြသည်။

နေ့လည်ပိုင်းတွင် နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ စုပေါင်း၍ ပင်မကျောင်းဆောင်ဆုံးရှုံးမှုမဖြစ်ရေး သွပ်မိုးများ စတင်ဖျက်သိမ်းလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူး၏ ပြောကြားချက်အရ သိရသည်။ အလားတူ မြစ်ခြေတိုက်နယ်ဆရာဝန် ဒေါက်တာရဲဂေါင်နှင့်အဖွဲ့သည် ယုန်လွတ်ကျေးရွာနှင့် ချမ်းသာကြီးကျေးရွာ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့နယ်လှည့်ကုသပေးခဲ့သည်။

အနာဂတ်အလင်းရောင် လူငယ်ဖွံ့ဖြိုးရေးအဖွဲ့မှ ဦးရဲထွဋ်နှင့်အဖွဲ့သည် ရေဘေးရှောင် လယ်ယာအုပ်စု အရှေ့စုနှင့် အနောက်စုကျေးရွာများမှ အိမ်ထောင်စု ၃၈ စုသို့ တစ်အိမ်ထောင်လျှင် ဆန်သုံးပြည်စီ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုဇော်(ခတု)**



## မိုင်းဆတ်မြို့နယ်စည်ပင်သာယာရေးကော်မတီအသစ် စိစစ်ရွေးချယ်ခြင်းအခမ်းအနားကျင်းပ

**မိုင်းဆတ် ဩဂုတ် ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးကော်မတီအသစ် စိစစ်ရွေးချယ်ခြင်း အခမ်းအနားကို ခရိုင်အုပ်ချုပ်ရေးမှူးရုံး သိရိရတနာခန်းမ၌ ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီခွဲကကျင်းပရာ မြို့နယ်စည်ပင်သာယာရေးကော်မတီ စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီအသီးသီးမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ကိုယ်စားလှယ်အမည်စာရင်းတင်သွင်းထားသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးကော်မတီ စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ခေတ္တဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်ရွှေနှင့် ရွေးချယ်ရေး အဖွဲ့ဝင် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းဝင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီ စိစစ်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး၊ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်က စည်ပင်သာယာရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို ဆွေးနွေးရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ကော်မတီဝင်များကို ရွေးချယ်ရာ ဥက္ကဋ္ဌအဖြစ် ဦးစိုင်းကျော်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်ထွန်း၊ ဦးအောင်ဝင်းနှင့် ဦးထွန်းကိုကိုလင်းတို့အား ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

ယင်းနောက် မြို့နယ်စည်ပင်သာယာရေးကော်မတီ စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူးက နိဂုံးချုပ်အမှာစကားပြောကြားပြီး ကော်မတီအဖွဲ့ဝင်များ ရွေးချယ်ခြင်း အခမ်းအနားကို မွန်းလွဲ ၁၂နာရီခွဲတွင် ရုပ်သိမ်းခဲ့သည်။

**ခရိုင်/ပြန်ဆက်**

## မောက်မယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းပြုလုပ်

**မောက်မယ် ဩဂုတ် ၆**

အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိစေရေးအတွက် ပထမ ရက် ၁၀၀ သစ္စာစီမံချက်အရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မောက်မယ်မြို့နယ် ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများသည် မောက်မယ်မြို့နယ် ဈေးတန်းရပ်ကွက် တွဲဖက် အလယ်တန်းကျောင်းသို့ ဩဂုတ် ၄ ရက် နံနက် ၉ နာရီက အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး ကွင်းဆင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ရက် ၁၀၀ သစ္စာစီမံချက်တွင် ဈေးတန်းရပ်ကွက် တွဲဖက်အလယ်တန်းကျောင်းမှ အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူ ၄၉ ဦးအား အခမဲ့ထုတ်ပေးနိုင်ခဲ့ပြီး ကျန်ရှိနေသေးသည့် ကျောင်းများသို့လည်း ဆက်လက်ကွင်းဆင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းမျိုးသန့် (ပြန်/ဆက်)**

# ပန်းရောင်ကတ်ကိုင်ဆောင်ထားသူတိုင်း မြန်မာသံရုံးမှာ ပတ်စပို့(သို့မဟုတ်) CI စာအုပ် လျှောက်ထားနိုင်

**ဗန်ကောက် ဩဂုတ် ၆**
ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်လျက်ရှိသည့် ပန်းရောင်ကတ်ကိုင်ဆောင်ထားသူ မြန်မာနိုင်ငံသားများ မြန်မာသံရုံးတွင် ပတ်စပို့(သို့မဟုတ်) CI စာအုပ် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း ဩဂုတ် ၄ ရက်က သိရသည်။

လျှောက်ထားရာတွင် ပန်းရောင်ကတ် လက်ရှိကိုင်ဆောင်ထားသူများသည် မြန်မာနိုင်ငံ အိမ်ထောင်စုစာရင်း၊ မြန်မာနိုင်ငံ မှတ်ပုံတင်နှင့် ပန်းရောင်ကတ်စသည့် သက်သေခံအချက်အလက်သုံးခု လက်ဝယ်ရှိရမည်ဖြစ်ကြောင်း၊ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်မရှိသေးသော သူများအနေဖြင့် မြန်မာသံရုံးမှ CI (မြန်မာနိုင်ငံသားဖြစ်ကြောင်း သက်သေခံလက်မှတ်) အစိမ်းရောင်စာအုပ်ကို ပြုလုပ်ရန်လိုအပ်ကြောင်း၊ CI စာအုပ် အစိမ်းရောင်ရရှိပြီး နိုင်ငံကူးစာအုပ် (ပတ်စပို့)ကို ထပ်မံဖောင်ဖြည့်လျှောက်ထားရမည်ဖြစ်ကြောင်း၊ CI စာအုပ် ရရှိထားပါက အခြားမြို့များသို့ အလည်အပတ် ခရီးထွက်ခွာခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများအတွက် ကုန်ကျစရိတ်အဖြစ် CI စာအုပ်အတွက် ဘတ် ၆၀၀၊ ပတ်စပို့စာအုပ်အတွက် ဘတ် ၁၅၀၀၊ ပတ်စပို့စာအုပ်ရပြီးနောက် ဗီဇာကိုထိုင်း လ-ဝ-ကရုံးတွင် ပြန်လျှောက်ရမည်ဖြစ်ပြီး ဗီဇာအတွက် နှစ်နှစ်စာကို ဘတ် ၅၀၀ ကုန်ကျမည်ဖြစ်သည်။ စုစုပေါင်း ဘတ် ၂၆၀၀ (ခန့်မှန်း) ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ထိုင်း လ-ဝ-က ဌာနမှ ပန်းရောင်ကတ် သက်တမ်းအတိုင်း ပတ်စပို့စာအုပ်တွင် ဗီဇာထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်ရှိသူများ CI စာအုပ်ထုတ်စရာမလိုတော့ဘဲ တိုက်ရိုက် ပတ်စပို့(စာအုပ်ကြီး) လျှောက်ထားနိုင်သဖြင့် CI အစိမ်းရောင်စာအုပ်အတွက် ကုန်ကျစရိတ် ဘတ် ၆၀၀ သက်သာမည်ဖြစ်သည်။

ပန်းရောင်ကတ် သက်တမ်းမတိုးရသေးသည့်သူများနှင့် ယာယီပတ်စပို့စာအုပ်များ ကိုင်ထားပြီး ပန်းရောင်ကတ်မရိုက်လိုက်ရသေးသောသူများ ယခုပြုလုပ်ပေးမည့် CI ထုတ်ပေးခြင်းနှင့် ပတ်စပို့စာအုပ်ကြီးထုတ်ပေးမည့် အစီအစဉ်တွင် အကျုံးမဝင်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်ကြောင့် ပန်းရောင်ကတ် သက်တမ်းတိုးထားသူများ၊ ယာယီပတ်စပို့မှ ပန်းရောင်ကတ်ပြောင်းထားပြီး ပတ်စပို့စာအုပ်ကြီး ကိုင်ဆောင်ချင်သူ မြန်မာရွှေ့ပြောင်းအလုပ်သမားများ အဆင်ပြေလာနိုင်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## မျိုးဆက်သစ်လူငယ်များ မြန်မာ့ယဉ်ကျေးမှုကိုတန်ဖိုးထား ထိန်းသိမ်းတတ်စေရန် အသိပညာပေးဟောပြောပွဲကျင်းပ

**ပဲခူး ဩဂုတ် ၆**
ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော မျိုးဆက်သစ်လူငယ်များ မြန်မာ့ယဉ်ကျေးမှုကိုထိန်းသိမ်းတတ်စေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီက ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပဲခူးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်ရင်ရင်သန်းက မြန်မာ့ယဉ်ကျေးမှုစရိုက်များသည် ပြည်ပနှင့် ရောထွေးလာခြင်းကြောင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို မြန်မာနိုင်ငံသားနှင့် မျိုးဆက်သစ်လူငယ်များအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြပါဟု အဖွင့်အမှာ စကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် ပဲခူးတက္ကသိုလ် ရုက္ခဗေဒဌာန တွဲဖက်ပါမောက္ခ ဒေါက်တာမျိုးစန္ဒာရှင်က 'မြန်မာ့ယဉ်ကျေးမှုများကို ခြိမ်းခြောက်လာသောအန္တရာယ်များ' ခေါင်းစဉ်ဖြင့်အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲနှင့် ပတ်သက်၍ 'ယဉ်ကျေးမှုဆိုသည့်အတိုင်း ဝတ်စားဆင်ယင်မှု၊ အပြောအဆို အနေအထိုင်များ အားလုံးပါဝင်ကြောင်း သိစေရန်နှင့် ယဉ်ကျေးမှုနှင့် မကိုက်ညီသောအရာများကို သတိထားပြုပြင်နိုင်ရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှုကိုသာ အာရုံစိုက်မနေဘဲ မိမိတိုင်းပြည်၏ ယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားတတ်စေရန်' ရည်ရွယ်၍ပြုလုပ်ပေးခြင်းဖြစ်ပြီး ရပ်ကွက်ကျေးရွာများတွင်လည်း အသိပညာပေးဟောပြောပွဲများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မိုးသူဇာကျော်က ပြောကြားခဲ့သည်။

**ခရိုင်ပြန်/ဆက်**



## ကသာမြို့နယ်အတွင်း ရေဖုံးလွှမ်းသောကျေးရွာများသို့ ကွင်းဆင်း၍ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်

**ကသာ ဩဂုတ် ၆**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်အတွင်း ဧရာဝတီမြစ်ရေကြီးသဖြင့် မြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများ ရေဘေးဒဏ်ကိုခံခဲ့ရကြောင်း သိရသည်။

ယင်းသို့ ရေဘေးဒုက္ခခံနေရသောကျေးရွာများသို့ 'ဧရာကမ်းသာ' လူမှုရေးအသင်း၊ ON LINEချစ်သူအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များမှ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်နှင့် ရေသန့်ဘူးများ သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကသာမြို့မှ အလှူရှင်များနှင့် အဝေးရောက်ဒေသခံတို့မှလည်း ကသာမြို့နယ်ရေဘေးသင့်ပြည်သူများအတွက် နေ့စဉ်လှူဒါန်းလျက်ရှိသည်။ ဩဂုတ် ၄ ရက်တွင်လည်း ကသာခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာဝဏ္ဏသောင်းနှင့် ကျန်းမာရေးဝန်ထမ်းများသည် ကသာမြို့နယ် လူမှုရေးအဖွဲ့နှင့်ပူးပေါင်း၍ ဧရာဝတီမြစ်ရေဖုံးလွှမ်းခဲ့သော ဆည်ကြီးကျေးရွာနှင့်ဒေါင့်ကြီးကျေးရွာတို့ရှိ ပြည်သူများကို အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ယင်းမာပင်မြို့နယ် လက်တောင်ငယ်ကျေးရွာတွင် မြေငှားဂရန်များ ထုတ်ပေး

**ယင်းမာပင် ဩဂုတ် ၆**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်၏ လမ်းညွှန်မှုကိုခံယူကာ ယင်းမာပင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းခေါင်းဆောင်သော မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များပူးပေါင်းပြီး ယင်းမာပင်မြို့နယ် လည်ငေါက်ကျေးရွာအုပ်စု လက်တောင်ငယ်ကျေးရွာ မြေငှားဂရန်ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၅ ရက် နံနက် ၈ နာရီက အဆိုပါကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ယင်းမာပင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က ကျေးရွာမြေငှားဂရန် ထုတ်ပေးရခြင်းနှင့် ပတ်သက်၍ တက်ရောက်လာကြသည့် ဒေသခံ တောင်သူများအား ကျယ်ကျယ်ပြန့်ပြန့်အသိပညာပေး ရှင်းလင်းအမှာစကားပြောကြားပြီး ကျေးရွာမြေငှားဂရန်များကို ပေးအပ်ရာ လက်တောင်ငယ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစန်းမောင်က လက်ခံရယူခဲ့သည်။

ဆက်လက်ပြီး ယင်းမာပင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်မေရီတို့က အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံ ပြည်သူများ၏ သိရှိလိုသည့် မေးမြန်းမှုများကို အသီးသီး ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်ဖြေကြားပေးခဲ့သည်။

"ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် ရက် ၁၀၀ စီမံချက်ဖြင့် မိမိတို့ဌာနမှ ဦးဆောင်ကာ သက်ဆိုင်ရာဌာနဆိုင်ရာများဖြင့် မေ ၁၀ ရက်မှစတင်ပြီး ကွင်းဆင်းစစ်ဆေးခြင်း၊ တစ်ဧက မြေတန်ဖိုးများ သတ်မှတ်ခြင်း၊ မြေစာရင်းပုံစံများ၊ ဂရန်အမှုတွဲပုံစံများ၊ မြေငှားဂရန်စာချုပ်များပြင်ဆင်ခြင်း၊ အမှုတွဲဖွင့်လှစ်ခြင်းများကို အစဉ်အလေးထားဆောင်ရွက်ပေးခဲ့ပါတယ်။ လက်တောင်ငယ်ကျေးရွာအနေဖြင့် အိမ်ခြေ ၇၀၊ အိမ်ထောင်စု ၇၅ စု၊ စုစုပေါင်း ၂၇၉ ဦး နေထိုင်လျက်ရှိကာ မြေယာတည်ရှိမှုအနေဖြင့် ရွာမြေ ၁၀ ဒသမ ၁၂ ဧက၊ သာသနာမြေ ၁ ဒသမ ၅၈ ဧက၊ စာသင်ကျောင်းမြေ ၁ ဒသမ ၉၀ ဧက၊ သင်္ချိုင်းမြေ သုည ဒသမ ၄၆ ဧက စုစုပေါင်း ၁၄ ဒသမ ၀၅ ဧကဖြစ်ပြီး မြေယာအရှုပ်အရှင်းကင်းသော ကျေးရွာတစ်ရွာဖြစ်သည့်အတွက် ယခုအစိုးရသစ်လက်ထက်တွင် ပထမ ဦးစားပေး ရွေးချယ်ကာ ဒေသခံ ၇၀ ကို ပထမဆုံးအကြိမ် ကျေးရွာမြေငှားဂရန် ထုတ်ပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းကပြောသည်။

ယင်းမာပင်မြို့နယ်မှာ ရပ်ကွက် လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၄၂ အုပ်စု ကျေးရွာ ၁၆၆ ရွာ ဖြင့်ဖွဲ့စည်းထားသော မြို့နယ်ဖြစ်ပြီး ယခုအစိုးရသစ်လက်ထက်ရက် ၁၀၀ အတွင်း တစ်မြို့နယ်လျှင် ကျေးရွာတစ်ရွာ မြေငှားဂရန်ထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ ယခုလက်တောင်ငယ်ကျေးရွာအတွက် ပထမဆုံးအကြိမ် ကျေးရွာမြေငှားဂရန် ထုတ်ပေးခြင်းဖြစ်ကြောင်း၊ ယခင်အစိုးရဟောင်းလက်ထက်က ယင်းမာပင်မြို့နယ် ဖိုလ်ဝင်တောင် ကျေးရွာအတွက်လည်း ကျေးရွာမြေငှားဂရန်များကို ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယနေ့ထုတ်ပေးလိုက်သော လက်တောင်ကျေးရွာ ဒေသခံပြည်သူများ၏ လက်ဝယ်တွင် ရောက်ရှိနေသော ကျေးရွာမြေငှားဂရန်သည် ကျေးရွာ၏ မြေတစ်ဧကတန်ဖိုးငွေကျပ် ခြောက်သိန်းဖြစ်ကြောင်း၊ မိမိတို့၏ အိမ်ဝင်းမြေအပေါ်မူတည်ပြီး တစ်နှစ်လျှင် မြေငှားခကို ဧရိယာ၊ ဇုန်နှုန်း၊ တစ်ဧက၏စတုရန်းပေ၊ ခြောက်ရာခိုင်နှုန်းဖြင့် တွက်ချက်မှုအရ အလျားပေ ၈၀၊ အနံ ပေ ၆၀ ရှိ မြေကွက်တစ်ကွက်၏ မြေငှားခမှာ ကျပ် ၃၉၅၈ ဒသမ ၈၂၊ အလျား ပေ ၆၀၊ အနံ ပေ ၆၀ ရှိ မြေကွက်တစ်ကွက်၏ မြေငှားခမှာ ကျပ် ၂၈၇၉ ဒသမ ၁၄၊ အလျား ပေ ၆၀၊ အနံ ပေ ၄၀ ရှိ မြေကွက်တစ်ကွက်၏ မြေငှားခမှာ ကျပ် ၁၇၉၉ ဒသမ ၄၆ ဖြစ်ကြောင်းနှင့် အဆိုပါမြေငှားခများကို တစ်နှစ်လျှင်တစ်ကြိမ် နိုင်ငံတော်သို့ အခွန် ပေးသွင်းသွားရမည်ဖြစ်ကြောင်း တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သင်တန်းဖွင့်လှစ်သင်ကြား

**ကလေး ဩဂုတ် ၆**
ကလေးမြို့နယ် အရှေ့စည်းကျေးရွာအုပ်စု ဒိုးနွယ်ကျေးရွာတွင် တတိယအကြိမ်မြောက် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသင်တန်းကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက ဖွင့်လှစ်ပြီး ရှေးဦးစွာ ဒိုးနွယ်ကျေးရွာကျောင်းထိုင်ဘုန်းတော်ကြီးက သြဝါဒမြွက်ကြားပြီးနောက် မြို့နယ်ရဲတပ်ဖွဲ့မှူးက အမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းသည် တတိယအကြိမ်မြောက်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသား ၅၅ ဦးတို့အား ရေဘေးသင့်ခဲ့သည့် ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသားတစ်ဦးကျစီ ရွေးချယ်တက်ရောက်ကြခြင်းဖြစ်ပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်သည်။ ပထမအကြိမ်တွင် သင်တန်းသား ၃၂ ဦး၊ ဒုတိယအကြိမ်တွင် သင်တန်းသား ၃၀ တို့ကို သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သင်တန်းများပို့ချခဲ့ပြီးဖြစ်ရာ ယင်းသင်တန်းများကို ကျေးရွာအစီအစဉ်ဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဂျိုးနက်**


## လှိုင်မြစ်ရေကြီးမှုကြောင့် ဥက္ကံမြို့ ဂေါ့၊ ဘုရားကုန်း၊ ဝဲကြီးကျေးရွာတို့မှ ရေဘေးကြုံတွေ့နေသူများအား ရေဘေးလွတ်ရာသို့ရွှေ့ပြောင်း

**ဥက္ကံ ဩဂုတ် ၆**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ဂေါ့၊ ဘုရားကုန်း၊ ဝဲကြီးကျေးရွာတို့သည် ဩဂုတ် ၄ ရက် ညနေ ၃ နာရီခွဲမှစ၍ လှိုင်မြစ်ရေလျှံမှုကြောင့် ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာများမှ ရေဘေးကြုံတွေ့သော မိသားစုများအား အမှတ် (၂) တိုင်းဒေသကြီး ကိုယ်စားလှယ် ဦးလွင်စိုးမင်း၊ ဥက္ကံမြို့ အုပ်ချုပ်ရေးမှူး၊ ဥက္ကံမြို့ ရဲစခန်းမှူး ရဲအုပ်သန်းနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက စက်လှေများဖြင့် ကူညီဝိုင်းဝန်း ဆောင်ရွက်ကာ ဥက္ကံ မြို့ သက်သာဘုရားတန်ဆောင်းနှင့် ဓမ္မာရုံများသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့သည်။

ရေဘေးကြုံတွေ့နေရသူ ၁၄၈ ဦးအား ထမင်းထုပ်များ စီစဉ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**



# ပထမဆုံးမြန်မာအမျိုးသမီးသတင်းစာဆရာ ဒေါ်စန်း (သို့) အင်ဒီပင်းဒင့် ဒေါ်စန်း

**ခံ ကိုကြီးစိုး (ဆိပ်ကမ်း)**

၂၀၁၆ ခုနှစ် ဩဂုတ်လ ၃ ရက်သည် အင်ဒီပင်းဒင့်ဒေါ်စန်း ကွယ်လွန်ခဲ့သည့် (၆၆) နှစ်ပြည့် ဖြစ်ပါသည်။ ဒေါ်စန်းအား ခရစ်သက္ကရာဇ် ၁၈၈၆ ခုနှစ် ဖေဖော်ဝါရီလတွင် မန္တလေးမြို့ ရွှေချည်ထိုးရပ်ကွက်၌ အဖ ဦးဖိန်း၊ အမိ ဒေါ်ရှုတို့မှ မွေးဖွားခဲ့သည်။ ငယ်အမည် ဒေါ်စန်းယုံဖြစ်၍ သမီးအကြီးဆုံးဖြစ်ပြီး ညီမ မစန်းဖုံ၊ မစန်းမြ၊ မစန်းရှင်နှင့် မောင်ကိုကိုဟူသည့် မွေးချင်းလေးဦးရှိသည်။

မိဘနှစ်ပါးမှာ ရွှေချည်ထိုးအထည်နှင့် မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်းတွင် ထွက်ကုန်များရောင်းချသော ကုန်သည်ကြီးများဖြစ်သည်။ ကုန်သည်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းသော်လည်း ဒေါ်ရှုမှာ မြန်မာစာပေပရိယတ္တိဘက်တွင် အထူးလေ့လာလိုက်စားသည်ဖြစ်၍ သားသမီးများမှာလည်း မိခင်ကဲ့သို့ပင် စာပေပရိယတ္တိအပါအဝင် သဒ္ဒါ၊ သင်္ဂြိုဟ်၊ ရာဇဝင်၊ မဟာဝင်၊ ပျို့၊ လင်္ကာ၊ ကဗျာ ကောင်းစွာ လေ့လာသင်အံခဲ့ကြသည်။

ထို့ကြောင့် ဒေါ်စန်းယုံ၊ ဒေါ်စန်းဖုံနှင့် မစန်းရှင်တို့ ညီအစ်မသုံးယောက်သည် စာပေလောကတွင် စာရေးဆရာများအဖြစ် ထင်ပေါ်ခဲ့သည်။ ယင်းတို့အနက် မစန်းယုံခေါ် ဒေါ်စန်းမှာ အထူးကျော်စောခဲ့သည်။ ဖခင်ဦးဖိန်း ကွယ်လွန်ပြီးသည့်နောက် အသက် ၁၄ နှစ်အရွယ်တွင် မစန်းယုံသည် မြန်မာခုနှစ်တန်းစာမေးပွဲ၌ အစိုးရပညာတော်သင်ဆုကို ထူးချွန်စွာရရှိအောင်မြင်ခဲ့သည်။

ထို့နောက် မော်လမြိုင်မြို့ မော်တင်လိန်းကျောင်းမှ မူလတန်းဆရာဖြစ်အောင်မြင်၍ တောင်ငူမြို့ နော်မန်ကျောင်း၌ ဆရာမအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ ဆရာမအဖြစ်အလုပ်လုပ်ရင်း ထိုကျောင်းရှိ အလယ်တန်းပြဆရာ ဦးကြွက်နှင့် အိမ်ထောင်ကျပြီး သမီးတစ်ယောက်၊ သားသုံးယောက် ထွန်းကားခဲ့သည်။ သားသမီးလေးဦး ထွန်းကားပြီးနောက် စဉ့်ကူးမြို့သို့ ပညာအုပ်အဖြစ် ပြောင်းရွှေ့သွားသည့် ခင်ပွန်းသည် ဦးကြွက်ကွယ်လွန်သောအခါ မုဆိုးမအဖြစ် ကျန်ရစ်ခဲ့ရှာသည်။ နောက်တစ်နှစ်မှာပင် ဒုတိယသားနှင့် စတုတ္ထသား နှစ်ယောက်ကွယ်လွန်ပြန်သောအခါ ဒေါ်စန်းယုံမှာ ပရိဒေဝမီး တောက်ခဲ့ရလေသည်။

ဒေါ်စန်းယုံသည် မူလကပင် စာပေဝါသနာထုံသူဖြစ်၍ အိမ်ထောင်မကျမီ ကျောင်းဆရာမဘဝတွင် သတင်းစာမဂ္ဂဇင်းများတွင် ဝတ္ထုများ၊ ဆောင်းပါးများ ရေးသားခဲ့သည်။ သူရိယမဂ္ဂဇင်းဝတ္ထုတိုပြိုင်ပွဲတွင် ခင်စန်းကြည်ဟူသော ဝတ္ထုအမည်ဖြင့် ပါဝင်ယှဉ်ပြိုင်ရာ ပထမဆုချီးမြှင့်ခြင်းခံရပြီး စာဖတ်ပရိသတ်များက ဒေါ်စန်းယုံ၏အရေးအသားကို ကြိုက်နှစ်သက်၍ချီးကျူးကြသည်။ မစ္စတာမောင်မှိုင်းအမည်ခံ ဆရာကြီးဦးလွန်းကပင် အမျိုးသမီးစာရေးဆရာမတစ်ဦး ထူးခြားစွာပေါ်ထွက်လာသည်ဟု ချီးကျူး၍ ဒေါ်စန်းယုံအတွက် လေးချိုးကြီးတစ်ပုဒ်ရေးသား၍ ဂုဏ်ပြုခဲ့သည်။ ထိုစဉ်က ဒေါ်စန်းယုံသည် 'ဗုဒ္ဓဘာသာမြန်မာမ' ဟူသော ကလောင်အမည်ဖြင့်လည်းကောင်း 'ပုဏ္ဏမိ'ဟူသော ကလောင်အမည်ဖြင့်လည်းကောင်း ဝတ္ထုတိုများ ရေးသားလျက်ရှိသည်။ ပညာအလင်းမဂ္ဂဇင်းတွင် နိုင်ငံရေးဆောင်းပါးများကို မာတလိနှင့် ဝိသကြုံစကားပြောခန်း ရေးသားလျက်ရှိသည်။

ဤသို့ကျောင်းဆရာမဘဝဖြင့် စာပေလောကသို့ ဝင်ရောက်ခဲ့အခါ တစ်စတစ်စဖြင့် ဆရာမဒေါ်စန်းယုံအမည်ပျောက်၍ ဒေါ်စန်းဟု ထင်ရှားလာခဲ့သည်။ နာမည်ကြီးလာသည့်အတွက် ပညာမင်းကြီးက ကျောင်းဆရာမများသည် သတင်းစာ၊ မဂ္ဂဇင်းများတွင် ရေးသားခြင်းမပြုရ။ ရေးသားလိုလျှင် ပညာမင်းကြီး၏ အမိန့်ကို ခံယူပြီးမှ ရေးသားခွင့်ရမည်ဟူသော ချုပ်ချယ်သည့်စည်းကမ်းကို ကြေညာလေရာ စာပေရေးသားမှု ဝါသနာထုံသူ ဒေါ်စန်းအတွက် အခက်ကြုံခဲ့ရလေသည်။

ဤအတွင်း ဒေါ်စန်းမှာ သတင်းစာလောကနှင့် ဆက်မိသောကြောင့် သူရိယသတင်းစာမှ အယ်ဒီတာတစ်ဦးဖြစ်သူ ဦးဘသန်းနှင့် ရင်းနှီးလာခဲ့ပြီး ဦးဘသန်းမှ လက်ထပ်ခွင့်တောင်းခံလာသဖြင့် ဒေါ်စန်းမှာ ဆရာမအလုပ်နှင့် သူဝါသနာပါသော သတင်းစာဆရာအလုပ်ကို မလုပ်နိုင်သည့်အခြေအနေနှင့် မိမိရင်သွေးနှစ်ဦး ပညာဆက်လက်သင်ကြားရန် တာဝန်ရှိသည့်အချက်တို့နှင့် မိမိရည်ရွယ်ချက်များ အကောင်အထည်ဖော်နိုင်မည့်အခြေအနေတို့ကို ဆင်ခြင်သုံးသပ်၍ ကြောင်းလမ်းသူ ဦးဘသန်းနှင့် ဒုတိယအိမ်ထောင်ဆက်ပြီး ကျောင်းဆရာမအလုပ်မှ ထွက်ကာ ၁၉၂၂ ခုနှစ်တွင် ရန်ကုန်တွင် အခြေချခဲ့ကြသည်။

ဦးဘသန်းမှာ ဒေါ်စန်း၏ ပထမခင်ပွန်း ဆရာကြွက်၏အမည်ကိုယူ၍ သူရိယသတင်းစာတွင် 'ကြွက်စုတ်ကြီး' အခန်းကို ရေးသားရာ လူကြိုက်များ၍ ထင်ရှားလာသည်။

ထို့အပြင် 'ဗြိတိသျှနှင့်မဆက်ဆံရေး'ဟူသော စာအုပ်စာတမ်းများကိုရေးရာ လူကြိုက်များ၍ အရောင်းတွင်ကျယ်ပြီး ဝင်ငွေအတော်ရခဲ့၏။ သို့ရာတွင် ဦးဘသန်းမှာ အရက်ကြောင့် အပျက်ဖက်သို့ရောက်ရှိခဲ့ပြီး စီးပွားရေးဆုတ်ယုတ်လာခဲ့သည်။ ထို့နောက် ဒေါ်စန်းနှင့် နှစ်နှစ်ခန့်ပေါင်းသင်းခဲ့ပြီး လင်မယားကွာရှင်းခဲ့လေသည်။

ထို့နောက် ဒေါ်စန်းသည် ရန်ကုန်မြို့ လမ်း ၄၀ သို့ပြောင်းရွှေ့ခဲ့ပြီး မိမိကိုယ်ပိုင်လက်ဝတ်လက်စားပစ္စည်းများကို ရောင်းချ၍ 'အင်ဒီပင်းဒင့်' အပတ်စဉ်သတင်းစာကို ၁၉၂၄ ခုနှစ်တွင် စွန့်စားတည်ထောင်ခဲ့လေသည်။

> မလွတ်လပ်သော လခစားဘဝကိုလည်းကောင်း၊ မလွတ်လပ်သော အိမ်ထောင်ရှင်ဘဝကိုလည်းကောင်း ပြန်လည်မရောက်လိုသည့် ရည်ရွယ်ချက်ဖြင့် အင်ဒီပင်းဒင့် . . .



အင်ဒီပင်းဒင့်ဟု နာမည်ပေးရာ၌ ဒေါ်စန်းတို့ခေတ်တွင် မြန်မာပြည်ကို ဗြိတိသျှတို့က ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကိုပေးသည့်အချိန်တွင် နာမည်ကြီး အိုင်းရစ်သတင်းစာတစ်စောင်၏ "အင်ဒီပင်းဒင့်"ဟူသော အမည်ကို သဘောကျပြီး မြန်မာပြည်၏လွတ်လပ်ရေးကို အာသီသထားကာ သူ၏အပတ်စဉ်သတင်းစာအား "အင်ဒီပင်းဒင့်"ဟူသည့်အမည်ကိုပေးခဲ့ကြောင်း သားသမီးများကို ပြောကြားခဲ့၏။ ထို့အပြင် မလွတ်လပ်သော လခစားဘဝကိုလည်းကောင်း၊ မလွတ်လပ်သော အိမ်ထောင်ရှင်ဘဝကိုလည်းကောင်း ပြန်လည်မရောက်လိုသည့် ရည်ရွယ်ချက်ဖြင့် အင်ဒီပင်းဒင့်အမည်ကို ယူခဲ့ခြင်းဖြစ်သည်။

ဒေါ်စန်းသည် ထိုသတင်းစာကို ဦးစီးထုတ်ဝေရာတွင် လွယ်ကူလှသည်မဟုတ်ပေ။ ခြောက်လခန့် ပင်ပင်ပန်းပန်း ကြိုးစားခဲ့ရပြီးမှသာ သတင်းစာဖတ်ပရိသတ် အတော်အတန်များပြားလာခဲ့သည်။ ယောကျ်ားများနှင့် အပြိုင်အဆိုင် လုပ်ရသောလုပ်ငန်းဖြစ်ပြီး မိမိတစ်ဦးတည်း သတင်းစာခေါင်းကြီးပိုင်း၊ မရွှေကျေးဒိုင်ယာရီ၊ ဦးကွာစိအမေးအဖြေခန်း၊ စာတိုက်ခန်း၊ မာတလိနှင့်ဝိသကြုံ နိုင်ငံရေးဆွေးနွေးခန်း စသည်တို့ကို တစ်ဦးတည်းဒိုင်ခံရေးရသည်။ သတင်းစာအယ်ဒီတာအလုပ်ကို တစ်ဖက်လုပ်၍ သတင်းစာကြော်ငြာလိုက်ခြင်း၊ ကြော်ငြာငွေခတောင်းခံခြင်းတို့ကို ကိုယ်တိုင်လုပ်ရသည့်အပြင် သားသမီးတို့အား ချက်ပြုတ်ကျွေးမွေးပြုစုရသေးသည်။ ထိုစဉ်က ဒေါ်စန်းကို သတင်းစာပရိသတ်က ပုဂ္ဂိုလ်အားဖြင့်မသိသော်လည်း စာအုပ်ဆိုင်များနှင့် ကုမ္ပဏီပိုင်ရှင်များမှာ သူ့ထံလာနေကျဖြစ်၍ ဘီးဆံပတ်ပတ်၍ ယောလုံချည်ကို အမြဲလိုလိုဝတ်တတ်သော အမျိုးသမီးမှာ အင်ဒီပင်းဒင့်ဒေါ်စန်း ဖြစ်သည်ကို ကောင်းစွာသိရှိကြသည်။

ခရစ်နှစ် ၁၉၂၉-၃၀ ခုနှစ်တွင် အင်ဒီပင်းဒင့်သတင်းစာစောင်ရေသည် တိုးတက်၍လာခဲ့ရာ ဒေါ်စန်းတစ်ဦးတည်း အလုပ်ကိုမနိုင်အောင်ဖြစ်ခဲ့သည်။ ထို့ကြောင့် ညီအစ်မဖြစ်သော ဒေါ်စန်းဖုံနှင့် ဒေါ်စန်းရှင်တို့က ကူညီရေးသားပေးရလေသည်။

ဒေါ်စန်းဖုံသည် သော်တာအမည်ကိုခံယူ၍ ရေးသားပေးပြီး ဒေါ်စန်းရှင်မှာ စန္ဒာငွေရည်ဟူသော အမည်ကိုခံယူ၍ အပတ်စဉ်သတင်းစာတွင် ရေးသားပေးခဲ့သည်။ အခြားအမျိုးသမီးများသည်လည်း ဒေါ်စန်းကို အကူအညီပေးကြသည်။

ဒေါ်စန်း၏ ဦးကွာစိဆောင်းပါးခန်းမှာ ပရိသတ်စွဲသောအခန်းဖြစ်သည်။ ဒေါ်စန်းသည် ထိုကဏ္ဍမှနေ၍လည်းကောင်း၊ ခေါင်းကြီးပိုင်းမှနေ၍လည်းကောင်း ဗြိတိသျှအုပ်ချုပ်ရေးကို ပြင်းထန်စွာဝေဖန်ခဲ့သဖြင့် သက်ဆိုင်ရာတို့က သတင်းစာတိုက်ကို မကြာခဏ သတိပေးအရေးယူခဲ့သည်။

၁၉၃၉ ခုနှစ် ဇူလိုင်လ ၂၉ ရက်တွင် ရန်ကုန်မြို့၌ အိန္ဒိယနှင့် မြန်မာတိုင်းရင်းသားတို့ အဓိကရုန်းဖြစ်ကြရာ လမ်း ၄၀ နှင့် ဒါလဟိုဇီလမ်းထိပ် (ယခုမဟာဗန္ဓုလလမ်း)ရှိ အင်ဒီပင်းဒင့် သတင်းစာတိုက်သည် အိန္ဒိယလူမျိုးတို့၏ ဖျက်ဆီးခြင်းကိုခံခဲ့ရသည်။

ထို့ကြောင့် အင်ဒီပင်းဒင့်သတင်းစာ (၁၅) နှစ်မြောက်တွင် ဒေါ်စန်းသည် သတင်းစာတိုက်ကိုပိတ်၍ တောမြို့များ၌ မိသားစုနှင့်အတူ အနားယူနေထိုင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ယုဝတီဂျာနယ် အယ်ဒီတာအဖွဲ့ဝင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့ပြီး တစ်ချိန်က နာမည်ကျော်ကြားခဲ့သော ဦးကွာစိ၏အမည်ကို ဒေါ်ကွာစိဟူ၍ပြောင်းလဲပြီး အမျိုးသမီးတို့၏အရေးကို ဟာသခေတ်ဖြင့် သတင်းစာများတွင် ရေးသားရုံမက မြန်မာအသံလွှင့်ဌာနမှလည်း 'ထွေရာစိတ်ကူး' ဟူသော အခန်းတစ်ခန်းဖွင့်၍ အသံလွှင့်ခဲ့သည်။ ထိုအသံလွှင့်ချက်ကို မြန်မာပရိသတ် အလွန်နှစ်သက်ကြသည်။

ထိုကဲ့သို့ ပထမဆုံးမြန်မာအမျိုးသမီးသတင်းစာဆရာ၊ အယ်ဒီတာနှင့် ဆောင်းပါးရှင် မြန်မာအမျိုးသမီးတို့အရေးကို ကလောင်ဖြင့် တိုးတက်အောင်ပြုပြင်ခဲ့သော စာရေးဆရာမကြီး အင်ဒီပင်းဒင့် ဒေါ်စန်းသည် ၁၉၅၀ ပြည့်နှစ် ဩဂုတ် ၃ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

အင်ဒီပင်းဒင့်ဒေါ်စန်း မွေးဖွားသည့်ခုနှစ်မှတွက်လျှင် နှစ်ပေါင်း ၁၃၀ ရှိပြီဖြစ်ကာ ကွယ်လွန်ချိန် ၁၉၅၀ ပြည့်နှစ် ဩဂုတ် ၃ ရက်မှ ယနေ့ ၂၀၁၆ ခုနှစ် ဩဂုတ် ၃ ရက်သည် ဒေါ်စန်းသေဆုံးသည့် (၆၆) နှစ်ပြည့်ဖြစ်ပါသည်။

**စာကိုး – ၁၉၆၇ ခုနှစ်၊ မြန်မာ့စွယ်စုံကျမ်း အတွဲ (၄)။**

## အရေးယူဆောင်ရွက်မှုများပြားလာသည့်အတွက် လိုင်စင်ရှိဆိုင်ကယ်များကို ဝယ်ယူမှုမြင့်တက်နေ



**ရေတာရှည် ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် လိုင်စင်မဲ့ဆိုင်ကယ်များနှင့် စည်းကမ်းချိုးဖောက်သည့်ဆိုင်ကယ်များအား နေ့စဉ်အရေးယူဆောင်ရွက်မှုများရှိနေရာ ကျေးလက်ဒေသများမှ လိုင်စင်ပါသောဆိုင်ကယ်များကိုသာ အများဆုံးဝယ်ယူလျက်ရှိကြောင်း ဈေးကွက်အတွင်း စုံစမ်းမှုများအရ သိရသည်။

"ဆိုင်ကယ်တွေက နေ့တိုင်းဖမ်းနေတော့ လိုင်စင်မဲ့ဆိုင်ကယ်တွေကို သူတို့မစီးရဲကြတော့ဘူး။ အခုဆို ကျေးလက်ဒေသတွေက လာဝယ်ရင် လိုင်စင်ဘီးတွေပဲဝယ်ကြတော့တယ်" ဟု ဆိုင်ကယ်အရောင်းဆိုင်ဖွင့်လှစ်ထားသူတစ်ဦးက ပြောသည်။

ဝယ်ယူရာတွင် လက်ငင်းငွေချေစနစ်အပြင် ဘဏ်များနှင့် ချိတ်ဆက်၍ အရစ်ကျရောင်းချမှုများရှိပြီး ဝန်ထမ်းများက အရစ်ကျစနစ်ဖြင့် ဝယ်ယူကြကာ ကျေးလက်နေသူများမှာ လက်ငင်းငွေပေးချေဝယ်ကြသည်ဟု ယင်းကပင်ဆက်လက်ပြောကြားသည်။ လက်ရှိဆိုင်ကယ်ဈေးကွက်၌ ထိုင်း၊ အိန္ဒိယ၊ တရုတ်နိုင်ငံတို့မှဆိုင်ကယ်များကို စီးနင်းသုံးစွဲလျက်ရှိကာ ဈေးကွက်ပြိုင်ဆိုင်မှုအားကောင်းလာသည့်နှင့်အမျှ အရည်အသွေးပိုင်းမှာလည်း ပိုမိုကောင်းမွန်လာကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ပုသိမ်ခရိုင်နှင့် ဟင်္သာတခရိုင်အတွင်းရှိ ရေကာတာများကြည့်ရှုစစ်ဆေး



ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ ငါးသိုင်းချောင်းမြို့ ဝဲန်ရေကာတာကြံ့ခိုင်မှုအခြေအနေအား စစ်ဆေးစဉ်။

**ငါးသိုင်းချောင်း ဩဂုတ် ၆**
ဩဂုတ် ၄ ရက်၌ ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ဝဲန်မြစ်ရေသည် မွန်းလွဲ ၁ နာရီအချိန် တိုင်းထွာချက်အရ ၂၉ ဒသမ ၆၅ ပေသို့ ရောက်ရှိလျက်ရှိပြီး စိုးရိမ်ရေအမှတ်အထက် ၂ ပေနှင့် သုည ဒသမ ၆၅ လက်မ ကျော်လွန်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးဘဟိန်း၊ ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူးတို့ဦးဆောင်သောအဖွဲ့သည် ငါးသိုင်းချောင်းမြို့ ဝဲန်ရေကာတာရှိ ဗောဓိရေကင်းစခန်းသို့ ရောက်ရှိခဲ့ပြီး ခရိုင်နှင့်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများက ဝဲန်မြစ်တစ်လျှောက် တာတမံများကြံ့ခိုင်မှုအခြေအနေနှင့် လက်ရှိဆောင်ရွက်နေဆဲ တာတမံပြုပြင်ထိန်းသိမ်းနေမှု အခြေအနေများအား ရှင်းလင်းလက်တွေ့ သရုပ်ပြခြင်းတို့အား ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ညောင်ပင်ဝဲကျေးရွာ ဝဲန်ရေကာတာသို့ ရောက်ရှိခဲ့ပြီး တာတမံကြံ့ခိုင်မှုအခြေအနေနှင့် ထိန်းသိမ်းစောင့်ရှောက် ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုခဲ့ကြသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးက တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီကို တိုင်းဒေသကြီးဝန်ကြီးချုပ်မှ ဦးဆောင်ဖွဲ့စည်းသွားမည်ဖြစ်ပြီး ခရိုင်၊ မြို့နယ်နှင့် အရေးပေါ်ကယ်ဆယ်ရေး လိုအပ်သောဒေသများအလိုက် ဦးစားပေးဇရိယာများသတ်မှတ်၍ အမြန်ဆုံးဖွဲ့စည်း၍ အဖွဲ့အစည်းပေါင်းစုံ စုပေါင်းပါဝင်နိုင်ရေး အလေးပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ဝဲန်ရေကာတာတစ်ခုလုံး နှစ်စဉ် ကြံ့ခိုင်မှုကောင်းမွန်ရေးအတွက် ရေရှည်ဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်း ဦးစားပေး၍ ပေါင်းစပ်ညှိနှိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ ဆည်မြောင်းဧည့်ရိပ်သာ၌ ဌာနဆိုင်ရာများ၊ ဒေသခံလူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးပွဲ အစည်းအဝေး၌ ပြောကြားခဲ့သည်။

ဝဲန်မြစ်ရေမှာ ဟင်္သာတခရိုင်နှင့် ပုသိမ်ခရိုင်အတွင်း ဆက်လက်မြင့်တက်လျက်ရှိနေပြီး ဝဲန်ရေကာတာတစ်လျှောက် သက်ဆိုင်ရာဌာနဆိုင်ရာရေကင်းများနှင့် အရပ်ဘက် ရေကင်းတဲများ နေ့၊ ညမပြတ် ချထားလျက် မြစ်ရေနှင့်တာတမံအခြေအနေကို အဆက်မပြတ် စောင့်ကြပ်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပိုးမွှားများအန္တရာယ်ကြိုတင် ကာကွယ်နိုင်ရေးပညာပေး

**လှိုင်းဘွဲ့ ဩဂုတ် ၆**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပိန္နဲတောကျေးရွာ အုပ်စု ငါးရစ်ချောင်းဖျားကျေးရွာရှိ တောင်သူများ၏ စုပေါင်းပျိုးခင်းများတွင် စပါးဖျက်ပိုးမွှားများ အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနက ဩဂုတ် ၄ ရက်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သန်းသန်းလွင်က ယခုအချိန်တွင် ပိုးမွှားများအန္တရာယ်ကျရောက်တတ်သည့်အတွက် ကြိုတင်ကာကွယ်ခြင်း၊ နှိမ်နင်းခြင်းများကို ဦးစားပေးဆောင်ရွက်ကြရန်၊ နွေထည်ရေးခံခြင်း စနစ်ကိုကျင့်သုံးဆောင်ရွက်ရန် အရေးကြီးကြောင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်မျိုးစေ့တာဝန်ခံ ဒေါ်ဝေဝေမြင့်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဆင်ဇခုပ်နှင့် ဝန်ထမ်းများက စုပေါင်းပျိုးခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သန်းသန်းလွင်က ပိုးသတ်ဆေးဘူးများပေးအပ်ရာ တောင်သူများက လက်ခံရယူကြကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

## ဧရာဝတီမြစ်ရေလျှံတက်၍ ရေဝင်ရောက်သည့် ဆိပ်ဖြူမြို့နယ် မြင်ကဝကျေးရွာအုပ်စုကျီးပင်ကျေးရွာ ဒေသခံများအားကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ပေး

**ဆိပ်ဖြူ ဩဂုတ် ၆**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ဧရာဝတီမြစ်ရေလျှံတက်မှုကြောင့် ရေဝင်ရောက်သည့် ကျေးရွာများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရေဘေးအန္တရာယ် အသိပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ မြို့နယ်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများသည် ဩဂုတ် ၄ ရက် မွန်းလွဲပိုင်းတွင် ဧရာတီမြစ်ရေဝင်ရောက်လျက်ရှိသည့် မြင်ကဝကျေးရွာအုပ်စု ကျီးပင်ကျေးရွာသို့ သွားရောက်ခဲ့သည်။

မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးအောင်ဇော်လင်း ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဩဂုတ် ၄ နံနက်ပိုင်းမှ ဧရာဝတီမြစ်အတွင်း စက်တပ်လှေဖြင့် ဆိပ်ဖြူမြို့နယ် ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ မြစ်ရေဝင်သည့်ကျေးရွာများသို့ ကွင်းဆင်းကြည့်ရှုခဲ့ပြီး မွန်းလွဲပိုင်းတွင် မြင်ကဝကျေးရွာအုပ်စု ကျီးပင်ကျေးရွာရှိ မြစ်ရေဝင်ရောက်သည့်နေအိမ်များမှ ဒေသခံပြည်သူများအား လိုအပ်သောအကူအညီများပေးခဲ့သည်။

ရေကြီးရေလျှံချိန်တွင် ဖြစ်ပွားတတ်သည့် ကျန်းမာရေးဆိုင်ရာ အသိပညာများနှင့် ပိုးမွှားအန္တရာယ်များအကြောင်း ရေဘေးပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ ကလေးသူငယ်များ မြစ်ရေကြီးချိန်တွင် တွေ့ကြုံနိုင်သည့်အန္တရာယ်များကို ရှင်းလင်းပြောကြားပေးပြီး အရေးပေါ်အကူအညီလိုအပ်ပါက ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် ဖုန်းနံပါတ်များကို ပြောကြားခဲ့သည်။ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ကျီးပင်ကျေးရွာမှ အိမ်ထောင်စုလေးစု၊ လူဦးရေ ၂၃ ဦး၊ နွား သုံးကောင်တို့ကို ရေလွတ်ရာဖြစ်သည့် မြင်ကဝကျေးရွာရှိ ၎င်းတို့၏ ဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့ပေးခြင်း၊ နာမကျန်းဖြစ်သည့် ကလေးငယ်တစ်ဦးအား ဆေးကုသမှုခံယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်**(IPRD)

## မိုင်းပျဉ်းမြို့၌ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေး အစီအမံအဖြစ် ဇာတ်တိုက်လေ့ကျင့်

**မိုင်းပျဉ်း ဩဂုတ် ၆**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့၌ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေး အစီမံဇာတ်တိုက်လေ့ကျင့်မှုအား ဩဂုတ် ၄ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေ့ကျင့်မှုတွင် မြို့မရဲစခန်းမှူး ဒုတိယရဲမှူးဦးဝင်းနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မြို့နယ်မီးသတ်ဦးစီးဌာနရုံးဝင်း၌ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးစခန်း ယာယီရွက်ဖျင်တဲများ ဆောက်လုပ်မှုတို့ကို လက်တွေ့သရုပ်ပြ ပြုလုပ်ခဲ့သည်။

ယင်းနောက် ရေကြီးရေလျှံ ဖြစ်ပေါ်စဉ် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်မှုအား လက်တွေ့သရုပ်ပြ ပူးပေါင်းလေ့ကျင့်ခြင်းများကို နမ့်ပိန်းချောင်းတွင် သွားရောက်၍ လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



## နတ်တလင်းမြို့၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့၍ကျန်းမာရေးစောင့်ရှောက်မှုများပေး

**နတ်တလင်း ဩဂုတ် ၆**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ရေမွှေးအုပ်စု ပုဇွန်ချောင်းရွာ၊ တောင်ယာတောအုပ်စု ကြို့ပင်အင်းရွာ၊ ချောင်းသုံးခွအုပ်စု ကထန်ရွာတို့သည် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေဘေးကြုံတွေ့နေရရာ ပြည်သူများအား ဩဂုတ် ၄ ရက် နံနက် ၁၁ နာရီတွင် ပုဇွန်ချောင်း ဘုန်းကြီးကျောင်း၌လည်းကောင်း၊ ကြို့ပင်အင်းဘုန်းကြီးကျောင်း၌လည်းကောင်း ထောက်ပံ့ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ ရဲမှူးအောင်မိုး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးစိုးရွှေ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေမီထွန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းမြင့်ထွန်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ကယ်ဆယ်ကူညီထောက်ပံ့ရေးအဖွဲ့တို့သည် ဆန်၊ ခေါက်ဆွဲခြောက်၊ မုန့်မျိုးစုံတို့ကို ရဲမှူးအောင်မိုးက ထောက်ပံ့လှူဒါန်းခဲ့သည်။

ယင်းနောက် ဒေါက်တာအေမီထွန်းနှင့် ကျန်းမာရေးအဖွဲ့တို့က ရေဘေးသင့်ပြည်သူများ အားဆေးများတိုက်ကျွေးခြင်း၊ တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရေဘေးကြုံတွေ့နေသေးသော နေအိမ်များကို ရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများကို လုပ်ဆောင်ပေးကြောင်းသိရသည်။ **ဝ၇၁**



စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့တွင် ဒုတိယအကြိမ် ချင်းတွင်းမြစ်ရေကြီးမှုကြောင့် လမ်းမကြီးများ ရေနစ်မြုပ်ခဲ့ရာ ချင်းတွင်းမြစ်ရေကျဆင်းသွားချိန်တွင် အဆိုပါနစ်မြုပ်ခဲ့သည့် လမ်းမကြီးများအား အမြန်ဆုံးအသုံးပြုသွားလာနိုင်ရန် ဩဂုတ် ၄ ရက်တွင် ဗိုလ်ချုပ်လမ်းမကြီးနှင့် ကမ်းနားလမ်းရှိ အမှိုက်များကို စုပေါင်း၍ သန့်ရှင်းရေးပြုလုပ်ခဲ့သည်။ သတင်းနှင့်ဓာတ်ပုံ- မော်လိုက်သားလေး

## ရက် ၁၀၀ စီမံချက်အတွင်း နိုင်ငံသားစိစစ်ရေးကတ် ၁၄၀၀ ကျော်ထုတ်ပေးခဲ့


**ဖယ်ခုံ ဩဂုတ် ၆**
ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ရက် ၁၀၀ စီမံချက်အတွင်း အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၄၄၈ ကတ် ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ထုတ်ပေးရာတွင် ဖယ်ခုံတပ်နယ် တပ်ရင်းတပ်ဖွဲ့မိသားသားစုများတွင် ၄၆ ဦး၊ ဖယ်ခုံမြို့ အခြေခံ ပညာအထက်တန်းကျောင်းတွင် ၅၀၅ ဦး၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ၂၁၄ ဦး၊ အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ၁၉၈ ဦး၊ ရွှေပြည်အေး အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၇ ဦး၊ ဆင်ဖြူအခြေခံပညာအထက်တန်းကျောင်းတွင် ၂၇၈ ဦး စုစုပေါင်း ၁၄၄၈ ဦး ဆောင်ရွက်နိုင်ခဲ့ပြီး ၎င်းတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးခွန်းအောင်မြင့်နှင့် ဝန်ထမ်းများက ကွင်းဆင်း၍ ရက် ၁၀၀ စီမံချက်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ **ကိုထွေး**

# မြန်မာ့ကျောက်ခေတ်အစ အညာသားယဉ်ကျေးမှုမှ

မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)



မြန်မာနိုင်ငံ၏ ကျောက်ခေတ်ကာလကို လေ့လာမည်ဆိုပါက အညာသားယဉ်ကျေးမှုကို မျက်ကွယ်ပြု၍မရပေ။ အညာသားယဉ်ကျေးမှုသည် မြန်မာနိုင်ငံတွင် ပေါ်ထွန်းခဲ့သော ကျောက်ခေတ်ဟောင်းယဉ်ကျေးမှုကို ရည်ညွှန်းခြင်းဖြစ်သည်။ ကျောက်လက်နက်သုံးစွဲသူဖြစ်သော အညာသား (သို့မဟုတ်) အထက်မြန်မာပြည်ရှိလူများသည် ပလိုင်စတိုဆင်း အဏုယုဂ်အတွင်းတွင် ဧရာဝတီမြစ်ဝှမ်းအလယ်ပိုင်းတွင် အခြေချနေထိုင်ခဲ့ကြပေသည်။

အညာသားယဉ်ကျေးမှုသည် အမေရိကန်အရှေ့တောင်အာရှ စူးစမ်းလေ့လာရေးအဖွဲ့မှ ဒေါက်တာ အိတ်ချ်အလ် မိုးဗီးယပ်စ်နှင့် ဒေါက်တာ အိတ်ချ် ဒီတားရားတို့က ပြည်တွင်းစကားနှင့် အမည်ပေးခဲ့ခြင်းဖြစ်သည်။ ၁၉၃၇-၃၈ တူးဖော်မှုရာသီအတွင်းတွင် ၎င်းတို့သည် အစောပိုင်းလူတို့၏ အချက်အလက်ကိုရှာရန် မြန်မာနိုင်ငံသို့ ကွင်းဆင်းခဲ့ကြပြီးနောက် ၎င်းတို့သည် ကျောက်လက်နက် ပေါင်း ၆၅၀ ခန့်ကို မကွေး၊ မင်းဘူး၊ ရေနံချောင်း၊ စလေ၊ ချောက်၊ ပုဂံ၊ ပခုက္ကူနှင့် ပေါက်ပတ်ဝန်းကျင်မှ ရရှိခဲ့ကြသည်။

အိန္ဒိယဘူမိဗေဒ လေ့လာဆန်းစစ်ရေးအဖွဲ့မှ ဒေါက်တာ ဖရန့် နုတ်တလင်းသည် ၁၈၉၄ ခုနှစ်တွင် မြန်မာနိုင်ငံမှ တွေ့ရှိသော ကျောက်လက်နက်များကို ဖော်ပြခဲ့သည်။ ၎င်းတွေ့ရှိခဲ့သော ကျောက်လက်နက်များသည် လွန်ခဲ့သော နှစ်သန်းပေါင်း ၂၀ ခန့်၊ မိုင်အိုဆင်းခေတ်ကာလ (သို့မဟုတ်) အစောပိုင်း ပလိုင်စတိုဆင်းကာလမှ ဖြစ်နိုင်သည်ဟု ဖော်ပြခဲ့ပေသည်။ သို့သော် ၎င်းတွေ့ရှိခဲ့သော ကျောက်လက်နက်များသည် ကျောက်ခေတ်သစ်ကာလမှ ကျောက်လက်နက်များသာဖြစ်ကြောင်း သိရှိခဲ့ရသည်။

၁၉၃၂-၃၇တွင် စတီးဘရားသားကုမ္ပဏီမှ ဘူမိဗေဒပညာရှင် မန္တလေးတက္ကသိုလ်မှ ကထိကဖြစ်ခဲ့သူ တီအိုမောရစ်က ချောက်၊ ရေနံချောင်း၊ သရက်၊ ပျဉ်းမနား ဧရိယာမှ ကျောက်ခေတ်ဟောင်း လက်နက်များတွေ့ရှိမှုနှင့်ပတ်သက်သော စာတမ်းတစ်စောင်ကို တင်ပြခဲ့ဖူးသည်။

တီအိုမောရစ်က ဧရာဝတီမြစ်၏ အစဉ်အဆက်ဖြစ်နေသော မြစ်ကမ်းဆင့်များကိုလည်း တောင်ပြင်မြင့်၊ တောင်ပြင်၊ ကုန်းပြင်မြင့်၊ ကုန်းပြင်၊ လယ်ပြင်၊ ကိုင်းဟူ၍ဖော်ပြခဲ့ပေသည်။ ၎င်းတွေ့ရှိစုဆောင်းခဲ့သော ဖွဲ့ဆစ်ထားသော ကျောက်ခေတ်ဟောင်းလက်နက်များနှင့်အတူ Acheullian အမျိုးအစားဖြစ်သော လက်ကိုင်ပုဆိန်များလည်း ပါရှိသည်။

မိုးဗီးယပ်စ်၏ စူးစမ်းလေ့လာရေးပြုလုပ်မှုအရ မြေလွှာဆင့်ထပ်မှုများကို ကောင်းစွာလေ့လာနိုင်ခဲ့ပြီး အစောပိုင်း ပလိုင်စတိုဆင်းခေတ်မှ မြစ်ကမ်းဆင့်(၅)ဆင့်ကို အဆင့်လိုက်သိရှိခဲ့ရသည်။ ထိုနေရာများကို အညာသားယဉ်ကျေးမှုရှိသောနေရာများတွင် တွေ့နိုင်ပါသည်။ အစောပိုင်းအညာသား ယဉ်ကျေးမှုကို အဆင့်(၃)ဆင့်နှင့် နှောင်းပိုင်းအညာသားယဉ်ကျေးမှုအဆင့်(၂)ဆင့်ကို ခွဲခြား၍ ဓလေ့တစ်ရပ်အဖြစ် ပုံဖော်ထားသည်။

အစောပိုင်းအညာသား ယဉ်ကျေးမှုကို အဆင့်(၃)ဆင့်ခွဲခြားလျှင် ပထမအဆင့်သည် ပလိုင်စတိုဆင်းအလယ်ပိုင်းနှင့် မိုးစွေခေတ်ကာလ၊ ဒုတိယအဆင့်သည် မိုးစဲကာလမှ အလယ်ပိုင်းပလိုင်စတိုဆင်းကာလတိုင်အောင်ဖြစ်ပြီး တတိယအဆင့်သည် အလယ်နှင့် နှောင်းပိုင်း ပလိုင်စတိုဆင်းကာလကြားတွင် သက်မှတ်ထားသည်။ အစောပိုင်းအညာသား အဆင့်(၁)နှင့် ပတ်သက်သော ကျောက်လက်နက်နှစ်ခုကို အလယ်ပိုင်း ပလိုင်စတိုဆင်းကာလ အစောပိုင်းနှင့် သက်ဆိုင်သော စလေနှင့်ချောက်ရှိ ကုန်းပြင်မြင့်အရပ်မှ ရရှိခဲ့သည်။ ညောင်ဦးတွင်ရှိသော အစောပိုင်းအညာသားအဆင့်(၂)မှ ကျောက်လက်နက်ပေါင်း ၁၀၀ နီးပါးရရှိခဲ့သည်။ ၎င်းတို့၏ မျက်နှာပြင်သည် ရာသီဥတုတိုက်စားခံရပြီး အောက်ခံမြေလွှာသည် အလယ်ပိုင်း ပလိုင်စတိုဆင်းကာလ၏ ရှည်လျားသော မိုးစဲကာလခေတ်အတွင်း ဖြစ်ပေါ်ခဲ့သည်။

အစောပိုင်း အညာသားယဉ်ကျေးမှုအဆင့်(၃)တွင် ကျောက်လက်နက်ပေါင်း ၄၀၀ ခန့်တွေ့ရှိရပြီး အညာသီယမ်၏ အတိုးတက်ဆုံးကာလဖြစ်၍ မကွေး၊ မင်းဘူး၊ ရေနံချောင်း၊ ချောက်၊ ပုဂံ၊ ပခုက္ကူဒေသတို့၏ မြစ်ကမ်းဆင့်(၃)မှ တွေ့ရှိရသည်။ ကျောက်လက်နက်အားလုံးသည် မြစ်ကမ်းဆင့်(၂)မှ လိမ့်ဆင်းကျလာသည်ဟုယူဆရပြီး အစောပိုင်း ပလိုင်စတိုဆင်းကာလ ကျောက်စရစ်အနည်များနှင့် အများဆုံးသက်ဆိုင်နေသည်။ နှောင်းပိုင်းအညာသားယဉ်ကျေးမှုကို အဆင့်(၁)နှင့် (၂)ဟူ၍ ခွဲခြားထားပါသည်။ ယင်းလက်နက်များသည် အစောပိုင်းအညာသားလက်နက်များနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်ကွဲပြားမှုရှိသည်။ နှောင်းပိုင်းအညာသားကျောက်လက်နက်များသည် လွှာချပ်လုပ်သောနေရာတွင် ပိုမိုကောင်းမွန်ပြီး အစောပိုင်းအညာသား(၃)ပစ္စည်းများနှင့်နှိုင်းယှဉ်လျှင် ပို၍သေးငယ်သည်။ နှောင်းပိုင်းအညာသား(၂)လက်နက်များကို မကွေး၊ ပေါက်၊ စဥ့်ကူးနှင့် ပုဂံကြားရှိ နေရာဒေသ အတော်များများတွင် တွေ့ရှိရသည်။

အစောပိုင်း အညာသားယဉ်ကျေးမှုတွင် ခုတ်ဖြတ်၊ ခုတ်စင်းကိရိယာနှင့် လက်ကိုင်ပဲခွပ် မျက်နှာပြင်နှစ်ဖက် အသွားဖော်ထားသော လူ့အသုံးဆောင်ပစ္စည်းများဖြစ်သည်။ လက်ကိုင်ပုဆိန်ကိုမူ မိုးဗီးယပ်စ်တို့၏ စူးစမ်းလေ့လာရေးတွင် မတွေ့ရှိခဲ့ရပေ။ သို့သော် တီအိုမောရစ်က ၁၉၃၀ တွင် ထန်းကျောက် (သို့မဟုတ်) ပေပင်ကျောက်နှင့် ပြုလုပ်ထားသော လက်ကိုင်ပုဆိန်ကို ချောက်မြို့အနီးရှိ စဥ့်ကူရေနံမြေမှ တွေ့ရှိခဲ့ရသည်ဟု ဖော်ပြခဲ့သည်။ ခုတ်ဖြတ်ကိရိယာနှင့် ခုတ်စင်းကိရိယာအများစုသည် အိန္ဒိယနိုင်ငံအနောက်မြောက်ပိုင်း ပန်ဂျပ်ပြည်နယ် ဆိုအန်ဒေသတွင် တွေ့ရှိရသည့် ကျောက်လက်နက်ဓလေ့နှင့် တူညီသည်။ ကြီးမားသော ခုတ်ဖြတ်ကိရိယာများသည် တရုတ်ပြည် ရှောင်ကို့တိန်းဒေသရှိ စီနမ်သရိုပတ်(စ်)နှင့် တူညီသည်ကိုတွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် တွေ့ရှိရသော အညာသားကျောက်လက်နက်များသည် ပလိုင်စတိုဆင်းအလယ်ပိုင်းကာလ ဂျာဗားရှိ ပတ်ဂျီတန်တွင် တွေ့ရသော ကျောက်လက်နက်များနှင့် ဆက်စပ်နေသည်။

မလေးရှားနိုင်ငံ ပီရက်(ခ်)မြစ်ဝှမ်းရှိ လန်ဂွန်အနီး ကိုတာတန်ပန်တွင် တွေ့ရှိရသော ကျောက်လက်နက်များသည် မြန်မာ၊ ဂျာဗား၊ တရုတ်နှင့် အနောက်မြောက်ပိုင်း အိန္ဒိယရှိ ခုတ်စဉ်းကိရိယာများနှင့်တူညီသည်။ အရှေ့တောင်အာရှ ကျောက်ခေတ်ဟောင်းယဉ်ကျေးမှု၏ ဖွံ့စည်းမှုသည် လွတ်လပ်သောပုံသဏ္ဌာန်ရှိပြီး ဥရောပတွင် ထွန်းကားခဲ့သော အထူးခြားဆုံး လက်ကိုင်ပုဆိန်ဓလေ့နှင့် ကွဲပြားသည်ကို တွေ့ရပေသည်။

> အညာသားယဉ်ကျေးမှုသည် အမေရိကန် အရှေ့တောင်အာရှ စူးစမ်းလေ့လာရေးအဖွဲ့မှ ဒေါက်တာအိတ်ချ်အလ်မိုးဗီးယပ်စ်နှင့် ဒေါက်တာ အိတ်ချ်ဒီတားရားတို့က ပြည်တွင်းစကားနှင့် အမည်ပေးခဲ့ခြင်းဖြစ်သည် . . .

ခေတ်လွန်အညာသားယဉ်ကျေးမှုနေရာများကို ကျောက်ပန်းတောင်း၊ ပုပ္ပားဒေသအနီးတွင် တွေ့ရသည်ဟု အမေရိကန်လေ့လာရေးအဖွဲ့မှ ဖော်ပြခဲ့သည်။ ကျောက်လက်နက်ပြုလုပ်ရန် အဓိကကျောက်မှာ အရွယ်အစားကောင်းကောင်း၊ အဖြူနှင့်ပန်းရောင်ရှိသော မီးတောင်ပြာကျောက်၊ မီးခတ်ကျောက်နှင့် အသွင်တူကျောက်၊ တွင်းထွက်မီးတောင်ကျောက်များ အများဆုံးပါဝင်သည်။ အညာသားလက်နက်အများစုကို မီးတောင်ပြာကျောက်၊ အင်ကြွင်းကျောက်နှင့် အခြားကျောက်များနှင့် ပြုလုပ်ထားသည်။ ကျောက်လက်နက်များမှာ ကျောက်ခြစ်၊ ထိပ်ချွန်၊ လွှာချပ်များနှင့် ဓားသွားအသေးတို့ဖြစ်သည်။ ကျောက်လက်နက်နှင့် မီးသွေးများကို လေမှ ပို့ချသော သဲလွှာဖြစ်သော အနီရောင်သဲပွပွရှိသော မကွေးသဲလွှာတွင် တွေ့ရှိရသည်။ အိုးခြမ်းကွဲများကိုလည်း ကျောက်လက်နက်များနှင့် သက်တမ်းတူတူပင် ဖြစ်ကြောင်း တွေ့ရှိရသည်။

ခေတ်လွန် အညာသားနေရာများကို ဧရာဝတီမြစ်တစ်လျှောက် မကွေးနှင့် ညောင်ဦးကြားတွင် တွေ့ရပေသည်။ မြန်မာနိုင်ငံတွင်တွေ့ရသော ခေတ်လွန်အညာသား အထောက်အထားများကို ပြန့်ကျဲ၍ အနည်းငယ်သာတွေ့ရှိရပြီး တစ်မူထူးခြားမှုမရှိချေ။ စိုက်ပျိုးရေးနှင့် မွေးမြူရေးများလုပ်ကိုင်ခဲ့လျှင် နှောင်းပိုင်းဟွာဘင်းယဉ်ကျေးမှုနှင့် တူညီသည်ဟု ဆိုနိုင်ပါသည်။ ထိုခေတ်ကာလတွင် စိုက်ပျိုးရေးနှင့် အချို့တိရစ္ဆာန်များကို ယဉ်ပါးအောင် မွေးမြူကြသည်။ ထိုနေရာ တို့တွင် အိုးများကိုလည်းတွေ့ရှိရပေသည်။

ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုး၏ယဉ်ကျေးမှုသည် ယခင်အတိတ်ကာလအချိန်က ယင်းနေရာ ဒေသတို့တွင် နေထိုင်ခဲ့ကြသောသူတို့ သုံးစွဲခဲ့ကြသော လူ့အသုံးအဆောင်ပစ္စည်းများက သက်သေခံလျက်ရှိကြပေသည်။ မြန်မာနိုင်ငံရှိ ကျောက်ခေတ်လူသားတို့ စတင်သန္ဓေတည်ခဲ့သော အရပ်ဒေသတို့ကိုအစွဲပြု၍ ထင်ရှားစွာအမှတ်အသားပြုခဲ့ကြသော ပညာရှင်များ၏ ကျေးဇူးကြောင့် အညာသားကျောက်ခေတ်ယဉ်ကျေးမှုသည် ကျောက်ခေတ်ဟောင်းကို လေ့လာနေကြသော ပညာများရှင်တို့၏ ပါးစပ်ဖျားတွင် အစဉ်အဆက် ရေပန်းစား ထင်ရှားလျက်ရှိနေပါတော့မည်ဖြစ်ပါသည်။



# “အထူးကျေးဇူးတင်လွှာ”

၂၀၁၆ခုနှစ်၊ ဇူလိုင်လ ၁၆ရက်နေ့၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတွင် ကျင်းပပြုလုပ်ခဲ့သော ပဉ္စမအကြိမ်မြောက် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးအင်ဂျင်နီယာ/ဗိသုကာပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲသို့ တက်ရောက်အပူဇော်ခံခဲ့ကြသော အင်ဂျင်နီယာ/ ဗိသုကာပညာရှင်ကြီး(၂၅၀)ဦးတို့အားလည်းကောင်း၊ Platinum Sponsorများဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မြန်မာဆိုလာရေးကုမ္ပဏီ၊ Hasty Power Construction Co.,Ltd, Barome Machiney & Engineering Construction Co.,Ltd, Zing Gateway Co.,Ltd, Diamond Mercury Co.,Ltdတို့အားလည်းကောင်း၊ Gold Sponsor များဖြစ်ကြသော ဒေါက်တာခင်မောင်ထွန်း၊ ထက်လင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး (ဆေးဝါးနှင့်ပစ္စည်းအလှူ)၊ Royal Engineering & Construction Co.,Ltd, Sun Tac Engineering & Construction Co.,Ltd, High Tech Concrete Co.,Ltd,United Engineering Co.,Ltd, ဦးကျော်နိုင်မိုး (MD) Lighting Specialist Co.,Ltd, ရွှေတောင်ကုမ္ပဏီလီမိတက်၊ မြန်မာအမျိုးသားလေကြောင်းလိုင်း၊ တာချီလိတ် (ရှမ်းအရှေ့) ရေပေးဝေရေးကုမ္ပဏီလီမိတက်တို့အားလည်းကောင်း၊ Silver Sponsor များဖြစ်ကြသော Zeya & Associate, I.E.M Co.,Ltd, Cho Cho Co.,Ltd, Shwe Yit Wine Co.,Ltd, Zaw Htet Paing Engineering & Construction Group Co.,Ltd, ဦးဝင်းနိုင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း-နေပြည်တော်) Water Works Engineering Group Services, Thu Kha Yadanar Co.,Ltd., EAST Boy Engineering Co.,Ltd, ဦးအောင်စိန် (ဗဟိုကော်မတီဝင်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း)၊ ဦးတင်လတ်(အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း) Chindwin Collegeတို့အားလည်းကောင်း၊ သီးခြားအလှူရှင်များဖြစ်ကြသော ဦးအောင်မြင့် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း)၊ Seezar Bristro၊ မြန်မာ့မီးရထားမြို့ပြအင်ဂျင်နီယာဌာန၊ UMH Co.,Ltd၊ (ဦးသန်းမြင့်)-ဒေါ်ခင်သိန်းကြည်၊ Spirax Sarco Engineering Co.,Ltd, KME Engineering & Trading Co.,Ltd, မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ Builder Group Co.,Ltd, ရတနာပြည့်စုံကုမ္ပဏီ၊ Golden Moon Construction Co.,Ltd, ဦးကိုကိုကြီး(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း)၊ U Htet Nyi, Myanmar Bestin Co.,Ltd, ရွှေပြည်ဒဂုံကုမ္ပဏီလီမိတက်၊ မုဒုံမောင်မောင်ကုမ္ပဏီလီမိတက်၊ စိုးမိုးသူကုမ္ပဏီလီမိတက်၊ ပန်းသိဂီကုမ္ပဏီလီမိတက်၊ သီဟမင်းဆွေကုမ္ပဏီလီမိတက်၊ ဦးမြင့်ဇော် (CC, MES)၊ ဦးတင်မောင်နိုင်(အကျိုးဆောင်စာရင်းစစ်၊ MES)၊ ဦးခင်မောင်ဌေး (CEC, MES)၊ ဒေါက်တာဆွေဆွေအေး ဒုတိယပါမောက္ခချုပ်(ငြိမ်း) YTUတို့ အားလည်းကောင်း၊ ကျပ်တစ်သိန်းအောက်အလှူရှင်များအား လည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဗဟိုကော်မတီဝင်များ၊ မျိုးဆက်သစ်အင်ဂျင်နီယာများ၊ ဝန်ထမ်းများအားလည်းကောင်း၊ အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ကျင်းပရေးကော်မတီ**
**မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း**


MJC

## မြန်မာ-ဂျပန်စင်တာတွင်စီးပွားရေးစီမံခန့်ခွဲသူများအတွက် အောက်ပါသင်တန်းများဖွင့်လှစ်မည် (ဩဂုတ်လနှင့်စက်တင်ဘာလများတွင်)

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန(MOC) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ ဂျပန် အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်မှု အေဂျင်စီ ( JICA ) တို့၏ ပူးပေါင်း ဆောင်ရွက်မှုဖြင့် တည်ထောင်သည့် မြန်မာ-ဂျပန် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးမှု ဗဟိုဌာန ( MJC ) မှ အောက်ပါသင်တန်း များကို ဩဂုတ်လနှင့်စက်တင်ဘာလများတွင်အင်္ဂလိပ်/မြန်မာ နှစ်ဘာသာဖြင့် ဖွင့်လှစ်မည် ဖြစ်ပါ၍ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပါသည်။

**Yangon**

| သင်တန်းအမည် | အချိန် | သင်တန်းကာလ | Target Person |
|---|---|---|---|
| Project Management (General Course) | 9:00-16:00 (Total-24hr) | 27, 28 Aug & 3, 4 Sept | Middle and above Management |
| Project Communication Management | 18:00-20:00 | 31 Aug & 1, 2 Sept | Owner and CEO (Max: 15 persons) |

**Mandalay**

| သင်တန်းအမည် | အချိန် | သင်တန်းကာလ | Target Person |
|---|---|---|---|
| Introduction to Project Management (Short Course) | 13:00-17:00 (Total-12hr) | 7, 8, 9 Sept | Middle and above Management |
| Project Communication Management | 17:30-20:30 | 7, 8 Sept | Owner and CEO (Max: 15 persons) |
| Leadership & Organizational Management | 17:00-20:00 | 23, 24, 25, 26 Aug | Middle and above Management |

သင်တန်းကြေး - Project Management (General Course) > ၆၀၀၀၀ ကျပ်
Introduction to Project Management (Short Course) > ၃၀၀၀၀ ကျပ်
Leadership & Organizational Management Course > ၂၀၀၀၀ ကျပ်
Owner and CEO Course > ၅၀၀၀၀ ကျပ် ခါတ်ပုံ-၃ ပုံ

အသေးစိတ်သိလိုပါက - မြန်မာ-ဂျပန်စင်တာ ဖုန်း - ၀၁-၂၃၀-၁၆၆၂၊ ၀၉-၂၅၀-၁၈၅-၄၅၀
Address : Myanmar- Japan Center, UMFCCI 12th Floor, မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
Email Address : mjc.hrd@gmail.com, mjc.reception@gmail.com သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အေးငြိမ်းချမ်းသာဂိလာနဘိုးဘွားရိပ်သာမှ အောက်ပါဝန်ထမ်းများအလိုရှိသည်**
၁။ B.N.Sc (၁)ဦး
၂။ Nurses Training Certificate (၅)ဦး
(CV Form နှင့် အုပ်ချုပ်ရေးမှူး၊ ရဲစခန်း ထောက်ခံချက်မူရင်း၊ မှတ်ပုံတင်အိမ်ထောင်စုစာရင်း၊ ပညာအရည်အချင်းမိတ္တူ)
ဆက်သွယ်ရန်ဖုန်း-၀၉-၉၆၄၀၂၇၀၇၀/၈၀/၉၀
လိပ်စာ-ပဒုမ္မာလမ်း၊ ပေါင်းလောင်း(၂)၊ ဘောဂဝတီရပ်ကွက်၊ နေပြည်တော်၊ ပျဉ်းမနားမြို့။

**ဆရာဦးညာဏ်ဝင်းထက်** (စာပေဗိမာန်)
ရေးသားပြုစုသော
နဝမတန်း အင်္ဂလိပ်စာ ဖတ်စာလမ်းညွှန်
Textual Guide to Reader Nine ထွက်ပြီ
ဖြန့်ချီရေး - ကိုအောင်မျိုးဝင်း(ညာဏ် စာပေ)
ဖုန်း - ၀၉၄၂၁၀၂၉၁၅၃၊ ၀၉၉၇၂၂၂၇၆၄၇

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 8E/6713 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါ သဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညနှ ခရိုင်ရုံး(ရမည်းသင်း)

THE Farmer myanmar
မြန် မာ တောင် သူ ကြီး များ ဂျာ နယ်
တောင်သူလယ်သမားအားလုံးအတွက် အပြည့်စုံဆုံးဂျာနယ်
ဖတ်ပါ။
ဖုန်း - ၀၁ ၂၉၉၆၁၆၊ ၀၉ ၄၂၀၀ ၇၀၅၀၅၊ ၀၉ ၄၂၀၀ ၇၀၅၀၆

**Teaching(&) Guide**
၁ တန်းမှ ၈ တန်း
အိမ်လိုက်သင်သည်။
09-772762199
09-971551792

**မြေကွက်ရောင်းမည်**

**ရောင်းမည်**
0943144998, 09770693085

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်းရှင်များနှင့် ရောင်း/ဝယ်/ပေါင်နှံလိုသူများ လက်ကိုင်ထားရမည့်
အကျိုးရှိအောင်
**အကျိုးဆောင်**
ဂျာနယ်ကိုဝယ်ဖတ်ပါ
City Mart များတွင်လည်း ရရှိနိုင်ပါသည်
Ph : 01-372787, 375537
www.ahkyosaung journal.com Website










## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ပါရမီလမ်း၊အနောက်မေခလမ်းသွယ်(၁)အမှတ်(၂)တွင်ရုံးခန်းဖွင့်လှစ်ထားသည့် Future Gift International Ltd.သည်110,Gwansan-Gil,Wongok-Myeon,Anseong-Si,Gyeonggi-Do,Korea၌တည်ရှိသော Dasan Heavy Industries Co.,Ltd ၏ DASANအမှတ်တံဆိပ်ပစ္စည်းများအတွက်မြန်မာနိုင်ငံဆိုင်ရာ သီးသန့်တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ်တရားဝင်ခန့်အပ်ခဲ့ပြီးဖြစ်ကာအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများသို့DASAN Platform Truck(Korea)များကို ရောင်းချပေးသွင်းခြင်းပြု၍ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နယ်နိမိတ်အတွင်း တရားဝင်ရောင်းချလျက်ရှိပါသည်။

ယခုအခါ DASAN Platform Truck(Korea)ဟုပြောဆိုရောင်းချရန်ကြိုးပမ်းမှုအချို့ရှိနေကြောင်းသတင်းကြားသိရပါ၍ မည်သူမဆို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း Koreaနိုင်ငံရှိ Dasan Heavy Industries Co.,Ltd မှ ထုတ်လုပ်သော DASAN Platform Truckအပါအဝင်မည်သည့်ထုတ်ကုန်များကိုမဆို အတုအပပစ္စည်းများဖန်တီးခြင်း၊ ပြုပြင်ခြင်း၊ဆင်တူယိုးမှား ပြုလုပ်ခြင်း၊တင်သွင်းရောင်းချခြင်းများပြုလုပ်ပါကတည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

DASAN DASAN HEAVY INDUSTRIES CO.,LTD
၏ လွှဲအပ်ညွှန်ကြားချက်အရ
FUTURE GIFT INTERNATIONAL LTD.
No.(2),West Maykha Lane(1),Parami Road,Mayangone Tsp,Yangon.

သက် ရှိ လော က တည် မြဲ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

C B BANK

**"CB Bank ၏ Customer များ ဂုဏ်ယူဝမ်းမြောက်နိုင်ပါကြောင်း"**

နှစ်ပေါင်းကြာရှည်စွာ နာမည်ကောင်းဖြင့် အခိုင်အမာရပ်တည်နိုင်မှု၊ ကျယ်ပြန့်သော Branch Network ထားရှိနိုင်မှုနှင့် Mobile Banking ဝန်ဆောင်မှုဖြင့် ငွေကြေးလုပ်ဆောင်ချက်များကို လုံခြုံလျင်မြန်စွာ ဆောင်ရွက်နိုင်ခြင်း ၊ ATM Network နှင့် Point of Sales (POS) Network များကို ကျယ်ပြန့်စွာထားရှိပြီး ဝန်ဆောင်မှုကောင်းများ ပေးနိုင်ခြင်း၊ မြန်မာနိုင်ငံရှိ Importer/ Exporter များအတွက် လိုအပ်လျက်ရှိသော ငွေကြေးကိစ္စရပ်များအတွက် ထောက်ပံ့ပေးနိုင်ခဲ့ခြင်းတို့ကြောင့် အောက်ပါဆုများကို CB Bank မှ ထိုက်ထိုက်တန်တန် ရရှိခဲ့ပါသဖြင့် CB Bank ၏ Customer များအား ဂုဏ်ယူဝမ်းမြောက်နိုင်ပါရန်နှင့် နောင်တွင်လည်း CB Bank ၏ ကောင်းမွန်သော ဝန်ဆောင်မှုများကို ယုံကြည်စိတ်ချစွာဖြင့် ရေရှည်လက်တွဲ ဆောင်ရွက်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။



Myanmar **Domestic Cash Management**
Bank of the Year 2016



Myanmar **Domestic Trade Finance**
Bank of the Year 2016

BEST BANK AWARD • 2016
GLOBAL FINANCE

Best Bank in Myanmar, 2016

ASSET ASIAN AWARDS 2016
The Asset
TRIPLE A

Best Trade Finance Bank
in Myanmar, 2016

CB Bank မိသားစု

# ကြော်ငြာ

**ROLEX , OMEGA** နှင့် **SWISS** နာရီကောင်းများမှန်လျှင်...(၃) နှစ်တစ်ကြိမ်စစ်ဆေးရန်လိုပါသည်။
လူကြီးမင်းတို့၏ တန်ဖိုးကြီးသောနာရီများအတွက် ""အတု - အစစ်"" စစ်ဆေးပေးခြင်း
**SERVICE** ပြုလုပ်လိုပါက စေတနာမှန် ... စက်ကိရိယာပစ္စည်းအမှန် ... နှစ်ကြာကြာ တာရှည်သုံးစွဲလိုပါက
နိုင်ငံခြားပြန် **ROLEX** ဦးညွှန့်မောင်၏ သားတပည့်များမှ မိတ်ဟောင်း/မိတ်သစ်များအား အချိန်နှင့်
တစ်ပြေးညီ စိတ်တိုင်းကျအကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်။
၁၉၆၄ ခုနှစ်မှ ယနေ့တိုင် နှစ်ပေါင်း (၅၀) ကျော် စဉ်ဆက်မပြတ် အားပေးလျက်ရှိသော မိတ်ပြည်သူများ
ကျန်းမာ.ချမ်းသာစွာဖြင့် လိုအင်ဆန္ဒပြည့်ဝကြပါစေ။ **ရွှေလဝင်း နာရီပြုပြင်ရေး**
ရွှေဘုံသာလမ်းအလယ်က အမှတ် (၁၇၁)သို့ ကြွခဲ့ပါ၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၂၄၆၈၂၄

## ရွှေမဂ္ဂင် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

ဗုဒ္ဓဂယာ-၈ရက်(၉သိန်း)၊ ၁၂ရက်(၁၀သိန်း)၊ ၁၅ရက် (၁၁သိန်း) ခရီးစဉ်များကို
အောက်တိုဘာလမှစ၍ ဖေဖော်ဝါရီလအထိ လစဉ်လတိုင်း ခရီးစဉ် (၂)ကြိမ်စီ နွေးထွေးသော
ဝန်ဆောင်မှုများဖြင့် ပို့ဆောင်ပေးလျက် ရှိပါသည်။

(၁၀)နှစ်တိုင်အောင် ဂုဏ်သတင်းဆောင်လျက် အောင်မြင်စွာပို့ဆောင်ပေးနေသည့်
ရွှေမဂ္ဂင် နှင့် လိုက်ပါနိုင်ရန် ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။

သံဃာတော်နှင့် သီလရှင်များအား သုံးသောင်းစီ ပြန်လည်လှူဒါန်းပါမည်။
သီးသန့်သွားလိုသူများအတွက် ဟိုတယ်ခရီးစဉ်များလည်း စီစဉ်ပေးပါသည်။ ကုမ္ပဏီလိုင်စင် ၁၄၇၁

ဆက်သွယ်ရန် - အမှတ်(၆)၊ မြေညီထပ်၊ စေတနာလမ်း၊ မြေနီကုန်း၊ စမ်းချောင်း။ ခရီးသွားလိုင်စင် ၁/၂၁၉၀
ဖုန်း - ၀၁ ၅၁၆၇၁၄၊ ၀၉၅၄၀၈၅၅၈၊ ၀၉ ၂၅၄၁၂၀၂၀၅၊ ၀၉ ၄၂၁၁၅၅၅၇၂

## နီးရာအရပ်သို့လာခဲ့ပါ။

# ရဲမျက်မှန်




မြောက်ဥက္ကလာပ၊ သုဓမ္မာ၊ ဆိုင်ခွဲ
ဖွင့်လှစ်လိုက်ပါပြီ။
မျက်မှန်ကောင်းတစ်လက် ရနိုင်ရန် အတွက် လိုအပ်သော နေရာတိုင်းတွင်
ခေတ်မီစက်ကိရိယာများ တပ်ဆင်ထားပါသည်။
နီးစပ်သောမြို့နယ်များမှ၊ မိတ်သစ်၊ မိတ်ဟောင်းများ လိုအပ်ချက်များကို လာရောက်ပြသနိုင်ပါပြီ။




ဆိုင်ဖွင့်ပွဲ ၆-၈-၂၀၁၆ (စနေနေ့)၊ ကံစမ်းမဲအစီအစဉ်များနှင့်
၆-၈-၂၀၁၆ မှ ၁၂-၈-၂၀၁၆ အထိအနီး(သို့) အဝေး မှန်အခမဲ့
(S/V Normal Lenses Free)

ရဲမျက်မှန်၊ ၂၂၈/သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပ၊ (၆.ကွေ့အနီး) ဖုန်း၊ ၀၉-၉၆၅ ၁၄၁ ၁၈၉
ဘာပဲပြောပြော စိတ်ချရအောင် ရဲမျက်မှန်တွင် လုပ်သည်။

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ ဘွဲ့ကြို၊ ဘွဲ့ရနှင့် ရုံးဝန်ထမ်းများအတွက်




▲Communicative English
▲General English ▲FCE
Enroll Now for August Intake!

| မြေနီကုန်း | တာမွေ | အင်းစိန် | မရမ်းကုန်း |
|---|---|---|---|
| 01-537895, 09262963776 | 01-549590, 09254148006 | 09259822226/ 7 | 01-663960, 09259822220 |

## ATH
Engineering Group
AIR-CON SERVICES

# IELTS
09-5136158
09-965136158
**ဆရာသန်းနိုင်** Dip in English (YUFL)
SECURE A PASSPORT TO A BRIGHTER FUTURE BY LEARNING WITH SAYA AND SHARPEN YOUR 4 SKILLS WITH IELTS
ပညာဒါနတန်းခွဲများရှိသည်။
Foundation (3 Month)
အိမ်လိုက်သင်သည်။




မြန်မာတနိုင်ငံလုံး ဆိုင်ခွဲပေါင်း(၁၁)ခုတွင် ရွေးချယ်ဝယ်ယူနိုင်ပါသည်
HOTLINE: 09 79 700 70 70
09 79 700 70 80

## ကားရောင်းမည် (ပိုင်ရှင်ကိုယ်တိုင်)

| | |
|---|---|
| - RVR/ပြုပြင်ကျ | 300-350 သိန်း |
| - KLUGER / 2004 | 280-320 သိန်း |
| - CRV (2006)/RAV-4/ဂျပန် | 350-240 သိန်း |
| - ALPHARD/NOAH/ဂျပန် နှင့် | 290-210 သိန်း |
| - MARK II/ | 215-235 သိန်း |
| - ALLION / AXIO/ | 200/260 သိန်း |
| - VOLKSWAGEN GOLF | 150-155 သိန်း |
| - BELTA / CIVIC/RACTIS | 135-165 သိန်း |
| - FIT/SHUTTLE/INSIGHT/ | 130-175 သိန်း |
| - SWIFT/COLT/COLT-PLUS | 100-140 သိန်း |
| - FIELDER | 210 သိန်း |

ကားဝယ်သည်/အလဲအထပ်ရသည်။
Ph: 09-5108316, 09-97-5108316

## လူပျောက်ကြော်ငြာ



ဓာတ်ပုံရှင် စိတ်ဝေဒနာရှင် ကျော်စွာလင်း(ခ)ဇေနော်(ဘ)ဦးချိုပါ(ခ) ဦးချိုရွှေသည် ၁-၈-၂၀၁၆ ရက်၊ မွန်းလွဲ ၂ နာရီတွင် နေအိမ်မှ အပြင်သို့ ထွက်ခွာသွားရာ ယနေ့အထိ နေအိမ်သို့ ပြန်မရောက်ပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အရပ် ၆ပေ
အသက် ၃၂နှစ်
အသားလတ်
ပါဝါထူရွှေရောင်မျက်မှန်တပ်
နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးလည်းရှိပါသည်။
အင်္ကျီအဖြူရောင်လက်ရှည်၊ ပလေကပ်လုံချည် ကြံရည်ရောင်ဝတ်ထားပါသည်။
စိတ်ဝေဒနာရှင်ဖြစ်ပါသည်။

**ဆက်သွယ်ရန်**
ဖုန်း-၀၁-၂၃၁၆၅၅၄၊ ၀၉-၄၂၀၁၃၈၇၉၆၊ ၀၉-၇၉၉၆၃၅၈၅၁၊ ၀၉-၃၂၀၂၈၅၉၆

Mega Ace Cineplex , JCGV နှင့် အခြားသောရုပ်ရှင်ရုံများတွင် (5.8.2016) မှစတင် ပြသတော့မည်ဖြစ်ပါသည်။




ဗ လ ငါး တန် ဖွံ့ ဖြိုး ဖို့ စာ အုပ် စာ ပေ လေ့ လာ စို့

# ၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲ ရီယိုဒီဂျနေးရိုးမြို့ရှိ မာရာကာနာအားကစားကွင်း၌ ခမ်းနားစွာဖွင့်လှစ်



၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ရှုမငြီးတွေ့မြင်ရသည့် မီးရှူးအလှကို တွေ့ရစဉ်။

**ရီယိုဒီဂျနေးရိုး ဩဂုတ် ၆**

၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲဖွင့်ပွဲကို ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ရှိ မာရာကာနာအားကစားကွင်း၌ ဩဂုတ် ၅ ရက် ညပိုင်းက မီးရှူးမီးပန်းများပစ်ဖောက်ကာ ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါအိုလံပစ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဘရာဇီးနိုင်ငံ၏ သမိုင်း၊ ယဉ်ကျေးမှုနှင့် သဘာဝအလှတရားများဖြင့် ပုံဖော်ခဲ့ပြီး ဖွင့်ပွဲကျင်းပသည့်ကွင်းအတွင်းသို့လာရောက်ကြည့်ရှုအားပေးသူ ၇၈၀၀၀ ခန့်ရှိခဲ့ကာ ကမ္ဘာတစ်ဝန်းမှ ပရိသတ်ပေါင်း သုံးဘီလီယံခန့်ကလည်း ရုပ်မြင်သံကြားမှ ကြည့်ရှုအားပေးခဲ့သည်ဟု မျှော်လင့်ရကြောင်း ဒေးလီးမေးလ်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲဖွင့်ပွဲတွင် ဘရာဇီးနိုင်ငံသည် စီးပွားရေးကျပ်တည်းမှုများကြောင့် ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲဖွင့်ပွဲတွင် သုံးစွဲခဲ့သည့် ပေါင်သန်း ၃၀ ထက်လျော့နည်းကာ ပေါင် ၂၇ သန်းသာ သုံးစွဲခဲ့ကြောင်းလည်း သိရသည်။

၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် ဂရမ်မီဆုရှင်များဖြစ်ကြသည့် ဗီလိုဆိုနှင့် ဂီလ်ဘာတိုဂီးလ်တို့အပါအဝင် ဂီတပညာရှင် ၅၀၀ နှင့် ပရော်ဖက်ရှင်နယ်အကပညာရှင် ၂၀၀ တို့က သီဆိုဖျော်ဖြေခဲ့ကြခြင်းဖြစ်သည်။ ဩဂုတ် ၅ ရက်မှ ၂၁ ရက်အထိ ဘရာဇီးနိုင်ငံ၏ မြို့ခြောက်မြို့၌ ကျင်းပမည့် ၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၂၀၇ နိုင်ငံမှ ကစားသမားများက အားကစားနည်း ၂၈ မျိုးတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါ ၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ သေနတ်ပစ်၊ မြားပစ်၊ ဂျူဒို၊ ရေကူးနှင့် ပြေးခုန်ပစ်ကစားနည်းများတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ်

## မကွေးအသင်း ရတနာပုံကို အနိုင်ယူပြီး ရခိုင်နှင့် ချင်းယူနိုက်တက် သရေကျ



မကွေးနှင့် ရတနာပုံအသင်း ယှဉ်ပြိုင်နေစဉ်။

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၀)ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ မကွေးအသင်း နိုင်ပွဲရရှိခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ -ရှိုင်းထက်ဇော်

**(သုဝဏ္ဏကွင်း)**

**မကွေး-တစ်ဂိုး၊ ရတနာပုံ-ဂိုးမရှိ**

အမှတ်ပေးချန်ပီယံဆုကို စောစီးစွာရထားသည့် ရတနာပုံအသင်းသည် ရန်ကုန်နှင့်ကစားရမည့် ရှုံးထွက်ဆီမီးဖိုင်နယ်အတွက် အာရုံစိုက်နေပြီး အမာခံကစားသမားအချို့ အနားပေးထားသောကြောင့် ဒုတိယနေရာအတွက် အားကုန်ထုတ်နေသည့် မကွေးအသင်းကို အရှုံးပေးခဲ့ရသည်။ မကွေးအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ဒုတိယနေရာရယူနိုင်ရန် မျှော်လင့်ချက်ပိုကောင်းသွားခဲ့သည်။

မကွေးအသင်းသည် ဒုတိယနေရာအတွက် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ရတနာပုံအသင်းမှာ ဗုဒ္ဓဟူးနေ့တွင် ရှုံးထွက်ဆီမီး(ဒု-ကျော့) ကစားရန်ရှိသောကြောင့် အမာခံကစားသမားအချို့ကို အနားပေးထားခဲ့သည်။ ရတနာပုံအသင်းသည် ချန်ပီယံဖြစ်ပြီးသောကြောင့် ပုံမှန်သာကစားသွားပြီး မကွေးအသင်းက တိုက်စစ်အသားပေးကစားခဲ့သည်။ မိနစ် ၃၀ တွင် မကွေးအသင်း ဂိုးရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် သန်းဇော်ဟိန်းက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ရတနာပုံအသင်းက ချေပဂိုးရရှိရန် ဝင်နိုင်စိုး၊ လှိုင်းဘိုဘိုတို့ကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ မကွေးအသင်းသည် ပထမပိုင်းတွင်

**စာမျက်နှာ ၃ ကော်လံ ၄ သို့**

